နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာ)
[illegible]

# မျက်မှောက်ခေတ် မြန်မာနိုင်ငံရှိ ပြည်သူလူထု၏ လူနေမှုဘဝပြောင်းလဲမှု အခြေအနေစစ်တမ်း(၂၀၀၈–၂၀၁၈)

ထုတ်ဝေသည့်ခုနှစ် [illegible]

# မျက်မှောက်ခေတ်မြန်မာနိုင်ငံရှိ ပြည်သူလူထု၏ လူနေမှုဘဝပြောင်းလဲမှု အခြေအနေစစ်တမ်း(၂၀၀၈-၂၀၁၈)

သန္ဓိအုပ်ချုပ်စီမံမှုအဖွဲ့
တိုက်အမှတ် (၁၈၆)၊ အခန်း (၆၀၂)၊
နဝရတ်စင်တာကွန်ဒို၊ အမှတ် (၁) ရပ်ကွက်၊
ဗိုလ်တစ်ထောင်ဘုရားလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀၇၄၂၁၉။

နိုင်ငံရေးခေါင်းဆောင်မှုသင်တန်းအပတ်စဉ် ၄

**မျက်မှောက်ခေတ်မြန်မာနိုင်ငံရှိ ပြည်သူလူထု၏
လူနေမှုဘဝပြောင်းလဲမှု အခြေအနေစစ်တမ်း(၂၀၀၈–၂၀၁၈)**

| | | |
|---|---|---|
| သုတေသနစာတမ်း အယ်ဒီတာအဖွဲ့ | အဖုံးနှင့် အတွင်းဒီဇိုင်း | ထုတ်ဝေသည့်ကာလ |
| ထင်ကျော်အေး၊ လှမျိုးကျော် | မြတ်မင်းခန့် | စက်တင်ဘာလ၊ ၂၀၁၈ |
| | Green Gate Innovation & Design | |

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | သုတေသနပြုလုပ်ခဲ့သူများ | | ၄ |
| ၂။ | အမှာစာ | | ၈ |
| ၃။ | သုတေသနစာတမ်း အကျဉ်းချုပ် | | ၉ |
| ၄။ | အခန်း - ၁ (သုတေသန မိတ်ဆက်) | | ၁၃ |
| | ၁.၁ ။ | ။ မိတ်ဆက် | ၁၃ |
| | ၁.၂ ။ | ။ သုတေသနပြုလုပ်ရသည့် ရည်ရွယ်ချက် | ၁၄ |
| | ၁.၃ ။ | ။ အသုံးပြုခဲ့သည့် သုတေသနနည်းလမ်းများ | ၁၄ |
| | ၁.၄ ။ | ။ မေးမြန်းခဲ့သူများနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ မေးမြန်းခဲ့သည့် ဒေသများ | ၁၆ |
| ၅။ | အခန်း - ၂ - နိုင်ငံရေးနှင့် လူမှုရေးအပြောင်းအလဲများ (၂၀၀၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း) | | ၂၂ |
| | ၂.၁ ။ | ။ ၁၀ နှစ်တာကာလ အပြောင်းအလဲများ | ၂၂ |
| | ၂.၂ ။ | ။ နိုင်ငံရေးအပြောင်းအလဲများ | ၂၆ |
| | ၂.၃ ။ | ။ လူမှုရေးအပြောင်းအလဲများ | ၃၆ |
| ၆။ | အခန်း -၃ (ပညာရေး) | | ၄၅ |
| ၇။ | အခန်း-၄ (အလုပ်အကိုင်၊ အခွင့်အလမ်းများနှင့် စီးပွားရေးအခြေအနေများ) | | ၅၅ |
| ၈။ | အခန်း-၅ (အစားအစာဖူလုံမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု) | | ၇၁ |
| ၉။ | အခန်း-၆ (ကောက်နှုတ်တင်ပြချက်များနှင့် သုံးသပ်အကြံပြုချက်များ) | | ၈၁ |
| ၁၀။ | နောက်ဆက်တွဲ | | ၁၀၁ |

# သုတေသန ပြုစုခဲ့သူများ



ခွန်ကျော်ခေါင်
ပအိုဝ်းလူငယ်ကွန်ယက်
တောင်ကြီးမြို့
ရှမ်းပြည်နယ် (တောင်ပိုင်း)



ဝင်းမင်းသန်း
ပါရမီရှင်နာရေးကူညီမှုအသင်း
ဂန့်ဂေါ
မကွေးတိုင်းဒေသကြီး



စိုးပိုင်
တအောင်း(ပလောင်)အမျိုးသားပါတီ
နမ့်ဆန်
ရှမ်းပြည်နယ် (မြောက်ပိုင်း)



နန်းမေမြတ်စိုး
တိုင်းလိုင်(ရှမ်းနီ)
အမျိုးသားတိုးတက်ရေးပါတီ
ဟုမ္မလင်း
စစ်ကိုင်းတိုင်းဒေသကြီး



လဲ့လဲ့နိုင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရွှေကူ
ကချင်ပြည်နယ်



ဇေယျာလင်းထွန်း
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
မော်လမြိုင်ကျွန်း
ဧရာဝတီတိုင်းဒေသကြီး



နေဇာလွင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ကျောင်းကုန်း
ဧရာဝတီတိုင်းဒေသကြီး

# သုတေသန ပြုစုခဲ့သူများ



မင်းထွန်းဦး
မွန်အမျိုးသားပါတီ
မုဒုံ
မွန်ပြည်နယ်



နင်းနနချို
Save the Library
တာမွေ
ရန်ကုန်တိုင်းဒေသကြီး



ခိုင်ခိုင်ဆွေမြင့်
Women Federation for Peace
မရမ်းကုန်း
ရန်ကုန်တိုင်းဒေသကြီး



မူမာဂရက်
ကယန်းအမျိုးသားပါတီ
လွိုင်ကော်
ကယားပြည်နယ်



သန်းဇော်
အမျိုးသမီးအခွင့်အရေးလှုပ်ရှားသူများ
ဒဂုံမြို့သစ်တောင်ပိုင်း
ရန်ကုန်တိုင်းဒေသကြီး



ဇင်ဇင်ထွန်း
မျက်ဝန်းသစ်လူမှုအဖွဲ့အစည်း
မိုးညို
ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)



ခွန်းစိန်လှ
အလင်းသစ်လူမှုဖွံ့ဖြိုးရေးအဖွဲ့
လွိုင်ကော်
ကယားပြည်နယ်

# သုတေသန ပြုစုခဲ့သူများ



မြတ်လင်းအောင်
ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ
ပဲခူး
ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)



ခင်နှင်းထက်
၈၈ နိုင်ငံရေးပါတီ
ဖြစ်မြောက်ရေးကော်မတီ
သရက်
မကွေးတိုင်းဒေသကြီး



ဝင်းသီတာခိုင်
Early Child Care Development (ECCD)
ပွင့်ဖြူ
မကွေးတိုင်းဒေသကြီး



စိုးသန်း
၈၈ (မျိုးဆက်)
ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း
ကျောင်းကုန်း
ဧရာဝတီတိုင်းဒေသကြီး



ခွန်ရဲအောင်
ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်
ပင်လောင်း
ရှမ်းပြည်နယ် (တောင်ပိုင်း)



ချိုချိုဝင်း
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
လေးမျက်နှာ
ဧရာဝတီတိုင်းဒေသကြီး



မျိုးသီရိကျော်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ကျောင်းကုန်း
ဧရာဝတီတိုင်းဒေသကြီး

# သုတေသန ပြုစုခဲ့သူများ



သစ်သစ်ထွန်း
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဝါးခယ်မ
ဧရာဝတီတိုင်းဒေသကြီး



ခင့်ကိုကို
၈၈ (မျိုးဆက်)
ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း
သုံးခွ
ရန်ကုန်တိုင်းဒေသကြီး



မာလာစိုး
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဖြူး
ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)



ဟိန်းထက်အောင်
ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ
သဃ်န်းကျွန်း
ရန်ကုန်တိုင်းဒေသကြီး

# အမှာစာ

သန္တိအုပ်ချုပ်စီမံမှုအဖွဲ့အနေဖြင့် ကောင်းမွန်သည့်ပြည်သူ့ရေးရာမူဝါဒများဆိုသည်မှာ အချက်အလက်ပေါ်တွင် အခြေခံ၍ ရေးဆွဲချမှတ်ထားသည့် မူဝါဒများကိုဆိုလိုသည်ဟု ခံယူထားသည့်အတွက် စနစ်တကျလေ့လာဆန်းစစ်သုံးသပ်ထားသည့် သုတေသန လုပ်ငန်းများ၊ ယင်းတို့အပေါ်အခြေခံရေးသားထားသည့် မူဝါဒစာတမ်းများပေါ်ထွန်းရေးကို အဓိကလုပ်ငန်းတစ်ခုအဖြစ် ဦးတည် လုပ်ဆောင်လျက်ရှိပါသည်။ ဤနိုင်ငံရေးခေါင်းဆောင်မှုသင်တန်း၌လည်း လူမှုသုတေသနဘာသာရပ်အား သင်တန်း၏ အဓိက အစိတ်အပိုင်းတစ်ခုအဖြစ် သင်ကြားပို့ချလျက်ရှိပါသည်။ သင်တန်းသား/သူများသည် လူမှုသုတေသန ဘာသာရပ်တွင် စာတွေ့လက်တွေ့ နှစ်မျိုးလုံး လုပ်ဆောင်ရပြီး ဤသုတေသနစာတမ်းသည် ယင်းတို့၏ လက်တွေ့လုပ်ဆောင်မှုမှ ပေါ်ထွက်လာသည့်အကျိုးရလာဒ်တစ်ခု ဖြစ်ပါသည်။

သုတေသန စာတမ်းတစ်စောင်အတွက် အချက်အလက်ကောက်ခံခြင်း၊ ရေးသားခြင်းမှာ လွယ်ကူသည့်လုပ်ငန်းစဉ်တစ်ခု မဟုတ်ပါ။ ကြိုးစားအားထုတ်မှုများစွာပြုလုပ်ရပါသည်။ ထို့အတွက်လည်း သင်တန်းသား/သူများအားလုံးကို ဝမ်းမြောက်ဂုဏ်ယူ ကြောင်း သန္တိအုပ်ချုပ်စီမံမှုအဖွဲ့ကိုယ်စားပြောကြားလိုပါသည်။ ဤသုတေသနစာတမ်းသည် နိုင်ငံ၏ လက်ရှိလူမှုစီးပွားဘဝ အခြေအနေ ကို တစ်စုံတစ်ရာသော အတိုင်းအတာထိ မီးမောင်းထိုးပြနိုင်ခဲ့သည်ဟုလည်းယုံကြည်၍ နိုင်ငံအတွက် အကျိုးရှိမည့် ပြည်သူ့ရေးရာ မူဝါဒများချမှတ်ခြင်းကို တစ်ထောင့်တစ်နေရာမှ အကျိုးဖြစ်ထွန်းနိုင်လိမ့်မည်ဟုလည်း မျှော်လင့်မိပါသည်။

နိဂုံးချုပ်အနေဖြင့် ဤနိုင်ငံရေးခေါင်းဆောင်မှုသင်တန်း အပတ်စဉ်(၄)တွင် တက်ရောက်ခဲ့သည့် သင်တန်းသား/သူများ အနေဖြင့် နောင်တစ်ချိန် ပြည်သူ့ရေးရာမူဝါဒများ ချမှတ်အကောင်အထည်ဖော်ရမည့်သူများဖြစ်လာခဲ့လျှင် ဤသင်တန်း၏ လူမှု သုတေသနဘာသာရပ်နှင့် လက်တွေ့လုပ်ဆောင်ခြင်းမှပေါ်ထွက်လာသည့် သုတေသနအတွေ့အကြုံများ၊ သုတေသနစာတမ်း ရေးသားခြင်းအတတ်ပညာတို့သည် များစွာအထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။ သင်တန်းသား/သူများသည်လည်း သုတေသနကိုအသုံးချ၍ နိုင်ငံအတွက် အကျိုးရှိမည့်မူဝါဒများပေါ်ထွန်းရေးကို ကျရာနေရာမှ စွမ်းစွမ်းတမံဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

# သုတေသနစာတမ်း အကျဉ်းချုပ်

သန္ဓိအုပ်ချုပ်စီမံမှုသင်တန်း နိုင်ငံရေးခေါင်းဆောင်မှု သင်တန်း အပတ်စဉ် (၄) ကို ၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းတွင် ဖွင့်လှစ်ခဲ့ပါသည်။ နိုင်ငံရေးခေါင်းဆောင်များအနေဖြင့်သော်လည်းကောင်း၊ နိုင်ငံရေးခေါင်းဆောင်များနှင့် ဆက်စပ်လုပ်ဆောင်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင်လည်းကောင်း ပြည်သူလူထုများ၏အသံ နားထောင်၍ မူဝါဒချမှတ်တတ်ရန်မှာ များစွာအရေးပါပါသည်။ ယင်းအတွက် သတင်းအချက်အလက်များကို အခြေခံ၍ မူဝါဒချမှတ်မှုနှင့် မူဝါဒဆိုင်ရာ တိုက်တွန်းအကြံပေးမှု (evidence based policy making and policy advocacy) ဘာသာရပ်ကို သင်တန်းတွင်ထည့်သွင်းပို့ချပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်သင်တန်းအပတ်စဉ်-၄ တွင် သုတေသနပြုလုပ်မည့်ခေါင်းစဉ်များကို သင်တန်းသားများအားလုံးနှင့် ဝိုင်းဝန်းဆွေးနွေးစဉ်းစားကြရာတွင် မျက်မှောက်ခေတ်မြန်မာနိုင်ငံရှိ ပြည်သူလူထု၏ လူနေမှုဘဝပြောင်းလဲမှု အခြေအနေစစ်တမ်း(၂၀၀၈-၂၀၁၈) ဟူသည့် ခေါင်းစဉ်အား စဉ်းစားခဲ့ကြပါသည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ခံခဲ့ရပြီးနောက် မြန်မာနိုင်ငံတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများစွာ စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့်သမိုင်းအစ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည့်ကာလမှ ၁၀ နှစ်ပြည့်မြောက်သည့် ၂၀၁၈ ခုနှစ်အတွင်း ရပ်ရွာလူမှုအဖွဲ့အစည်းများတွင် တွေ့ရှိရသည့် အဓိကအပြောင်းအလဲများ၊ အထူးသဖြင့် အုပ်ချုပ်ရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေးနှင့် ယနေ့မျက်မှောက်ခေတ်တွင် လူပြောများလာသည့် စိုက်ပျိုးရေးနှင့် အစားအစာများ၏ ဘေးဥပါဒ်ကင်းမှု အခြေအနေများကို လက်တွေ့သုတေသနပြုလုပ်ခဲ့ကြသည်။ သုတေသနပြုလုပ်ရာတွင် အရေအတွက်ကိုအခြေခံသည့် သုတေသနစစ်တမ်းနှင့် အရည်အသွေးကို အခြေခံသည့် တွေ့ဆုံမေးမြန်းမှတ်တမ်းယူခြင်းနှင့် Participatory Learning and Action (PLA) (ရပ်ရွာပြည်သူလူထုနှင့်အတူ) ပူးပေါင်း၍ လေ့လာသင်ယူလုပ်ဆောင်ခြင်း၊ သုတေသနပုံစံပါ နယ်မြေအခြေအနေများ လေ့လာခြင်း နည်းလမ်းတို့ကိုပါ အသုံးပြုခဲ့ပါသည်။

သင်တန်းသူ၊ သင်တန်းသားများသည် မိမိတို့လာရောက်ကြသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ၉ ခုအတွင်း ခရိုင် ၂၁ ခရိုင်မှ မြို့နယ် ၂၇ မြို့နယ်ရှိ လူဦးရေ ၆၅၈ ဦးကို စစ်တမ်းကောက်ယူခဲ့ပြီး ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီအကြီးအကဲများ၊ အစိုးရဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ ရေလုပ်သား၊

လက်လုပ်လက်စားသမား၊ ဈေးသည်များ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ဘာသာရေးခေါင်းဆောင်များ စုစုပေါင်း ၂၁၈ ဦးကို အုပ်စုဖွဲ့မေးမြန်းခြင်း၊ တစ်ဦးချင်းတွေ့ဆုံမေးမြန်းခြင်းများပြုလုပ်ခဲ့ပါသည်။ အဓိကသိသာထင်ရှားသည့် အပြောင်းအလဲများတွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာခြင်း၊ နည်းပညာသုံးစွဲမှု၊ ပညာရေးနှင့် နိုင်ငံရေးအပြောင်းအလဲဟု ဖြေဆိုကြသည်။

နိုင်ငံ၏အပြောင်းအလဲများက ရပ်ကွက်/ကျေးရွာအဆင့်ထိ သက်ရောက်မှုရှိ၊ မရှိဆိုသည့်မေးခွန်းကို မေးမြန်းခဲ့ရာတွင် ဖြေဆိုသူ အများစုက သက်ရောက်မှုရှိပါသည်ဟု ဖြေဆိုကြသော်လည်း ကချင်ပြည်နယ်မှ ဖြေကြားသူများ၏ ၁၅ ရာခိုင်နှုန်းခန့်နှင့် ရှမ်းပြည်နယ်မှ ၂၀ ရာခိုင်နှုန်းကျော်ခန့်ကမူ သက်ရောက်မှုမရှိလုဟု ထင်မြင်ကြသည်။ ဌေ့စာရင်းတိုင်ရန် မလိုအပ်ခြင်းကို ကောင်းသည့်ပြောင်းလဲမှုဟု ထင်ပါသလားဟူသည့် မေးခွန်းကို ဖြေကြားရာတွင် ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးများမှ ဖြေဆိုသူအများစုက ကောင်းသည့်ပြောင်းလဲမှုဟု ဖြေဆိုကြသော်လည်း ဧည့်စာရင်းတိုင်ရန်မလိုအပ်ခြင်းကို ကောင်းသည်ဟု ထင်မြင်သူဦးရေမှာ စုစုပေါင်းဖြေဆိုသူဦးရေ၏ ထက်ဝက်ခန့်မျှပင်မရှိကြောင်း တွေ့ရသည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကို ရွေးချယ်ပိုင်ခွင့် ရှိ၊ မရှိကို မေးမြန်းခဲ့ရာတွင် ရွေးကောက်တင်မြှောက်ခွင့်ရရှိသည်ဟု ဖြေဆိုသူရာခိုင်နှုန်းမှာ ၉၀ ရာခိုင်နှုန်းရှိခဲ့သည်။ ရာဇဝတ်မှုဖြစ်ပွားမှုအခြေအနေ၊ မူဝါဒအပြောင်းအလဲများ၊ ဒေသတွင်း သိသာထင်ရှားသော အပြောင်းအလဲများကို ဆက်လက်မေးမြန်းခဲ့သည်။

ပညာရေးပိုင်းဆိုင်ရာအပြောင်းအလဲများကို သတိထားမိသူဦးရေမှာ သိသာထင်ရှားစွာ များပြားပါသည်။ ပညာသင်ကြားနိုင်သည့် အခွင့်အရေး ပိုမိုများပြားလာသည်ဟု ထင်ပါသလားဟူသည့် မေးခွန်းကို ၈၇ ရာခိုင်နှုန်းက ထင်ပါသည်ဟု ဖြေဆိုကြသည်။ ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများ၊ ကျောင်းသား/ကျောင်းသူများ၏ ပညာရေးအပေါ် စိတ်ဝင်စားမှု၊ ပညာရေးအရည်အသွေးတို့နှင့် ပတ်သက်သည့် မေးခွန်းများကိုလည်း မေးမြန်းခဲ့သည်။ နေရာ၊ ဒေသ၊ ဆရာ/ဆရာမများ၏ အရေအတွက်၊ အရည်အချင်း၊ ပညာရေးမူဝါဒ၊ သင်ထောက်ကူပစ္စည်းများအပေါ် ဝေဖန်ထောက်ပြမှုများလည်း ရှိခဲ့သည်။ တိုင်းရင်းသားဒေသများတွင် တိုင်းရင်းသားဘာသာစကားကို ထည့်သွင်းသင်ကြားသည့် ကျောင်းများလည်းရှိလာသည်ဟု ဖြေဆိုခြင်းများလည်းရှိသည်။ ပညာရေးတွင် အတန်းတင်ပေးခြင်းနှင့် ကုစားစနစ်ကို မကြိုက်နှစ်သက်ဟု ဖြေဆိုကြသည်။ ကျူရှင်ကိုအားကိုးနေရသည့်စနစ်လည်း မပျောက်သေးကြောင်းကို ဖြေကြားကြသည်။ ပညာရေးစနစ်နှင့်ဆက်စပ်ပြီး ဘွဲ့ရပညာတတ်များအနေဖြင့် သင်ကြားထားသည့် ပညာများကို ပြန်လည်အသုံးချခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှိ၊မရှိကိုလည်းမေးမြန်းခဲ့ရာ မေးမြန်းခဲ့သည့် ဒေသများတွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ ဖြေဆိုသူများ၏ ၅၀ ရာခိုင်နှုန်းကျော်မှအပ သုတေသနလုပ်ခဲ့သော ကျန်ဒေသအားလုံးက အခွင့်အလမ်းမရှိပါဟု ဖြေဆိုခဲ့သည်မှာ ၅၀ ရာခိုင်နှုန်းအောက် ရှိသည်။

၁၀ နှစ်တာကာလအတွင်း စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းအခြေအနေများ သိသိသာသာပြောင်းလဲလာပါသလားဟု မေးမြန်းခဲ့ရာတွင် ဖြေကြားသူဦးရေ၏ ၄၅ ရာခိုင်နှုန်းက မပြောင်းလဲပါဟုဖြေကြားပြီး ၄၃ ရာခိုင်နှုန်းက ပြောင်းလဲပါသည်ဟု ဖြေကြားခဲ့သည်။ ဝင်ငွေနှင့်ထွက်ငွေမျှတမှုရှိမှု အခြေအနေကို မေးမြန်းရာတွင် ဖြေဆိုသူစုစုပေါင်း၏ ၇၇ ရာခိုင်နှုန်းက ဝင်ငွေထွက်ငွေမျှတမှုရှိသည်ကို မထင်ပါဟု ဖြေဆိုခဲ့ကြသည်။ အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် စီးပွားရေးအခြေအနေ အပြောင်းအလဲများကို ဆက်လက်မေးမြန်းရာတွင် ယေဘုယျအားဖြင့် နေရာအတော်များများတွင် နေရပ်ဒေသကို စွန့်ခွာ၍ ရွှေ့ပြောင်း အလုပ်လုပ်ကိုင်ကြသည့်သူများ အများအပြားရှိနေသည်ကို သုတေသနတွင် ပါဝင်သူများ၏ ဖြေကြားချက်များအရ သိရှိရပါသည်။ ရွှေ့ပြောင်းအလုပ်သမားများ၏ အိမ်သို့ပြန်ပို့သည့်ငွေကြေးအပေါ် အခြေခံ၍ စီးပွားရေးအဆင်ပြေသည်ဟု ဖြေကြားကြသူဦးရေမှာလည်း များပြားပါသည်။ ထိုသို့ရွှေ့ပြောင်းလုပ်ကိုင်ကြရခြင်းမှာ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးခြင်းနှင့် တောင်သူလယ်သမားများအနေဖြင့်လည်း သွင်းအားစုအတွက် ကုန်ကျငွေများပြားပြီး သီးနှံဈေးနှုန်း မတည်ငြိမ်မှုကြောင့်ဖြစ်သည်ဟု ဆိုကြပါသည်။ စီးပွားရေးနှင့်ဆက်စပ်၍ ငွေစု/ငွေချေးအဖွဲ့များ များပြားလာခြင်းကြောင့် လူများတွင် ကြွေးမြီပြဿနာများ ရှိလာသည်ဟု ထင်ပါသလားဟူသော မေးခွန်းများကိုလည်း ဆက်၍မေးမြန်းခဲ့ပါသည်။

နေ့စဉ်စားသုံးနေသည့် အစားအစာများသည် ကျန်းမာရေးအရ လုံခြုံစိတ်ချမှု ရှိသည်ဟု ထင်ပါသလားဆိုသည့် မေးခွန်းကို မေးမြန်းရာတွင် ဖြေဆိုသူစုစုပေါင်း၏ ၆၄ရာခိုင်နှုန်းက စားသောက်နေသည့်အစားအစာများကို ကျန်းမာရေးအရ လုံခြုံ မှုရှိသည် မထင်ပါဟု ဖြေဆိုခဲ့ကြသည်။ စားနပ်ရိက္ခာဖူလုံမှုနှင့်ပတ်သက်၍အခြေအနေကို မေးမြန်းရာတွင် ကချင်၊ မကွေး၊ ရှမ်းနှင့် ရန်ကုန်မှအပ ဖြေဆိုသူဦးရေ၏ အများစုက ဖူလုံမှုရှိသည်ဟု ထင်ပါသည်ဟု ဖြေဆိုကြပါသည်။

၂၀၀၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး အခြေအနေများ တိုးတက်ပြောင်းလဲမှုများကို ပြည်သူလူထုအများစုက လက်ခံကြိုဆိုကြသည်။ သို့သော် တရားဥပဒေစိုးမိုးမှု အားနည်းနေသေးခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခများ၊ ဒေသတွင်းပဋိပက္ခများကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုအပေါ် စိုးရိမ်ပူပန်နေသေးသည့်အတွက် ဧည့်စာရင်းတိုင်ရန် မလိုအပ်တော့ခြင်းကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုခြင်းမရှိကြသေးချေ။ ပညာရေး၊ ကျန်းမာရေး ပံ့ပိုးမှုအခြေအနေများ ယခင်ထက် ကောင်းမွန်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာခြင်းတို့ကိုလည်း ၁၀ နှစ်တာကာလအတွင်း အဓိကအပြောင်းအလဲများအဖြစ် အသိအမှတ်ပြုကြပြီး၊ မိုဘိုင်းဖုန်းများကိုကျယ်ပြန့်စွာသုံးစွဲခြင်းများရှိလာ၍ ဆိုရှယ်မီဒီယာများလည်း အသုံးပြုလာကြပါသည်။

တိုင်းရင်းသားဒေသများတွင် တိုင်းရင်းသားဘာသာစကားသင်ကြားမှုကို စတင်လာခြင်းကိုလည်း ကြိုဆိုလက်ခံကြသည်ကို တွေ့ရှိရပါသည်။ ကျန်းမာရေးအသုံးစရိတ် ယခင်ထက်ပိုမိုမြင့်မားလာပြီး ဆေးရုံ၊ ဆေးခန်းများ ပို၍ဆောက်လုပ်လာခြင်း၊ ကျန်းမာရေးဝန်ထမ်း ပိုမိုခန့်ထားလာခြင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများ၊ ပညာပေးလုပ်ငန်းများကို လုပ်ကိုင်လာခြင်းတို့ကြောင့် ယခင်ကထက် ကျန်းမာရေးစနစ်ကောင်းမွန်လာခဲ့ခြင်းကိုလည်း တွေ့ရပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည့်အတွက် ကုန်စည်စီးဆင်းမှု အားကောင်းလာသော်လည်း သီးနှံဈေးကွက် တည်ငြိမ်မှုရှိစေရန်အတွက်မူ လိုအပ်နေသေးကြောင်းတွေ့ရသည်။

ဤသုတေသနမှတ်တမ်းအစီရင်ခံစာသည် နိုင်ငံရေးခေါင်းဆောင်မှု သင်တန်းသားများက မိမိတို့နေထိုင်သည့် ရပ်ရွာဒေသများတွင် သိသာထင်ရှားသည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အပြောင်းအလဲများကို လက်တွေ့သုတေသနပြု ကွင်းဆင်းမှတ်တမ်းတင် ကောက်ယူရရှိသည့်အချက်အလက်များကို စုစည်းတင်ပြထားခြင်းသာဖြစ်သော်လည်း နိုင်ငံ၏အပြောင်းအလဲများအတွက် မူဝါဒများ၊ ဆုံးဖြတ်ချက်များကို စဉ်းစားကြရာတွင်လည်းကောင်း၊ ဒေသအလိုက် လူမှုစီးပွားအခြေအနေများကို လေ့လာဆန်းစစ်ရာတွင်လည်းကောင်း အသုံးဝင်နိုင်မည့် မှတ်တမ်းတစ်ခုဖြစ်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

# အခန်း – ၁
# သုတေသန မိတ်ဆက်

**၁.၁။ ။မိတ်ဆက်**

Sandhi Governance Institute သည် ၂၀၁၄ ခုနစ်မှစတင်၍ Sandhi မှ ဖွင့်လှစ်ခဲ့သည့် အမျိုးသမီး ခေါင်းဆောင်မှုသင်တန်း၊ အုပ်ချုပ်စီမံမှုနှင့် ပြည်သူ့ရေးရာမူဝါဒသင်တန်းများတွင် တက်ရောက်ခဲ့သည့် သင်တန်းသူ/သင်တန်းသားများအတွက် အဆင့်မြင့်သင်တန်းတစ်ခုအဖြစ်ဖြင့်ရည်ရွယ်ပြီး နိုင်ငံရေးခေါင်းဆောင်မှုသင်တန်းကို ဖွင့်လှစ်ခဲ့ပါသည်။ နိုင်ငံရေးပါတီများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ အခြားသင်တန်းတက်ရောက်ပြီးသူများကိုလည်း သင်တန်းတွင်လက်ခံခဲ့ပါသည်။ နိုင်ငံရေးခေါင်းဆောင်မှုသင်တန်းသည် တစ်ကြိမ်လျှင် သင်တန်းကာလ – ၂ ပတ်တက်ရောက်ရပြီး သင်တန်းကာလစုစုပေါင်း ၈ ပတ်အတွက် ၄ ကြိမ် တက်ရောက်ရပါသည်။ ယခု ၂၀၁၈ ခုနစ်တွင် နိုင်ငံရေးခေါင်းဆောင်မှုသင်တန်းအပတ်စဉ် – ၄ သို့ရောက်ရှိလာပြီဖြစ်ပါသည်။ Sandhi Governance Institute သည် ပြည်သူလူထုများ၏ အသံကို နားထောင်ပြီး မူဝါဒချမှတ်တတ်သည့် နိုင်ငံရေးခေါင်းဆောင်များ ပေါ်ထွန်းလာစေရေးအတွက် အချက်အလက်များကိုအခြေခံ၍ မူဝါဒချမှတ်မှုနှင့်မူဝါဒဆိုင်ရာ တိုက်တွန်းအကြံပေးမှု (evidence based policy making and policy advocacy) ဘာသာရပ်ကို သင်ကြားပို့ချပေးခဲ့ပါသည်။ ယင်းဘာသာရပ်တွင် ရပ်ရွာဒေသအတွင်းရှိပြည်သူလူထုအများစု ရင်ဆိုင်နေရသည့် အကြောင်းအရာများကို ဖော်ထုတ်ခြင်း၊ ဦးစားပေးလုပ်ဆောင်ရမည့်လုပ်ငန်းများကို စဉ်းစားခြင်းမှစတင်ပြီး လူမှုသုတေသနပြုလုပ်နည်းဖြင့် လူထု၏အခြေအနေမှန်များကို နားလည်နိုင်အောင်လုပ်ဆောင်ခြင်း၊ လက်တွေ့ကွင်းဆင်းသုတေသနလုပ်ခြင်း၊ ရရှိလာသည့် အချက်အလက်များအပေါ်မူတည်၍ အစီရင်ခံစာရေးသားနည်းနှင့် မူဝါဒအပြောင်းအလဲများဖြစ်လာစေရန်အတွက် တိုက်တွန်းဆွေးနွေးခြင်း စသည့်သင်ခန်းစာများကို ပို့ချသင်ကြားပေးခဲ့ပါသည်။

၂၀၁၈ ခုနှစ်သင်တန်းအပတ်စဉ် - ၄ တွင် သုတေသနပြုလုပ်မည့် ခေါင်းစဉ်များကို သင်တန်းသူ/ သင်တန်းသားများ အားလုံးနှင့် ဝိုင်းဝန်းဆွေးနွေးစဉ်းစားကြရာတွင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သည့်အချိန်မှစတင်ပြီး ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် အပြောင်းအလဲများစွာဖြစ်ခဲ့သည့်အတွက် ယင်း ၁၀-နှစ်တာကာလအတွင်း မြန်မာ့လူနေမှုဘဝ အခြေအနေများ တွင် အဓိကတွေ့ရှိရသည့် အပြောင်းအလဲများကို သုတေသနပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ယင်းအပြောင်းအလဲများအတွင်းမှ အဓိကအရေးကြီးပြီး သိသာထင်ရှားသည့် အပြောင်းအလဲများကိုတွေ့ရသည်ဟုဆုံးဖြတ်ကြသည့် ပညာရေး၊ စီးပွားရေး အထူးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်သည့်အခြေအနေများ၊ နေ့စဉ်စားသောက်သည့် အစားအစာများဖူလုံမှုနှင့် ဘေး အန္တရာယ်ကင်းရှင်းမှုအခြေအနေများကို သေချာစွာနားလည် သဘောပေါက်နိုင်စေရန်အတွက် မိမိတို့နေထိုင်သည့် ရပ်ရွာဒေသ များတွင် ပြန်လည်စစ်တမ်းကောက်ယူ မေးမြန်းသုတေသနပြုလုပ်ခဲ့ကြပါသည်။

## ၁.၂။ ။ သုတေသနပြုလုပ်ရသည့်ရည်ရွယ်ချက်

- မြန်မာ့လူနေမှုဘဝ ပြောင်းလဲလာမှုအခြေအနေ (ဆယ်နှစ်တာကာလအတွင်း) ကို သေချာစွာ နားလည်သိရှိနိုင်စေရန်။
- မြန်မာနိုင်ငံ၏ လူနေမှုဘဝမြင့်မားတိုးတက်ရေးအတွက် အဓိကသော့ချက်ဖြစ်သည့် ပညာရေး၊ စီးပွားရေး (အထူးသဖြင့် အလုပ်အကိုင်အခွင့်အလမ်း)အခြေအနေနှင့် မေးမြန်းသည့်ဒေသများတွင် နေ့စဉ်စားသောက်သည့် အစားအစာများရရှိဖူလုံမှု နှင့် ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ၊မရှိကို နားလည်သဘောပေါက်ရန်။
- ရရှိလာသည့် သတင်းအချက်အလက်များပေါ်မူတည်၍ ၁၀-နှစ်တာကာလ အပြောင်းအလဲများကို မှတ်တမ်းတင်ထားရှိပြီး အထူးသဖြင့် ဦးစားပေးမေးမြန်းခဲ့သည့် ပညာရေး၊ စီးပွားရေး၊အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းမှုနှင့် လုံခြုံမှုအခြေ အနေတို့ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် လိုအပ်သည့်မူဝါဒ များ၊ဥပဒေ၊စည်းမျဉ်းစည်းကမ်းများချမှတ်ပေးနိုင်ရန်၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် လုပ်ဆောင်ပေးနိုင်မည့်ကိစ္စရပ်များကို အလေးထားလုပ်ဆောင်နိုင်ရန်နှင့် ပြည်သူလူထုအားလုံးအနေဖြင့်လည်း သိသင့်သိ ထိုက်သည်များနှင့် ပါဝင်လုပ်ဆောင်နိုင်သည့်ကိစ္စရပ်များကို တင်ပြအကြံပြုရန်ရည်ရွယ်ပါသည်။

## ၁.၃။ ။ အသုံးပြုခဲ့သည့် သုတေသနနည်းလမ်းများ

သုတေသနပြုလုပ်ရာတွင် စစ်တမ်းပုံစံ၊ တစ်ဦးချင်းမေးမြန်းချက်များနှင့် အုပ်စုဖွဲ့မေးမြန်းမှုများဖြင့် သုတေသနပြုလုပ် မေးမြန်းခဲ့ပါသည်။ ရပ်ရွာဒေသများမှ ဒေသခံပြည်သူလူထု၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ ရပ်မိရပ်ဖများ/ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ/ နိုင်ငံရေးပါတီအကြီးအကဲများ၊ ပညာရေးနှင့်ပတ်သက်၍ ဆရာ/ဆရာမများ၊ ပုဂ္ဂလိက ကျောင်းများ၊ ကျူရှင်ကျောင်းများနှင့် ကျောင်းသားမိဘများ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍ လူငယ်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ကုမ္ပဏီများ၊ ဘဏ်များ၊ ရပ်မိရပ်ဖများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ စားနပ်ရိက္ခာဖူလုံမှုနှင့် အစား အသောက်များ အန္တရာယ်ကင်းမှု တို့နှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ကိုင်သူများ - တောင်သူ/ လယ်သမားများ၊ ဒေသခံများ အတွင်းမှ အဓိကဖြေကြားနိုင်မည့်သူများ၊ အစားအစာပစ္စည်းများ ရောင်းချသူများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

| စဉ် | သုတေသနအမျိုးအစား | ဦးတည်မေးမြန်းသူများ | အရေအတွက် |
|---|---|---|---|
| ၁။ | စစ်တမ်းကောက်ယူခြင်း | ပြည်သူလူထု | ၆၅၈ ဦး |
| ၂။ | အကြောင်းအရာနှင့် ပတ်သက်၍ သိရှိသူများအား မေးမြန်းခြင်း (KII) | ရပ်မိရပ်ဖ၊ အုပ်ချုပ်ရေးမှူး၊ နိုင်ငံရေးပါတီ အကြီးအကဲများ၊ ကျောင်းဆရာ၊ ဆရာမများ၊ မိဘများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ အငြိမ်းစားများ၊ တောင်သူလယ်သမားများ၊ ဥယျာဉ်ခြံမြေ လုပ်ကိုင်နေသူများ၊ ကျောင်းသားလူငယ်များ၊ ပုဂ္ဂလိက ကျောင်းများ၊ ကျူရှင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရေလုပ်သား၊ လက်လုပ်လက်စားသမား၊ ဈေးသည်များ၊ အစိုးရ၊ ပုဂ္ဂလိကဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့ အစည်းများ၊ ဘာသာရေးခေါင်းဆောင် များ။ | ၂၁၈ ဦး |
| ၃။ | အုပ်စုဖွဲ့မေးမြန်းခြင်း | ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီ အကြီးအကဲများ၊ဆရာ/ဆရာမများ၊ မိဘများ၊ ပုဂ္ဂလိက ကျောင်းများ၊ ကျူရှင်ကျောင်းများ၊ လူငယ်များ၊ စီးပွားရေးလုပ်ငန်းများ၊ ဝန်ထမ်းများ၊ ကုမ္ပဏီများ၊ ဘဏ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ စိုက်ပျိုးရေးလုပ်ကိုင်သူများ၊ တောင်သူလယ်သမားများ၊ ဒေသခံများအတွင်းမှ အဓိက ဖြေကြားနိုင်မည့်သူများ၊ အစားအစာပစ္စည်းများ ရောင်းချသူများ၊ | ၂၅ ခု |
| ၄။ | ဒေသအတွင်းရှိ အပြောင်းအလဲ အခြေအနေများကို လေ့လာမှတ်တမ်း တင်ခြင်း၊ | ကချင်ပြည်နယ်၊ ရွှေကူမြို့၊ ကျွန်းတော်ကျေးရွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ လယ်ကြားရွာ | ကျေးရွာ (၂) ရွာ |

## ၁.၄။ ။ မေးမြန်းခဲ့သူများနှင့်ပတ်သက်သည့် အကြောင်းအရာများ


မေးမြန်းခဲ့သည့်ဒေသများ

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ခရိုင်/မြို့နယ် | မြို့ | ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|
| ၁။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ကျောင်းကုန်း | လှည်းဆိပ်ကျေးရွာ |
| | | | | ကျားကိုက်ချောင်းကျေးရွာ |
| | | | | ကန်ကလေးကျေးရွာ |
| | | | | ပန်းတောရိုးကျေးရွာ |
| | | | | ဘုရားကြီးကုန်းကျေးရွာ |
| | | | | အမှတ် (၁)ရပ်ကွက် |
| | | | | အမှတ် (၂) ရပ်ကွက် |
| | | ဟသ်ာတ | လေးမျက်နှာ | ဒေါင့်ကြီးကျေးရွာ |
| | | လပွတ္တာ | မော်လမြိုင်ကျွန်း | လှိုင်းဘုန်းကျေးရွာ |
| | | မြောင်းမြ | ဝါးခယ်မ | လမ်းသမိုင်ကျေးရွာ |
| | | | | ရေကျော်ကျေးရွာ |
| ၂။ | ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း) | တောင်ငူ | ဖြူး | မြို့ပေါ်ရပ်ကွက်များ |
| | | ပဲခူး | ပဲခူး | နန်းတော်ရာရပ်ကွက် |
| | | | | ဟသ်ာကုန်းရပ်ကွက် |
| | | | | မော်ကန်ရပ်ကွက် |
| | | | | ကျောက်ကြီးစုရပ်ကွက် |
| | | | | ဘိုဖုန်းရပ်ကွက် |
| | | | | ညောင်ပိုင်းရပ်ကွက် |
| | | | | မြို့သစ်ရပ်ကွက် |
| | | | | ရွှေတန်းရပ်ကွက် |
| | ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) | သာယာဝတီ | လက်ပံတန်း | |
| | | | မိုးညို | ထိန်တောကျေးရွာ |
| | | | | ဖင်းချောင်းကျေးရွာ |
| | | | | ရွှေဂဲကျေးရွာ |
| ၃။ | ကချင်ပြည်နယ် | ဗန်းမော် | ရွှေဂူ | ဆင်တပ်ကျေးရွာ |
| | | | | သဘော်အင်းကျေးရွာ |
| ၄။ | ကယားပြည်နယ် | လွိုင်ကော် | လွိုင်ကော် | ကုန်းသာကျေးရွာ |
| | | | | ပီကင်းကောခုကျေးရွာ |
| | | | | ဝါရီကောခုကျေးရွာ |
| | | | | ဝါဆောင်ကျေးရွာ |


| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ခရိုင်/မြို့နယ် | မြို့ | ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|
| ၅။ | မကွေးတိုင်းဒေသကြီး | ဂန့်ဂေါ | ဂန့်ဂေါ | အမှတ် (၁) ရပ်ကွက် |
| | | | | အမှတ် (၂) ရပ်ကွက် |
| | | | | အမှတ် (၃) ရပ်ကွက် |
| | | | | အမှတ် (၄) ရပ်ကွက် |
| | | မင်းဘူး | ပွင့်ဖြူ | မဒဲကျေးရွာ |
| | | | | မယ်ဇလီကျေးရွာ |
| | | | | ကနီကျေးရွာ |
| | | သရက် | သရက် | ထုံးတောင်ကျေးရွာ |
| | | | | ပါးပွတ်ကျေးရွာ |
| ၆။ | မွန်ပြည်နယ် | မော်လမြိုင် | မုဒုံ | ထောင်ကေးရပ်ကွက် |
| | | | | ကမာဝတ်ရပ်ကွက် |
| | | | | သိမ်ကုန်းရပ်ကွက် |
| | | | | စိန်တောင်ရပ်ကွက် |
| | | | | ဂုန်ညင်းတန်းရပ်ကွက် |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး | ခန္တီး | ဟုမ္မလင်း | ရွှေဂူရပ်ကွက် |
| | | | | ဘုန်းကြီးထန်းရပ်ကွက် |
| | | | | နောင်ပါခါးရပ်ကွက် |
| | | | | ပဲလော့်ချောင်ရပ်ကွက် |
| ၈။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ကျောက်မဲ | နမ့်ဆန်း | မြို့လယ်ရပ်ကွက် |
| | | | | နမ့်မဝေါ်ရပ်ကွက် |
| | | | | လွယ်ခမ်းရပ်ကွက် |
| | | | | မင်္ဂလာရပ်ကွက် |
| | | | | မန်ခိုက်ရပ်ကွက် |
| | | | | ဘုရားကြီးကျေးရွာ |
| | | | | ငွိုင်ဆိုင်ကျေးရွာ |
| | | | | ကျောက်ဖြူကျေးရွာ |
| | | | | မန်ပန်ကျေးရွာ |
| | ရှမ်းပြည်နယ် (တောင်ပိုင်း) | တောင်ကြီး | တောင်ကြီးမြို့ ကျောက်တလုံးကြီး မြို့နယ် | နော်ဟီးကျေးရွာ |
| | | | | ကတ္တူကျေးရွာ |
| | | | | နောင်ပစ်ကျေးရွာ |
| | | | ဟိုပုံး | မြို့ပေါ်ရပ်ကွက်များ |
| | | | ပင်လောင်း | မြို့ပေါ်ရပ်ကွက်များ |
| | | | ဆီဆိုင် | မြို့ပေါ်ရပ်ကွက်များ |
| | | လန်ခို | မောက်မယ် | မြို့ပေါ်ရပ်ကွက်များ |

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ခရိုင်/မြို့နယ် | မြို့ | ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|
| ၉။ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်အရှေ့ပိုင်း | ဒဂုံမြို့သစ်တောင်ပိုင်း | (၁၉) ရပ်ကွက် |
| | | | | (၂၁) ရပ်ကွက် |
| | | | | (၂၄) ရပ်ကွက် |
| | | | | (၂၅) ရပ်ကွက် |
| | | | | (၅၃) ရပ်ကွက် |
| | | | | (၅၄) ရပ်ကွက် |
| | | | | (၅၅) ရပ်ကွက် |
| | | | | (၅၆) ရပ်ကွက် |
| | | | | (၅၇) ရပ်ကွက် |
| | | | | (၇၀) ရပ်ကွက် |
| | | | တာမွေ | ကျောက်မြောင်းကြီးရပ်ကွက် |
| | | | | မေတ္တာညွန့်ရပ်ကွက် |
| | | ရန်ကုန်မြောက်ပိုင်း | လှိုင်သာယာ | အမှတ် (၁၈) ရပ်ကွက် |
| | | ရန်ကုန်အနောက်ပိုင်း | မရမ်းကုန်း | အမှတ် (၅) ရပ်ကွက် |
| | | ရန်ကုန်တောင်ပိုင်း | သဃ်န်းကျွန်း | စံပြရပ်ကွက် |
| | | | | ငမိုးရိပ်ရပ်ကွက် |
| | | | သုံးခွ | မြို့ပေါ်ရပ်ကွက်များ |
| | | | | သဲကုန်းကျေးရွာ |


**ဖြေဆိုခဲ့သူများ (ကျား၊ မ) ဦးရေ**



## ဖြေဆိုခဲ့သူများ၏အလုပ်အကိုင်




ဖြေဆိုခဲ့သူများ၏ အသက်မွေးကျောင်းလုပ်ငန်းနှင့်အလုပ်အကိုင်များတွင် ၂၆ ရာခိုင်နှုန်းမှာ လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်းများတွင် လုပ်ကိုင်ကြသူများဖြစ်ပြီး ၁၄ ရာခိုင်နှုန်းမှာ ဈေးသည်များဖြစ်သည်။ ၁၃ ရာခိုင်နှုန်းမှာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ကြသူများဖြစ်ပြီး သုတေသနစစ်တမ်းတွင် ဖော်ပြထားခြင်းမရှိသည့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်သည်ဟုဖြေဆိုကြသူများမှာ ၁၂ ရာခိုင်နှုန်း ဖြစ်သည်။ ယင်း ၁၂ ရာခိုင်နှုန်းတွင် ပါဝင်သူများမှာ **ရှေ့နေ၊ စက်ချုပ်၊ စာအုပ်အရောင်းဆိုင်၊ NGO ဝန်ထမ်း၊ ပင်စင်စား၊ ကျောင်းသား၊ မီးရှိ၊ တိုင်းရင်းဆေးကုသခြင်း၊ လက်ဖက်လုပ်ငန်း၊ ယာဉ်မောင်း၊ ကျူရှင်ဆရာ/ဆရာမ**များဖြစ်ကြပါသည်။ ဖြေဆိုခဲ့သူများ၏ ၈ ရာခိုင်နှုန်းသည် နေ့စား/ကျပန်းလုပ်ကိုင်ကြသူများဖြစ်ပြီး ၈ ရာခိုင်နှုန်းမှာမူ ကုမ္ပဏီနှင့်ပြင်ပလုပ်ငန်းများမှ ဝန်ထမ်းများဖြစ်ကြသည်။ အစိုးရဝန်ထမ်း ၇ ရာခိုင်နှုန်းနှင့် ကျောင်းသူ/ကျောင်းသား ၇ ရာခိုင်နှုန်းလည်းပါဝင်သည်။ ၃ ရာခိုင်နှုန်းမှာ ဥယျာဉ်ခြံမြေလုပ်ကိုင်ကြပြီး ကျန်သည့် ၂ ရာခိုင်နှုန်းမှာ မွေးမြူရေးနှင့် ရေလုပ်ငန်းလုပ်ကိုင်ကြသူများ ဖြစ်ကြသည်။





| တိုင်းဒေသကြီး/ပြည်နယ် | သုတေသနပြုလုပ်ခဲ့သူ ဦးရေ |
|---|---|
| ဧရာဝတီတိုင်းဒေသကြီး | ၁၄၅ |
| ပဲခူးတိုင်းဒေသကြီး | ၈၀ |
| ကချင်ပြည်နယ် | ၃၀ |
| ကယားပြည်နယ် | ၄၉ |
| မကွေးတိုင်းဒေသကြီး | ၇၆ |
| မွန်ပြည်နယ် | ၄၈ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၂၀ |
| ရှမ်းပြည်နယ် | ၇၃ |
| ရန်ကုန်တိုင်းဒေသကြီး | ၁၃၇ |

## ၂၀၀၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ အဓိကအပြောင်းအလဲများ

| ခုနှစ် | အကြောင်းအရာ |
|---|---|
| ၂၀၀၈ ခုနှစ်၊ မေလ | မြန်မာနိုင်ငံအောက်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသတွင် နာဂစ်မုန်တိုင်း ဒဏ်ခံခဲ့ရပြီး လူပေါင်းများစွာ သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရ ခြင်းနှင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ခြင်း |
| ၂၀၀၈ ခုနှစ်၊ မေလ | ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန္ဒခံယူပွဲ |
| ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ | ပထမအကြိမ် အထွေထွေ ရွေးကောက်ပွဲကျင်းပ |
| ၂၀၁၀ ခုနှစ် | မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်တွင် တပ်မတော်နှင့် KIA လက်နက်ကိုင်ပဋိပက္ခဖြစ်၊ စစ်ဘေးရှောင်ဒုက္ခသည်များ များပြားလာ |
| ၂၀၁၁ ခုနှစ် | မြစ်ဆုံဆည်စီမံကိန်းဖျက်သိမ်းရန်တောင်းဆို၊ စီမံကိန်းဆိုင်းငံ့ |
| ၂၀၁၂ ခုနှစ်၊ ဧပြီလ | NLD ပါတီ ကြားဖြတ်ရွေးကောက်ပွဲဝင်ရောက်၊ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် လွှတ်တော်ကိုယ်စားလှယ် (၄၃) ဦးအနိုင်ရ |
| ၂၀၁၂ ခုနှစ် | ရခိုင်ပဋိပက္ခဖြစ်ပွား၊ မိတ္ထီလာပဋိပက္ခဖြစ်ပွား |
| ၂၀၁၂ ခုနှစ် | မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ |
| ၂၀၁၄ ခုနှစ် | အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း |
| ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ | ဖုန်းဆင်းကဒ်များကို ၁၅၀၀ ကျပ်ဖြင့် အများပြည်သူ စတင် အသုံးပြုလာနိုင် |
| ၂၀၁၅ ခုနှစ် | Nationwide Ceasefire Agreement (NCA) ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့နှင့် လက်မှတ်ရေးထိုး နိုင်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော် တွင် အတည်ပြုခဲ့ |
| ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ | အထွေထွေရွေးကောက်ပွဲ ကျင်းပ၊ NLD ပါတီ အနိုင်ရ |
| ၂၀၁၆ ခုနှစ်၊ မတ်လ | မတ်လ ၃၁ ရက်နေ့တွင် အစိုးရဖွဲ့နိုင်ခဲ့ |
| ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက် | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေတွင် ဧည့်စာရင်း တိုင်ကြားခြင်း၊ တိုင်ကြားရန် ပျက်ကွက်ပါက အရေး ယူခြင်းခံရသည့် ပုဒ်မများအား ပယ်ဖျက် |
| ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ | ၂၁ ရာစုပင်လုံညီလာခံ ပထမအကြိမ်အစည်းအဝေး |
| ၂၀၁၇ ခုနှစ်၊ ဧပြီလ | ကြားဖြတ်ရွေးကောက်ပွဲ လစ်လပ်မဲဆန္ဒနယ် (၁၉)နယ်တွင် ကျင်းပ |
| ၂၀၁၇ ခုနှစ်၊ မေလ | ၂၁ရာစုပင်လုံညီလာခံ ဒုတိယအကြိမ်အစည်းအဝေး |
| ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ | ၂၁ ရာစုပင်လုံညီလာခံ တတိယအကြိမ်အစည်းအဝေး |


# အခန်း – ၂
# (၂၀၀၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း)
# နိုင်ငံရေးနှင့်လူမှုရေးအပြောင်းအလဲများ

၂.၁။ ။ ၁၀ နှစ်တာကာလ အပြောင်းအလဲများ




ပုံ (၂.၁) ရပ်ကွက်/မြို့ရွာများတွင် တွေ့ရှိရသည့် အဓိကအပြောင်းအလဲများ

စစ်တမ်းကောက်ယူမေးမြန်းခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ၉ ခုတွင် ၁၀ နှစ်တာ ကာလအတွင်းသိသာထင်ရှားဆုံး ပြောင်းလဲမှုအား လမ်းပန်းဆက်သွယ်ရေးဟု ဖြေကြားကြပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဆက်သွယ်ချိတ်ဆက်မှု အားကောင်းလာခြင်း၊ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့လာခြင်းနှင့် ရွာများသို့ သွားလာနိုင်သည့်လမ်းများ၊ တံတားများ ပိုမိုများလာသည့်အပြင် ဘတ်စ်ကားလိုင်းများ တိုက်ရိုက်ပြေးဆွဲလာခြင်းကြောင့်လည်း လမ်းပန်းဆက်သွယ်ရေး ပို၍အဆင်ပြေလာခဲ့သည်။




ပုံ (၂.၂) ရပ်ကွက်/မြို့ရွာများတွင် တွေ့ရှိရသည့် အဓိကအပြောင်းအလဲများ

လမ်းပန်းဆက်သွယ်ရေးသည် သိသာထင်ရှားဆုံးပြောင်းလဲမှုဟု ဖြေဆိုကြပြီး၊ ၂၂ ရာခိုင်နှုန်းက နည်းပညာသုံးစွဲမှုဟု ဖြေဆိုကြသည်။ နိုင်ငံရေးအပြောင်းအလဲနှင့်ပတ်သက်ပြီး သိသာထင်ရှားမှုရှိသည်ဟု ဖြေဆိုသူဦးရေမှာစစ်တမ်းအရ ၁၇ရာခိုင်နှုန်း ရှိပါသည်။

စစ်အစိုးရမှ ပြည်သူရွေးကောက်တင်မြှောက်သည့် အရပ်သားအစိုးရအဖြစ် နိုင်ငံတော်နှင့် ပြည်သူလူထုများကို အုပ်ချုပ်လာခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး မိမိကြိုက်နှစ်သက်သည့်လူပုဂ္ဂိုလ်ကို ရွေးချယ်တင်မြှောက်ခွင့်ရခြင်း စသည့်ပြောင်းလဲမှုများအပြင် နိုင်ငံရေးနှင့် အုပ်ချုပ်ရေး အပိုင်း ပြောင်းလဲလာမှုကြောင့် လက်ရှိတွင် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာခြင်း၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍ များလည်း သိသိသာသာတိုးတက်ပြောင်းလဲလာပါတယ်။

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့
ကျောက်တလုံးကြီးမြို့နယ်
လူငယ်များနှင့် အုပ်စုဖွဲ့မေးမြန်းဆွေးနွေးချက်များမှ

မေးမြန်းခဲ့သည့် ဒေသအားလုံးတွင် လမ်းပန်းဆက်သွယ်ရေးအခြေအနေ ယခင်ထက်ပိုမိုကောင်းမွန်လာသည်ဟု ဖြေကြားကြသည်။ အထူးသဖြင့် မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းများမှ မေးမြန်းခဲ့သူများအားလုံးသည် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့လာသည်ဟု ဖြေကြားကြသည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်အတွက် ပညာရေး၊ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေးအခြေအနေများတွင်လည်း အပြောင်းအလဲများရှိလာသည်ဟု ဖြေကြားကြသည်။

> လမ်းပန်းဆက်သွယ်ရေး နည်းနည်းတော့ ပြောင်းလာပါတယ်။ အထက်ကလုပ်ခိုင်းတဲ့အတိုင်း မလုပ်တော့ အရည်အသွေးမီတဲ့ လမ်းတော့ ဖြစ်မလာဘူး။ လမ်းပန်း(ဆက်သွယ်ရေး) အနည်းအပါးကောင်းလို့အချိန် အနည်းငယ်မြန်ရုံပဲ။
>
> **မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင်နေထိုင်သည့် အငြိမ်းစားအထွေထွေအုပ်ချုပ်ရေးမှူးတစ်ဦး၏ ပြောကြားချက်**

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်ဟု အကြမ်းဖျဉ်းအားဖြင့် ဖြေကြားခဲ့ကြသော်လည်း မကွေးတိုင်းဒေသကြီးပွင့်ဖြူမြို့နယ်ရှိ အချို့လမ်းပိုင်းများမှာ မေးမြန်းချိန်အထိ မကောင်းသေးဟု ဆိုပါသည်။ လမ်းပန်းဆက်သွယ်ရေးမကောင်းသည့်အတွက် ကုန်စည်စီးဆင်းမှုခက်ခဲပြီး ကုန်ဈေးနှုန်းများ ကြီးမြင့်နေသေးသကဲ့သို့ ကျန်းမာရေးအတွက်သွားလာရန်လိုအပ်ပါကလည်း ပွင့်ဖြူဆေးရုံသို့ သွားရန် နာရီဝက်ခရီးအတွက် တစ်နာရီမျှ အချိန်ပေးနေရသည်ဟု ဆိုပါသည်။

> လမ်းပန်းဆက်သွယ်ရေးက မကောင်းဘူး။ စီမံချက်ချတယ် တန်းလုပ်တယ် တင်ဒါရတယ် ဘာမှကောင်းမွန်မှုမရှိဘူး။ အခု NLD အစိုးရလက်ထက်ကျမှ လုပ်လာတယ်။ ကောင်းတာလည်းရှိတဲ့နေရာလည်း ရှိတယ်။ လမ်းဆိုးတော့ ကုန်စည်စီးဆင်းမှု မရှိဘူး။ လွှတ်တော်အမတ်ကတော့ တင်တယ် (၂၀၁၈) မကုန်ခင်တော့ ရမယ်ထင်တယ်။ လမ်းပန်းဆက်သွယ်ရေးမကောင်းလို့ ၁၀၀ ပေးရမယ့် နေရာမှာ ၂၀၀ ပေးရတယ်။ ယာထဲသွားမယ်ဆိုရင် လမ်းမကောင်းလို့ နွားနဲ့သွားရတယ် နောက်တစ်ဆင့် ကားနဲ့သွားရတယ် အဲ့မှာတင် အခပေးရတဲ့ငွေတွေ များနေတယ်။ တောင်သူကဘဲ ပေးရတယ် လမ်းမကောင်းတော့ မိအေးနစ်ခါနာပေ့ါ။
>
> **မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ မဒဲမြောက်ရွာမှ တောင်ယာလုပ်ကိုင်သူတစ်ဦး၏ ပြောကြားချက်**

ဧရာဝတီတိုင်းဒေသကြီးရှိ အချို့မြို့နယ်များတွင်လည်း ယခုအချိန်ထိ လမ်းပန်းဆက်သွယ်ရေးခက်ခဲနေဆဲဟု ဆိုပါသည်။ ဒေသတစ်ခုလုံးအနေဖြင့် ကောင်းမွန်လာသည်မှန်သော်လည်း ရွာချင်းဆက်လမ်းများမှာ ယခုအချိန်ထိ မကောင်းလှသေးဟုဆိုပါသည်။ ကမ်းပါးပြိုကျခြင်းများကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးကြန့်ကြာမှုများ ရှိနေသည်ဟုလည်း ဖြေကြပါသည်။ လမ်းများဖောက်ခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း ရှိလာသည်ဟု ဖြေဆိုသူများလည်း ရှိပါသည်။ မြစ်၊ ချောင်း ပေါ်များလှသည့်

မြစ်ဝကျွန်းပေါ်ဒေသများအတွက် လမ်းပန်းဆက်သွယ်ရေးမှာ ယခင်ထက်ပို၍ကောင်းလာသည့်နေရာများရှိလာပြီဖြစ်သော်လည်း အဆင်ပြေချောမွေ့လာသည်ဟုတော့ မဆိုနိုင်သေးချေ။

ဒုတိယသိသာထင်ရှားဆုံးအပြောင်းအလဲမှာ နည်းပညာ (မိုဘိုင်းဖုန်း) သုံးစွဲမှုများပြားလာခြင်းဟု သိရှိရပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နမ့်ဆန်မြို့နယ်တွင်မူ မိုဘိုင်းဖုန်းများ သုံးစွဲလာကြသော်လည်း အင်တာနက်လိုင်းများမှာ မကောင်းလှသေးဟု ဆိုပါသည်။ ဖုန်းများအသုံးပြုလာကြပြီး ဖေ့စ်ဘွတ်ခ်နှင့် အခြား ဆက်သွယ်ရေးဆော့ဖ်ဝဲလ်များလည်း အသုံးပြုကြသည်ဟု ဆိုပါသည်။

Bee Talk. Viber, Facebook သုံးနေတဲ့ လူငယ်တွေကတော့ တော်တော်တိုးတက်လာပါတယ်။ မိန်းမတွေရကုန်ပြီ။ သုံးတတ်ရင်တော့အဆင်ပြေပါတယ်။

**ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)၊ ဖြူးမြို့ပေါ်မှ ဖြေဆိုသူတစ်ဦး**

လူမှုကွန်ယက်တွေ အသုံးပြုတဲ့အခါမှာ လူငယ်တွေအတွက် ကောင်းကျိုးတွေလည်းရှိပါတယ်။ အဲ့လိုအသုံးပြုတဲ့အတွက် တစ်နေရာထဲမှာ နိုင်ငံရေး၊ လူမှုရေးနဲ့စီးပွားရေးတွေနဲ့ပတ်သက်ပြီးတော့ သိနိုင်တာပေ့ါ။ သတင်းတွေက အမှန်ရှိသလို အမှားတွေလည်း ရှိတာပေ့ါ။ အဲ့လိုဆိုရင် အမှားအမှန် ခွဲခြားတတ်ဖို့တော့လိုတာပေ့ါ။ ဗဟုသုတလည်း စုံတာပေ့ါ။ ဒါပေမဲ့ အဲ့အတွက်အချိန်ပေးရတယ်။ ငွေကုန်တာလည်း ရှိတော့ ဆုတ်ယုတ်တဲ့အပိုင်းတွေလည်း ရှိတာပေ့ါ။ လူငယ်တွေအတွက် ကောင်းကျိုး ဆိုးကျိုးအနေနဲ့က သူတို့အနေနဲ့မကောင်းတာကိုအတုယူရင် ဆိုးကျိုးရမယ်။ ကောင်းတာကို အတုယူရင်တော့ ကောင်းကျိုးပဲရမှာပေ့ါ။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ နောင်ပိုအောင်ရွာမှ ဝန်ထမ်းတစ်ဦး၏ ပြောကြားချက်**

ဖြေဆိုသူများ၏ ၁၂ ရာခိုင်နှုန်းသည် စီးပွားရေးနှင့်ပတ်သက်သည့် အပြောင်းအလဲများကို သတိပြုမှုသည်ဟု ဖြေကြားကြပြီး ၁၀ ရာခိုင်နှုန်းခန့်က လူမှုရေးပိုင်းဆိုင်ရာတွင် သိသာထင်ရှားသည့် အပြောင်းအလဲများလည်းရှိသည်ဟုဖြေကြားကြသည်။ (၁၀) နှစ်တာကာလအပြောင်းအလဲများတွင် အခြားဟုဖြေဆိုသူများမှာ ၁ရာခိုင်နှုန်း ရှိပါသည်။ အခြားဟုဆိုရာတွင် ကျန်းမာရေး၊ ကျင့်ဝတ်လိုက်နာမှု၊ ပညာရေး၊ အဆောက်အဦးများ၊ လျှပ်စစ်မီးရရှိမှုစသည့် ကိစ္စရပ်ပိုင်းဆိုင်ရာ အပြောင်းအလဲများကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ အချို့ကမူ အပြောင်းအလဲမရှိဟုလည်း ဖြေဆိုကြပါသည်။

ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး တော့ တယ်လီဖုန်း၊ မိုဘိုင်းဖုန်းနှင့် အင်တာနက် အသုံးပြုပြီး ဆက်သွယ်ရေး ပိုမိုလွယ်ကူခြင်း၊ အသိတရားရလာခြင်းတွေရှိပါတယ်။

**ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ဝါဆောင်ကျေးရွာမှ အမျိုးသမီးငယ်တစ်ဦး၏ ပြောကြားချက်**

## ၂.၂။ ။ နိုင်ငံရေးအပြောင်းအလဲများ

စစ်တမ်းကောက်ယူခဲ့ခြင်းအပြင် တစ်ဦးချင်းမေးမြန်းမှုများ၊ အုပ်စုဖွဲ့မေးမြန်းမှုများ ပြုလုပ်ခဲ့ရာတွင် ဆွေးနွေးမှုများအရ နိုင်ငံရေးပိုင်းဆိုင်ရာအပြောင်းအလဲများ၊ အုပ်ချုပ်ရေးပိုင်းအပြောင်းအလဲများကို မြင်လာကြရပြီး နိုင်ငံရေးအပြောင်းအလဲများကြောင့် ပညာရေး၊ ကျန်းမာရေးစသည်တို့တွင်လည်း အပြောင်းအလဲ များကို တွေ့ရှိကြရသည်ဟု ဆိုပါသည်။ နိုင်ငံရေးအပြောင်းအလဲများနှင့် စနစ်အပြောင်းအလဲများကို တွေ့ရှိရသည်ဟုလည်း ဖြေကြားကြသည်။

(၁၀)နှစ်တာကာလအတွင်းမှာ အပြောင်းအလဲကတော့ စနစ်ပြောင်းသွားတာပေ့ါ။ အရင်က စစ်အာဏာရှင်စနစ်နဲ့ အုပ်ချုပ်တယ်လေ။ အမိန့်အာဏာနဲ့ အုပ်ချုပ်တယ် နောက်ပြီး ပြည်ခိုင်ဖြိုးတက်လာတယ်။ ပြည်ခိုင်ဖြိုးကလည်း စနစ်ကတော့ မှန်ပါတယ်။ လက်တွေ့ ကျကျမတိုးတက်ဘူး ချပြစရာဘာမှမရှိပါဘူး။ မြေပေါ်မြေအောက် သယံဇာတတွေသာ ကုန်သွားမယ် တိုးတက်လာမှာမဟုတ်ပါဘူး။ နောက်ဆုံး NLD အနိုင်ရတယ်။ NLD ကတော့ အပြန်အလှန်ထိန်းကျောင်းမှုရှိပါတယ်။ ဘယ်သူဘာလုပ်တယ်ဆိုတာ တစ်ဦးနဲ့တစ်ဦး စောင့်ကြည့်နေကြတယ်။ တိုင်းပြည်တိုးတက်ဖို့ အခုအခွန်အခတွေနဲ့ တိုင်းပြည်ပြည့်စုံချမ်းသာလာအောင် NLDက လက်တွေ့ကျကျ လုပ်ကိုင်ဆောင်ရွက်နေပါပြီ။ အဲ့ဒါတွေပြောင်းလဲလာပါတယ်။

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ် - (၁) ရပ်ကွက်တွင်
နေထိုင်သူ တစ်ဦး၏ ပြောကြားချက်များမှ





ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာဒေသခံပြည်သူများအား သုတေသနပြုလုပ်နေမှုမှတ်တမ်း

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ လှိုင်းဘုန်းကျေးရွာအုပ်စု၊ ကန်စုကျေးရွာရှိ ဒေသခံပြည်သူများကို အုပ်စုဖွဲ့မေးမြန်းခြင်း

နိုင်ငံရေး (အပြောင်းအလဲ) သိသိသာသာကွက်ကွက်ကွင်းကွင်းမရှိ။ အရပ်သားတစ်ပိုင်း (အစိုးရ)၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ မူဝါဒအပြောင်းအလဲ ပြည်သူလူထုတစ်ရပ်လုံးထိတွေ့မှုမရှိပါ။

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ KNP CEC ဟောင်းတစ်ဦး၏ ပြောကြားချက်မှ



ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့နယ် ထီဝါးမွှူးရွာ၏ လမ်းပန်းဆက်သွယ်ရေး

ကျွန်မတို့ဒေသမှာ ၁၀နှစ်တာ ကာလအတွင်း အုပ်ချုပ်ရေးအပိုင်းအပြောင်း အလဲနှင့်ပတ်သက်ပြီး ဒေသတွင်း ပိုမိုစည်းရုံးလာခြင်း၊ တိုးတက်လာခြင်း၊အသိအမြင်ရလာခြင်း။မူဝါဒပိုင်း အပြောင်းအလဲနှင့်ပတ်သက်ပြီး ပညာရေးနှင့် ကျန်းမာရေးပြောင်းလဲမှုတွေကို ပြည်သူတွေထိတွေ့ မှုရှိပါသည်။

**ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ဝါဆောင်ကျေးရွာမှ**
**တောင်ယာလုပ်ကိုင်သူ အမျိုးသမီးတစ်ဦး၏အမြင်**

နိုင်ငံရေးနဲ့ပတ်သက်ပြီး အုပ်ချုပ်ရေးအပိုင်းဆိုရင် လူတိုင်းသိကြမှာပါ။ ရပ်ကျေးတွေ ပြည်သူ့စိတ်ကြိုက် ရွေးချယ်ခွင့်ရလာတယ်။ နိုင်ငံရေးမှာ အမတ်တွေက ပြည်သူတွေနဲ့ ထဲထဲဝင်ဝင် အမြဲဂရုစိုက်ပြီး ပြည်သူ့အသံ နားထောင်ကြတယ်။

**ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်မှ အသက် - ၅၂ နှစ်အရွယ် ပြည်သူတစ်ဦး**

(၁၀)နှစ်တာကာလအတွင်းမှာတော့ အုပ်ချုပ်ရေးပိုင်း အပြောင်းအလဲတော့ ရှိတယ်။ ပြည်သူတွေအနေနဲ့ထိတွေ့မှု ရှိပါတယ်။ ပညာရေးနဲ့ပတ်သက်ပြီး ပြောင်းလဲတာလည်းရှိပါတယ်။ နိုင်ငံရေးနဲ့ပတ်သက်ပြီး ပြောင်းလဲတာလည်း ရှိပါတယ်။ နိုင်ငံရေးပြောင်းလဲမှုကြောင့် ပညာရေး၊ ကျန်းမာရေးဟာ ပြောင်းလဲတာပေ့ါ။ အကုန်လုံး အရင်နဲ့မတူ ပြောင်းလဲလာတာကို သိကြပါတယ်။

**ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ ဒေါင့်ကြီးအုပ်စုမှ ကျောင်းသားမိဘတစ်ဦး**

မူဝါဒအပြောင်းအလဲက အများမျှော်လင့်သလို ပြုပြင်ပြောင်းလဲရေး ပီပီသသဖြစ်မသွားဘူး။ အများပြောသလို ၂၀၀၈ (ဖွဲ့စည်းပုံအခြေခံဥပဒေ) ကြောင့်လို့လဲ ပြောရင်ပြောမှာပေ့ါ။ မူဝါဒပြောင်းတာက စာရွက်ပေါ်မှာ ပြောင်းတာပဲ ရှိတာ။ တကယ့်လက်တွေ့မှာ ပြောင်းတာ သိပ်မတွေ့ရဘူး။ လက်တွေ့မှာ ပြောင်းဖို့ခက်တယ်။ အဓိကက ပြည်သူအများမျှော်လင့်သလို ပြတ်ပြတ်သားသားပြောင်းလဲလာအောင် လုပ်လိုက်လို့ရှိရင် ကောင်းတယ်။

**ရောဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်မှ အငြိမ်းစားပညာရေးမှူးတစ်ဦး**


၂၀၀၈ လောက်မှာ စစ်အာဏာရှင်အုပ်ချုပ်ခဲ့တယ်။ ပြောခွင့်ဆိုခွင့်ပိတ်ပင်ခံခဲ့ရတယ်။ ၂၀၀၈ ဖွဲ့စည်းပုံကိုလည်း ပြည်သူတွေကိုချမပြပဲ သူတို့စိတ်ကြိုက်ရေးဆွဲ ဆန္ဒခံယူပွဲပြုလုပ်ပြီး ၉၂.၄၄ ရာခိုင်နှုန်းက ထောက်ခံတယ်ဆိုပြီး အတည်ပြုခဲ့တယ်။ ၂၀၁၀ မှာတော့ အရပ်သားအစိုးရ သမ္မတဦးသိန်းစိန်ရွေးကောက်ပွဲနဲ့တက်လာတယ်။ NLD ကတော့ ရွေးကောက်ပွဲဝင်မရွေးခဲ့ဘူး။ စစ်အာဏာရှင်ထက်တော့ ဖြေလျော့မှုတွေရှိလာတယ်။ ဦးသိန်းစိန်လက်ထက် ပထမလွှတ်တော် သက်တမ်းမှာ ပွင့်လင်းမြင်သာမှု၊ ပြောရေးဆိုခွင့် လွှတ်တော်လုပ်ဆောင်ချက်တွေ အနည်းငယ်ရှိလာတယ်။ ၂၀၁၅ မှာတော့ ပါတီစုံ ရွေးကောက်ပွဲပြုလုပ်ပြီး လူထုထောက်ခံတဲ့ NLD ပါတီအနိုင်ရလာတယ်။ မီဒီယာလွတ်လပ်ခွင့်၊ ပြောရေးဆိုခွင့်၊ အရင်ထက်ပိုရှိလာတယ်။ ပွင့်လင်းမြင်သာမှုရှိလာတယ်။ ကိုယ်စားလှယ်တွေကလည်း ပြည်သူ့ဆန္ဒကို ဦးစားပေးဆောင်ရွက် လာတာတွေရှိတယ်။ အုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲကိုလည်း ပြည်သူတွေစိတ်တိုင်းကျ ရွေးချယ်ခွင့်ရလာကြတယ်။ အရင်တုန်းက တစ်သွေးတစ်သံတစ်မိန့် အုပ်ချုပ်လာခဲ့တယ်။ ၂၀၁၀နောက်ပိုင်းမှာ အနည်းငယ် ပြေလျော့လာတယ်။ ၂၀၁၅မှာ ပြည်သူတွေရွေးကောက်တင်မြှောက်တဲ့ အစိုးရ ဖြစ်လာချိန်မှာ ပြည်သူ့ကိုယ်စားလှယ်တွေက ပြည်သူကို မျက်နှာမူပြီး ပြည်သူ့ဘက်က ရပ်တည်ခဲ့တယ်။ ၂၀၀၈ ဖွဲ့စည်းပုံရဲ့အကန့်အသတ်ကတော့ ရှိနေဆဲပါပဲ။ ရပ်/ကျေးအုပ်ချုပ်ရေး ဥပဒေတွေကိုတော့ ပြင်ဆင်နိုင်ခဲ့ပါတယ်။

**ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊**
**အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံမေးမြန်းခြင်း၊**

အုပ်ချုပ်ရေးပိုင်းနှင့် ပတ်သက်၍ အပြောင်းအလဲများကို ပြောဆိုကြရာတွင် စစ်တပ်အုပ်ချုပ်ရေးမှ အရပ်သားအစိုးရအဖြစ် ပြောင်းလဲလာသော်လည်း အပြောင်းအလဲသိပ်မရှိလှဟု ရှုမြင်ကြသူများလည်းရှိသည်။ ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူများ၏ သဘောထားမပါဘဲစိတ်ကြိုက်ရေးဆွဲ ဆန္ဒခံယူပွဲပြုလုပ်၍ ၉၂.၄၄ ရာခိုင်နှုန်း မှ ထောက်ခံသည်ဆိုပြီး အတည်ပြုခဲ့သည်။ ၂၀၁၀ တွင် ရွေးကောက်ပွဲပြုလုပ်၍ သမ္မတဦးသိန်းစိန် ဖြစ်လာခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်ခြင်းမရှိခဲ့ချေ။ စစ်အာဏာရှင်လက်ထက်မှာထက် ဖြေလျော့မှုများရှိလာပြီး အစိုးရပထမ သက်တမ်းမှစ၍ ပွင့်လင်းမြင်သာမှု၊ ပြောရေးဆိုခွင့်များ ပိုမိုစတင်ရရှိလာခဲ့သည်။ ၂၀၁၅ ခုနှစ် ပါတီစုံ ရွေးကောက်ပွဲပြုလုပ်ပြီး NLD ပါတီအနိုင်ရလာခဲ့သည်။


အုပ်ချုပ်ရေးပိုင်းကတော့ ဘယ်လိုတွေပြောင်းလဲမှန်းမသိပါဘူး။
ဟိုပြေးဒီပြေးဆိုတော့ ဘယ်လိုတွေ ပြောင်းလဲမှန်းမသိပါဘူး။ မူဝါဒပိုင်းတွေပြောင်းလဲလာတာတော့ သိကြတယ်။ ပညာရေးနဲ့ ပတ်သက်ပြီး အပြောင်းအလဲကတော့ စာစာကပြောတဲ့ ဟိုပြေးဒီပြေး အပြောင်းအလဲပေါ့။ နိုင်ငံရေးကတော့ မပြောချင်ပါဘူး။ စိတ်နာလို့ အစ်ကိုနဲ့ ညီမလေး၊ အမေလည်း အသက်ပေးသွားပါပြီ။ နိုင်ငံရေးကတော့ မဖြေပါရစေပါနဲ့။

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ကျောက်ကြီးကျောက်တောင်ကျေးရွာမှ
ကချင်ပြည်သူတစ်ဦး၏ ပြောကြားချက်




ပုံ (၂.၃) လက်ရှိနိုင်ငံ၏ အပြောင်းအလဲများက ရပ်ကွက်/ ကျေးရွာများအထိ သက်ရောက်မှုရှိ/ မရှိ

နိုင်ငံ၏အပြောင်းအလဲများက ရပ်ကွက်/ကျေးရွာအဆင့်ထိ သက်ရောက်မှုရှိ၊ မရှိဆိုသည့်မေးခွန်းကို မေးမြန်းခဲ့ရာတွင် ဖြေဆိုသူအများစုက သက်ရောက်မှုရှိပါသည်ဟု ဖြေဆိုကြပါသည်။ ကချင်ပြည်နယ်မှ ဖြေကြားသူများ၏ ၂၅ရာခိုင်နှုန်းခန့်နှင့် ရှမ်းပြည်နယ်မှ ၂၀ ရာခိုင်နှုန်း ကျော်ခန့်ကမူ သက်ရောက်မှုမရှိလှဟု ထင်မြင်ကြသည်။ ယင်းပြည်နယ်များရှိ အချို့ဒေသများတွင် စစ်မက်ပဋိပက္ခဖြစ်ပွားပြီး နယ်မြေလုံခြုံအေးချမ်းမှုမရှိသည့်အခြေအနေမျိုး ကြုံတွေ့နေကြသည်။





ပုံ (၂.၄) ရပ်ကွက်/မြို့ရွာတွင် ညှိစာရင်းတိုင်ရန်လိုအပ်ခြင်း ရှိ/မရှိ

ညှိစာရင်းတိုင်ကြားရန်မလိုအပ်တော့ကြောင်းကို ဖြေဆိုသူများစွာက ပြောပြကြသည်။ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ ကယား၊ မကွေးတို့မှ ဖြေဆိုသူအများစုက ညှိစာရင်းတိုင်ရန် မလိုအပ်တော့ဟု ဖြေကြားသော်လည်း မွန်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဖြေဆိုသူများကမူ ညှိစာရင်း တိုင်ကြားရန် လိုအပ်သေးသည်ဟု ဖြေဆိုပါသည်။

ညှိစာရင်းကို ဘယ်လိုတိုင်ကြားရမယ်ဆိုတာ မသိပါဘူး။ ဟိုမှာ မိုးကာတဲနဲ့နေပြီး တစ်လနေတစ်ခါပြေးရတော့ ရွာနဲ့မနေဘူးတော့ ညှိစာရင်းတိုင်စရာ လိုလား၊ မလိုလား မပြောတတ်ပါဘူး။ စိတ်အထင်တော့ လိုတယ်လို့ထင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ညှိစာရင်းမတိုင်ရင် ဘယ်ဟာစစ်တပ် ဘယ်ဟာဘယ်သူမှန်းမသိရပါဘူး။

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊
ကျောက်ကြီးကျောက်တောင်ကျေးရွာမှ ကချင်ပြည်သူတစ်ဦး၏ ပြောကြားချက်




ပုံ (၂.၅) ရပ်ကွက်/မြို့ရွာတွင် ဧည့်စာရင်းတိုင်ရန်မလိုအပ်ခြင်းသည် ကောင်းသည့် ပြောင်းလဲခြင်း ဖြစ်/မဖြစ်

ဧည့်စာရင်းတိုင်ရန် မလိုအပ်ခြင်းကို ကောင်းသည့်ပြောင်းလဲမှုဟု ထင်ပါသလားဟူသည့် မေးခွန်းကို ဖြေကြားရာတွင် ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးများမှ ဖြေဆိုသူအများစုက ကောင်းသည့်ပြောင်းလဲမှုဟု ထင်သည်ဟုဖြေဆိုကြပါသည်။ မကွေးတိုင်းဒေသကြီးမှ ဖြေဆိုသူထက်ဝက်ခန့်ကလည်း ကောင်းသည်ဟုထင်သည်ဟု ဖြေဆိုကြပါသည်။ ရန်ကုန်တိုင်းဒေသကြီးမှအပ သုတေသနစစ်တမ်းကောက်ယူခဲ့သည့် ကျန်သည့်ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်မူ ထင်ပါသည်ဟုဖြေဆိုသူဦးရေမှာ ဖြေဆိုသူဦးရေ၏ သုံးပုံတစ်ပုံအောက်တွင်သာ ရှိပါသည်။ ရာဇဝတ်မှုများနှင့် နယ်မြေလုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများ ရှိသည့်အတွက် ဧည့်စာရင်းတိုင်ရန် မလိုအပ်ခြင်းကို ကောင်းသည်ဟု မထင်မြင်ကြခြင်းဖြစ်သည်။

ယခုကျွန်တော်တို့ဒေသမှာ ဧည့်စာရင်းတိုင်ကြားစရာ လိုအပ်ပါတယ်။
ဟိုအရင်ခေတ်တွေတုန်းကဆိုလျှင် ဧည့်စာရင်း တိုင်ကြားမှုမရှိလျှင် အုပ်ချုပ်ရေးပိုင်းမှာ ခက်ခဲလာပါလိမ့်မယ်။
အုပ်ချုပ်ရေးပိုင်းကို ကောင်းလာအောင် ဧည့်စာရင်း တိုင်ကြားသင့်တယ်လို့ ထင်ပါတယ်။ လက်ဆုပ်လက်ကိုင် မဖမ်းနိုင်ဘူးဆိုရင် ရပ်ကွက်၊ ရပ်ရွာတွေမှာ အုပ်ချုပ်ရတာ ခက်ခဲလာပါလိမ့်မယ်။


**ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ကျေးရွာမှ ကျောင်းအုပ်တစ်ဦး၊**



ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ပင်ငိုကျေးရွာမှ ကြက်မွေးမြူရေးလုပ်ကိုင်သူတစ်ဦးကို မေးမြန်းနေစဉ်

ညှော်စာရင်းကိစ္စနဲ့ပတ်သက်လို့လည်း ညှော်စာရင်းတိုင်ရင် အနည်းဆုံး (၁)ပတ်ကြိုတိုင်ရတယ်။ ရပ်ကွက်ထဲမှာ နိုင်ငံခြားသား ဘောလုံးသမားတွေလာပြီး ငှားနေတာတွေလည်းရှိတယ်။ အရင်တုန်းက နိုင်ငံခြားသားတွေဟာ သာမန်ရပ်ကွက်မှာ နေလို့မရဘူး။ တခြားရပ်ကွက်၊ ကွန်ဒိုတွေမှာပဲ နေခွင့်ရှိတယ်။ အခုတော့ ရပ်ကွက်ထဲတွေမှာပါ ပြန့်နေပြီ။ ငမိုးရိပ် (၅)လမ်းထဲမှာတောင် နိုင်ငံခြားသားဘောလုံးသမား ကပ္ပလီတစ်ယောက် ငှားနေနေတယ်။ နေတဲ့အခါမှာလည်း ရပ်ကွက်ရုံးကို အကြောင်းမကြားဘူး။ ကုလား၊ ဗမာ အဓိကရုဏ်းဖြစ်ရင် အဲ့ကပ္ပလီတွေထိမှာ/ အိမ်ပိုင်ရှင်ကိုယ်တိုင်ကလည်း ရပ်ကွက်ရုံးကို အကြောင်းမကြားဘူး။ အိမ်ပိုင်ရှင်ပါ ထိမှာ။ အကယ်၍ နိုင်ငံခြားသား ဤအိမ်တွင် ငှားရမ်းနေထိုင်နေသည်ဆိုသည့်ထောက်ခံချက်ယူထားရင် မည်သို့မျှပြဿနာမရှိ၊ တချို့အိမ်ရှင်များသည် နားမလည် ညှော်စာရင်းမတိုင်ရဘူး၊ နေချင်သလို နေလို့ရတယ်ဆိုပြီး လွှတ်ပေးထားတယ်။ ညှော်စာရင်းတိုင်တဲ့ဥပဒေ ပယ်ဖျက်လိုက်တဲ့အတွက် ဒီခေတ်မှာ မုဒိမ်းမှုတွေ၊ လူသတ်မှုတွေ၊ အနုကြမ်းစီးမှုတွေ ပိုပြီးပေါလာတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အုပ်စုဖွဲ့မေးမြန်းခဲ့ခြင်း၊





ပုံ (၂.၆) ရပ်/ကျေးအုပ်ချုပ်ရေးပိုင်းနှင့် ပတ်သက်သည့် ပြောင်းလဲမှု

ရပ်/ကျေးအုပ်ချုပ်ရေးပိုင်းနှင့်ပတ်သက်၍ ပြောင်းလဲမှုများရှိပါသလားဆိုသည့်မေးခွန်းကို မေးမြန်းခဲ့သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး (၉)ခုစလုံးက ပြောင်းလဲမှုရှိသည်ဟု ဖြေဆိုကြပါသည်။



မကွေးတိုင်းဒေသကြီး၊ သရက်မြို့ ထုံးတောင်ကျေးရွာအုပ်စု၊လေးတိုင်စင်ကျေးရွာ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ




ပုံ (၂.၇) ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကို ရပ်ရွာမှ ရွေးကောက်တင်မြှောက်ခွင့်


ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကို ရွေးချယ်ပိုင်ခွင့် ရှိ၊မရှိကို မေးမြန်းခဲ့ရာတွင် ရွေးကောက်တင်မြှောက်ခွင့်ရရှိသည်ဟု ဖြေဆိုသူရာခိုင်နှုန်းမှာ ၉၀ ရာခိုင်နှုန်းရှိပြီး၊ ၇ ရာခိုင်နှုန်းကသာ မရပါဟု ဖြေကြားပြီး၊ ၃ ရာခိုင်နှုန်းက မပြောတတ်ပါဟု ဖြေကြားကြပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံ၏ အကန့်အသတ်များမှု ရှိနေဆဲဖြစ်ပြီး ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်နိုင်ခဲ့သည်။ အုပ်ချုပ်ရေးမှူးပိုင်းတွင် အပြောင်းအလဲရှိလာခဲ့ပြီး အုပ်ချုပ်ရေးမှူးများအနေဖြင့် သက်ဆိုင်ရာများနှင့် တိုင်ပင်ညှိနှိုင်းပြီး လုပ်ဆောင်မှုများရှိ လာခဲ့သည်။ သို့ရာတွင် ဒေသမှအချို့သူများကမူ "အုပ်ချုပ်ရေးမှူးရွေးတယ်။ သူပဲပြန်ဖြစ်တယ်။" ဟု ပြောဆိုမှုများလည်းရှိခဲ့သည်။

(၁၀) နှစ်တာကာလအတွင်း အုပ်ချုပ်ရေးပိုင်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဟာ ကျေးလက်ဒေသမှာနေထိုင်သူတွေဖြစ်တော့တိုင်းပြည်ရဲ့အခြေခံကျတဲ့ လူတန်းစားတွေဖြစ်လို့ မြို့နေလူတန်းစားနဲ့မတူဘဲ အုပ်ချုပ်ရေးပုံစံ အပြောင်းအလဲကို တိုက်ရိုက်ထိတွေ့ခံစား ကြရသူတွေဖြစ်ပါတယ်။ မြို့နေလူတန်းစားများဟာ အုပ်ချုပ်ရေးပုံစံ ပြောင်းလဲသည်ဖြစ်စေ၊ မပြောင်းလဲသည်ဖြစ်စေ၊ သိသာထင်ရှားတဲ့ ထိတွေ့ဆက်ဆံမှုနည်းလို့ ပြောင်းခြင်းမပြောင်းခြင်းကို သိကြမှာမဟုတ်ဘူး။ သိတယ်ဆိုရင်လည်း လူနည်းစုပဲဖြစ်လိမ့်မည်။

ဒါပေမဲ့ ကျေးလက်နေပြည်သူတွေက အဲ့လို မဟုတ်ဘူး။ သူကြီးတွေအုပ်ချုပ်တဲ့ခေတ်ကနေ ဒီနေ့ခေတ်အထိကာလကို ဖြတ်သန်းခဲ့ကြသူတွေဖြစ်လို့ အပြောင်းအလဲကို တိုက်ရိုက်ထိတွေ့ခံစားကြရသူတွေဖြစ်တယ်။ ဒါ့ကြောင့်အခု(၁၀နှစ် မတိုင်မီက (အမိန့်အာဏာ) နဲ့ စေခိုင်းတာကို (မဖြစ်မနေ) လိုက်နာလုပ်ကိုင်ကြရပြီး အခု (၁၀) နှစ်တာကာလတွင် (အမိန့်အာဏာ)နဲ့ စေခိုင်းခြင်း မပြုတော့ဘဲ (မဖြစ်မနေ) လုပ်ရမည်ဆိုသော အပိုင်းကဏ္ဍများ ကွယ်ပျောက်သွားပြီဖြစ်လို့ ကျေးလက်နေပြည်သူတွေ သက်သာချောင်ချိစွာနေထိုင် နိုင်ကြတယ်။

ဒါပေမဲ့ ကျေးလက်ဒေသတွေမှာ လက်ရှိအုပ်ချုပ်ရေးပုံစံအရ အုပ်ချုပ်ရေးမှူးတစ်ဦးတည်းသာထားလို့ အရေးကြီးကိစ္စတွေကို ဆုံးဖြတ်ဆောင်ရွက်ရာမှာ အတွေ့အကြုံနည်းတဲ့ သူတွေဟာ အများမှား အယွင်းယွင်းဖြစ်နိုင်တဲ့အပြင် တစ်ဦးတည်းသောသူကို လုပ်ပိုင်ခွင့်အပ်နှင်းထားတာဖြစ်လို မလျော်ကန်သော စိတ်ကြီးဝင်ယစ်မူးပြီး ပိုမိုမှားယွင်းနိုင်တယ်။ ဒါ့ကြောင့် စည်းဝေးခြင်း၊ တိုင်ပင်ခြင်း ဆုံးဖြတ်ခြင်းများပြုလုပ်နိုင်ပါရန် အလို့ငှာ အုပ်ချုပ်ရေး ကော်မတီဝင် (၂)ဦးမှ (၃) ဦးအထိ ထားရှိသင့်တယ်လို့ သုံးသပ်အကြံပြုရပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊**
**လှိုင်းဘုန်းကျေးရွာအုပ်စုမှ အသက် ၇၀ နှစ် အရွယ်**
**ရပ်မိရပ်ဖတစ်ဦး**





ပုံ (၂.၈) ၁၀နှစ်တာ ကာလအတွင်း ရပ်ရွာ/ မြို့နယ်များ၏ ဒေသအတွင်း အေးချမ်းမှုအခြေအနေ ပိုမိုကောင်းမွန်လာခြင်း ရှိ/မရှိ

၁၀ နှစ်တာကာလအတွင်း ရပ်ရွာအေးချမ်းသာယာမှုအခြေအနေပိုမိုကောင်းမွန်လာသည်ဟု ထင်ပါသလားဟု မေးမြန်းခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီးမှအပ ကျန်ဒေသများတွင် ရပ်ရွာ/မြို့နယ်များတွင် အေးချမ်းသာယာမှုရှိသည်ဟု ဖြေကြားသူအရေအတွက်မှာ ၅၀ ရာခိုင်နှုန်းကျော်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင်မူ ညအခါအမျိုးသမီးများအတွက် သွားလာရန် လုံခြုံမှုမရှိခြင်းနှင့် ခိုးဆိုးလုယက်မှုများပိုမိုများပြားလာသည့်အတွက် မလုံခြုံတော့ဟု ထင်မြင်သည်ဟု ဖြေဆိုကြပါသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ်မှ သုတေသနတွင် ပါဝင်ဖြေကြားခဲ့သူများက နိုင်ငံရေးအပြောင်းအလဲများ ရှိလာပြီး နိုင်ငံရေးပါတီများပေါ်ပေါက်လာပြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများလည်း ပေါ်ပေါက်လာကြောင်းရှင်းပြပါသည်။ ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင်မူ တည်ငြိမ်မှုပြန်လည်ပျက်ပြားလာပြီး စစ်ပွဲများရှိလာသည့်အတွက် ပြည်သူများဒုက္ခရောက်ကြပြီး ဒေသအတွင်းရှိ ဌာနပေါင်းစုံတွင် အဂတိလိုက်စားမှုများလည်း ရှိနေသည်ဟုဆိုကြပါသည်။

> နိုင်ငံရေးအပြောင်းအလဲနဲ့ ပတ်သက်လို့ နိုင်ငံရေးပါတီများ ပေါ်ပေါက်လာ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပေါ်ပေါက်လာ၊ နယ်မြေမတည်ငြိမ်မှုဖြစ်ပေါ်လာခဲ့တယ်။ ၂၀၀၈ တွင် ငြိမ်းချမ်းပြီး ၂၀၁၀ နောက်ပိုင်းတည်ငြိမ်မှု ပျက်ပြားလာခဲ့ နိုင်ငံရေးမတည်ငြိမ်သောကြောင့် စစ်ပွဲဖြစ်ပွားပြီး ပြည်သူများဒုက္ခရောက်ရှိလာပါတယ်။ ဌာနပေါင်းစုံအဂတိလိုက်စားမှု ဖြစ်ပေါ်နေတယ်။
>
> ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ဆန်မြို့နယ်၊ ကျေးရွာတစ်ရွာမှ အုပ်ချုပ်ရေးမှူး၊ ရပ်မိ၊ရပ်ဖ၊ လူငယ်အဖွဲ့ဝင်များနှင့် အုပ်စုဖွဲ့ဆွေးနွေးမေးမြန်းခြင်းမှ


## ၂.၃။ ။လူမှုရေးအပြောင်းအလဲများ




ပုံ (၂.၉) ရာဇဝတ်မှု (ခိုးမှု၊ လူသတ်မှု၊ မုဒိန်းမှု၊ လုယက်မှု) များ ပိုမို ဖြစ်ပွားလာမှု

ရာဇဝတ်မှုများ ပိုမိုဖြစ်ပွားလာပါသလားဆိုသည့် မေးခွန်းကိုဖြေကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖြေဆိုသူဦးရေ၏ ၇၀ ရာခိုင်နှုန်း နီးပါးခန့်က များပြားလာသည်ဟု ဖြေဆိုပြီး ရှမ်းပြည်နယ်တွင် ၄၈ ရာခိုင်နှုန်းခန့်၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ၄၂ ရာခိုင်နှုန်းခန့်က များလာသည်ဟု ဖြေဆိုကြသည်။ ဧရာဝတီတိုင်းဒေသကြီးကမူ ဖြေဆိုသူ၏ ၁၀ ရာခိုင်နှုန်းအောက်၊ မကွေးတိုင်းတွင် ၁၃ ရာခိုင်နှုန်းခန့်ကသာ များလာသည်ဟု ဖြေဆိုပါသည်။


> မူးယစ်ဆေးဝါးသုံးတဲ့သူတွေကတော့ ဒီလိုပါပဲ။ သုံးတဲ့သူကသုံးတယ် အများအားဖြင့်တော့ အလုပ်အကိုင် မရှိတဲ့ ကလေးသူငယ်တွေ သုံးတာများတယ် မူးယစ်ဆေးဝါးကြောင့် သူခိုးတွေများလာတယ်ခင်ဗျာ။ ခိုးမှုကတော့ အဖြစ်ဆုံးပါပဲ။ ကျန်တာကတော့ မရှိသလောက်ပါပဲ။
>
> စစ်ကိုင်းတိုင်း ဒေသကြီး။ ဟုမ္မလင်းမြို့နယ်၊ နောင်ပိုအောင်ရွာ၊ ဘုရားကြီးထန်းရပ်ကွက်၊





ပုံ (၂.၁၀) ရပ်ကွက်/ကျေးရွာတွင် ရာဇဝတ်မှုခိုက်ရန်ဖြစ်ပွားမှုများဖြစ်ပါက တိုင်ကြားသည့်နေရာများ

ရပ်ကွက်/ကျေးရွာများတွင် ရာဇဝတ်မှုခိုက်ရန်ဖြစ်ပွားမှုများ ဖြစ်ပွားပါက မည်သည့်နေရာများသို့ တိုင်ကြားလေ့ရှိသနည်း ဟု မေးမြန်းရာ အများစုက အုပ်ချုပ်ရေးမှူးကိုတိုင်ကြားကြသည်ဟု ဖြေကြားပြီး ဒုတိယအများဆုံးမှာ ရဲစခန်းကိုတိုင်ကြားကြသည်ဟု ဖြေကြားကြသည်။ တိုင်းရင်းသားပါတီများအားတိုင်ကြားသည်ဟု ကချင်၊ ကယားပြည်နယ်ကဲ့သို့သော တိုင်းရင်းသားဒေသအချို့တွင် ဖြေကြားသူအနည်းအကျဉ်းရှိပြီး ရှမ်းပြည်နယ်ကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ရှိသည့်ဒေသများတွင် တိုင်းရင်းသားစာပေ၊ယဉ်ကျေးမှုအဖွဲ့မှ အကြီးအကဲများကဲ့သို့သော မိမိတို့ယုံကြည်လက်ခံသည့် လူကြီးများအား တိုင်ကြားပြီး ဖြေရှင်းယူကြသည်မျိုးလည်း ရှိပါသည်။

သုတေသနစစ်တမ်း မေးခွန်းတွင် အခြားဟု ဖြေဆိုသူများသည် - ရပ်ကွက်/ကျေးရွာအတွင်း ခိုက်ရန်ဖြစ်ပွားပါက ရပ်ရွာလူကြီး၊ တရားရုံး၊ ဆွေမျိုးများနှင့်သာ ဖြေရှင်းတိုင်ကြားလေ့ရှိသည်ဟု ဖြေဆိုထားကြပါသည်။ တချို့ဖြေဆိုကြသူများသည် မည်သူကိုမျှတိုင်ကြားခြင်းမရှိဟုလည်း ဖြေဆိုထားကြပါသည်။





ပုံ (၂.၁၁) မိမိသွားရောက်တိုင်ကြားသည့်အဖွဲ့အစည်းများမှ ဖြေရှင်းပေးခြင်းကို ကျေနပ်မှု ရှိ/ မရှိ





ပုံ (၂.၁၁) အစိုးရ၏ မူဝါဒအပြောင်းအလဲများကို သိရှိခြင်း ရှိ/ မရှိ

ဆက်လက်၍ အစိုးရ၏ မူဝါဒအပြောင်းအလဲများကို သိရှိပါသလားဟု ဆက်လက်မေးမြန်းခဲ့သည်။ ထိုသို့မေးမြန်းခဲ့ရာတွင် ဖြေဆိုသူဦးရေ၏ ၅၅ရာခိုင်နှုန်းက သိရှိပါသည်ဟု ဖြေကြားပြီး ၃၁ရာခိုင်နှုန်းက မသိရှိပါဟု ဖြေကြားခဲ့သည်။ ကျန်သည့် ၁၄ရာခိုင်နှုန်းက မပြောတတ်ပါဟု ဖြေကြားခဲ့ပါသည်။





ပုံ (၂.၁၂) ၁၀ နှစ်တာကာလအတွင်း သိသာထင်ရှားသော အပြောင်းအလဲများ

(၁၀) နှစ်တာကာလ အပြောင်းအလဲများကို တစ်ခုထက်ပိုသော အဖြေများဖြင့် စစ်တမ်းကောက်ယူခဲ့ရာတွင် ရပ်ရွာအဆင့်တွင် သိသာထင်ရှားသည့် မူဝါဒအပြောင်းအလဲမှာ ဖြေဆိုသူစုစုပေါင်း၏ ၅၄ ရာခိုင်နှုန်းက ပညာရေး၊ ၄၁ ရာခိုင်နှုန်းက နိုင်ငံရေး၊ ၂၇ ရာခိုင်နှုန်းက ကျန်းမာရေးမူဝါဒဟုဖြေဆိုသူနှင့် ၁၉ ရာခိုင်နှုန်းက စီးပွားရေးဟုဖြေဆိုကြပါသည်။ လူမှုရေးပိုင်းနှင့်ပတ်သက်သည့် အပြောင်းအလဲများကို တွေ့ရသည်ဟု ဖြေဆိုသူ ၁၁ ရာခိုင်နှုန်းနှင့် အခြားဟုဖြေသူ ၇ ရာခိုင်နှုန်းရှိပါသည်။ အခြားဟု ဖြေဆိုသူများသည် - လမ်းပန်းဆက်သွယ်ရေး၊ ဌာနဆိုင်ရာခြစားမှုများ၊ ဥပဒေပြုရေး၊ သဘာဝဘေးအန္တရာယ်၊ မူးယစ်ဆေးဝါး/ ဘိန်းစိုက်ပျိုးသုံးစွဲမှုလျော့နည်းလာခြင်း၊ နည်းပညာစသည်တို့တွင် ပြောင်းလဲမှုများရှိသည်ဟု ဖြေဆိုထားကြပြီး၊ ပြောင်းလဲမှုကို မသိပါဟုလည်း ဖြေဆိုထားကြပါသည်။




ပုံ (၂.၁၃) (၁၀) နှစ်တာအတွင်း နေထိုင်သည့်ဒေသအတွင်း ရာသီဥတု အခြေအနေ အပြောင်းအလဲများ


မိမိတို့ဒေသ၏ ရာသီဥတုအခြေအနေအပြောင်းအလဲများနှင့်ပတ်သက်ပြီး ဖြေကြားရာတွင် ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေထိုင်ကြသူများသည် ရာသီဥတုပိုမိုပူပြင်းလာသည်ကို သတိပြုမိကြသည်ဟု အဓိကဖြေကြားကြသည်။ ကျန်သည့်ပြည်နယ်နှင့်တိုင်းဒေသကြီးများကလည်း ယခင်နှင့်နှိုင်းယှဉ်လျှင်ပို၍ ပူပြင်းလာသည်ဟုဖြေကြားကြသည်။ ရာသီဥတုပို၍ ပြင်းထန်လာခြင်းကိုလည်း စစ်ကိုင်း၊ရန်ကုန်၊မကွေး တိုင်းဒေသကြီးများမှ အဓိကဖြေဆိုကြပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် လည်း ရာသီဥတုပြင်းထန်လာခြင်းကို သတိပြုမိလာကြသည်။ ရေကြီးမှုကို ရန်ကုန်၊ဧရာဝတီ၊ မကွေး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် နေထိုင်သူများအနေဖြင့် ကြုံတွေ့ရသည်ဟုလည်း ဖြေကြားကြပြီး စိုက်ပျိုးရေးအတွက် အခက်အခဲများ ကြုံတွေ့လာရခြင်းကိုလည်း ပြည်နယ်နှင့်တိုင်းဒေသကြီးများစွာက ပြဿနာအဖြစ် ဖော်ပြကြသည်။ အခြားဟု ဖြေဆိုသူများမှာ လေပြင်းတိုက်ခတ်ခြင်း၊ ကူးစက်ရောဂါများဖြစ်သည်ဟု ဖြေဆိုကြခြင်းဖြစ်ပါသည်။




ပုံ (၂.၁၄) နေထိုင်သည့် ဒေသတွင် ပြည်သူလူထုအား ကူညီပေးနေသည့် လူမှုရေးအသင်းအဖွဲ့များ ရှိ/ မရှိ


နေထိုင်သည့်ဒေသများတွင် ပြည်သူလူထုများအား ပံ့ပိုးကူညီပေးသည့် အဖွဲ့အစည်းများ ရှိပါသလားဟု မေးမြန်းရာတွင် ဧရာဝတီတိုင်းဒေသကြီးတွင် ၇၀ ရာခိုင်နှုန်းနှင့် ရှမ်းပြည်နယ်တွင် ၇၂ ရာခိုင်နှုန်းက ရှိပါသည်ဖြေဆိုပြီး ကျန်ဒေသများအားလုံးတွင် ၈၀ ရာခိုင်နှုန်းနှင့်အထက်က ရှိပါသည်ဟု ဖြေဆိုကြသည်။

ယင်းအဖွဲ့အစည်းများက မည်သို့သော အဖွဲ့အစည်းမျိုး ဖြစ်ပါသလဲဟူသည့် မေးခွန်းကို ဖြေကြားရာတွင် –





ပုံ (၂.၁၅) လူမှုရေးအသင်းအဖွဲ့များ၏ အမျိုးအစားများ

ကချင်ပြည်နယ်နှင့် ကယားပြည်နယ်မှအပ ကျန်သုတေသနပြုလုပ်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရပ်ရွာအခြေပြုအဖွဲ့အစည်း ရှိသည်ဟု ဖြေဆိုကြသူများမှာ ဖြေဆိုသူစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းဝန်းကျင်ခန့်ရှိပါသည်။ ကချင်ပြည်နယ်မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ရှိသည်ဟုလည်း ဖြေဆိုထားကြပါသည်။ ကချင်ပြည်နယ်တွင် ၆၀% ကျော်မှာ ဘာသာရေးအဖွဲ့ အစည်းများဟု ဖြေဆိုပါသည်။ အခြားဟု ဖြေဆိုသူများသည် - အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှု၊ နာရေးကူညီမှု၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဟု ဖြေဆိုထားကြပြီး အချို့မှာ လူမှုရေးအဖွဲ့များ မရှိပါဟု ဖြေဆိုထားကြ ပါသည်။





ပုံ (၂.၁၆) ဖြေဆိုသူများ ပါဝင်သည့် လူမှုရေးလုပ်ငန်း အမျိုးအစားများ

ဖြေဆိုသူများကိုယ်တိုင်ပါဝင်လုပ်ဆောင်သည့် လူမှုရေးလုပ်ငန်းများကို မေးမြန်းကြည့်ရာတွင် အများစုမှာ သာရေး၊ နာရေးလုပ်ငန်းများတွင် အဓိကပါဝင်ကြသည်ဟု ဖြေကြားကြသည်။အခြားဟု ဖြေဆိုသူများသည် - သွေးလှူအဖွဲ့၊ ဥပဒေအထောက်အကူပြုအဖွဲ့၊ ဘာသာရေးအဖွဲ့၊ မြစိမ်းရောင်ကျေးလက်စီမံကိန်း၊ လွှတ်တော်ကိုယ်စားလှယ်ရုံး၊ နိုင်ငံရေးအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၊ မိဘမဲ့ကလေးစောင့်ရှောက်မှုအဖွဲ့များတွင် ပါဝင်လုပ်ကိုင်နေကြသည်ဟု ဖြေဆိုထားကြပါသည်။ အချို့သည် မည်သည့်လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိဟု ဖြေဆိုထားကြပါသည်။





ပုံ (၂.၁၇) (၁၀) နှစ်တာကာလအတွင်း ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်လာသည့် အခြေခံ အဆောက်အဦများ

အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်လာမှုနှင့်ပတ်သက်ပြီး မေးမြန်းရာတွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာခြင်းကို အဓိကထားဖြေကြားကြပြီး ကုန်စည်စီးဆင်းမှုလွယ်ကူလာခြင်း၊ ဆက်သွယ်ရေး ပိုမိုကောင်းမွန်လာခြင်းကိုလည်း ဖြေကြားကြသည်။ ကျောင်း၊ဆေးရုံများဆောက်လုပ်လာခြင်းကိုလည်း ဖော်ပြကြပြီး ရောဝတီနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် လျှပ်စစ်မီးရရှိလာသည်ဟု ဖြေဆိုမှုအနည်းဆုံးဖြစ်သည်။ မော်တော်ဆိုင်ကယ်၊ ကားများ ပိုမိုအသုံးပြုလာကြပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း စက်ယန္တရားများ ပိုမိုအသုံးပြုလာကြသည်ဟုလည်း ဖြေဆိုကြပါသည်။




ပုံ (၂.၁၈) ရပ်ရွာအတွင်း အပြောင်းအလဲများကြောင့် သိသာထင်ရှားသည့် အခြေအနေများ


အပြောင်းအလဲများ၏ အကျိုးဆက်များကို တစ်ခုထက်ပိုသော အဖြေများဖြင့် စစ်တမ်းကောက်ယူခဲ့ရာတွင် ဖြေဆိုသူစုစုပေါင်း၏ ၅၂ ရာခိုင်နှုန်းက ဆက်သွယ်ရေးပိုမိုကောင်းမွန်လာသည်ဟု ဖြေဆိုကြပြီး၊ ၄၁ ရာခိုင်နှုန်းက ပညာရေးအခြေအနေ ကောင်းမွန်လာသည်ဟု ဖြေဆိုကြသည်။ ရပ်ကွက်ကျေးရွာများဖွံ့ဖြိုးတိုးတက်လာသည်ဟု ဖြေဆိုသူရာခိုင်နှုန်းမှာ ၃၄ ရာခိုင်နှုန်းရှိပြီး၊ ခရီးသွားလာရမှု တွင်ကျယ်လာသည်ဟု ဖြေဆိုသူရာခိုင်နှုန်း ၂၉ ရာခိုင်နှုန်း ရှိသည်။ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ် အသုံးပြုသူများပြားလာခြင်း၏ ဆိုးကျိုးတစ်ခုမှာ ယာဉ်မတော်တဆမှု များပြားလာခြင်းဟု ဖြေဆိုသည့် ရာခိုင်နှုန်းမှာ ၂၆ ရာခိုင်နှုန်းရှိပါသည်။ သို့ရာတွင် အချိန်မီဆေးရုံ၊ဆေးခန်းများသို့ ပို့ဆောင်ကုသမှုခံယူနိုင်သည့်အတွက် လူအသေအပျောက်နှုန်းလျော့နည်းလာသည်ဟု ဖြေဆိုသူဦးရေ ၁၈ ရာခိုင်နှုန်းရှိသည်။ လျှပ်စစ်မီးရရှိသည့်ဒေသများတွင် လျှပ်စစ်မီးနှင့်ဆက်စပ်သည့်လုပ်ငန်းများ လုပ်ကိုင်လာနိုင်သည့် အကျိုးကျေးဇူးရှိလာသည်ဟု ဖြေဆိုသည့်ရာခိုင်နှုန်းမှာ ၂၀ ရာခိုင်နှုန်း ရှိပါသည်။ ဈေးကွက်အခြေအနေ ပြောင်းလဲလာသည်ဟု ဖြေဆိုသည့် ရာခိုင်နှုန်းမှာ ၁၇ ရာခိုင်နှုန်းရှိသည်။ အခြားဟုဖြေဆိုသူ ၁ ရာခိုင်နှုန်းသည် စည်းကမ်းမဲ့ အမှိုက်ပစ်မှုနည်းပါးလာခြင်း၊ စီးပွားရေးကျဆင်းလာခြင်း၊ လုယက်မှုများ လျော့နည်းလာခြင်းစသည့် အခြေအနေများကို တွေ့ရှိရသည်ဟု ဖြေဆိုထားကြပါသည်။




ပုံ (၂.၁၈) ဒေသအတွင်းအပြောင်းအလဲများကြောင့် ပြည်သူလူထုအကြား
ထင်ရှားသည့် စာရိတ္တပိုင်းဆိုင်ရာ အပြောင်းအလဲများ

အကျင့်စာရိတ္တပိုင်းဆိုင်ရာ အပြောင်းအလဲများကို တစ်ခုထက်ပိုသော အဖြေများဖြင့် စစ်တမ်းကောက်ယူခဲ့ရာတွင် ဖြေဆိုသူစုစုပေါင်း၏ ၃၅ရာခိုင်နှုန်းက အရက်သောက်စားမူးယစ်ရမ်းကားမှု များပြားလာခြင်း၊ ၃၀ရာခိုင်နှုန်းက ကြွေးမြီယူ၍ ပြန်မဆပ်ခြင်း ၊ ၂၇ရာခိုင်နှုန်းက ငွေကြေးလိမ်လည်မှု၊ ၂၁ ရာခိုင်နှုန်းက လူမှုရေးဖေါက်ပြန်မှုများရှိလာခြင်း၊ ၁၇ ရာခိုင်နှုန်းက လောင်းကစားပြုလုပ်သူများလာခြင်း ၊ ၂၇ ရာခိုင်နှုန်းက မူးယစ်ဆေးဝါးသုံးစွဲမှုများပြားလာခြင်း၊ ၈ ရာခိုင်နှုန်းက ရာဇဝတ်မှု ထူပြောလာခြင်း စသည့် အကျိုးဆက်များရှိလာသည်ဟု ဖြေဆိုကြသည်။

# အခန်း – ၃
# ပညာရေး




ပုံ (၃.၁) ၁၀ နှစ်တာကာလအတွင်း ပညာရေးနှင့်ပတ်သက်သည့် အပြောင်းအလဲများ

၁၀နှစ်တာ ကာလအတွင်း ပညာရေးနှင့်ပတ်သက်သည့် အပြောင်းအလဲများကို သတိပြုမိခြင်းရှိမရှိကို မေးမြန်းကြည့်ရာတွင် အများစုက သတိပြုမိပါသည်ဟု ဖြေကြားကြသည်။ ပညာရေးနှင့်ပတ်သက်သည့် အပြောင်းအလဲကို အခြားအပြောင်းအလဲများထက် ရပ်ရွာဒေသများတွင် အပြောင်းအလဲများတွေ့ရှိရသည်ဟု ဖြေကြားကြသူများပါသည်။

ပညာရေးစနစ်နှင့်ပတ်သက်ပြီး မူလတန်းအဆင့်တွင် အပြောင်းအလဲများကို တွေ့ရှိရသည်ဟု ကျောင်းသားမိဘများ၊ ဆရာ/ဆရာမများနှင့် အုပ်ချုပ်ရေးမှူးများ၊ အန်နန်ဂျီအိုဝန်ထမ်းများက ဖြေဆိုကြသည်။တိုင်းရင်းသားဒေသများတွင် တိုင်းရင်းသား ဘာသာစကားကို ထည့်သွင်းသင်ကြားသည့် ကျောင်းများလည်း ရှိလာသည်ဟုဆိုသည်။ ပညာရေးမူဝါဒအသစ်ကြောင့် မူလတန်း ကျောင်းသားများ ဖတ်စာအုပ်နှင့် ကျောပိုးအိတ်၊ ဝတ်စုံတစ်စုံစီရရှိလာပါသည်ဟု မွန်ပြည်နယ်၊ မုဒုံမြို့နယ်မှ ဖြေကြားသည့် ဆရာ၊ ဆရာမများက ရှင်းပြကြသည်။ အခမဲ့ပညာရေးစနစ်ဖြစ်ပြီး ကျောင်းကော်မတီများဖွဲ့စည်း၍ မိဘနှင့်ဆရာပူးပေါင်း လုပ်ဆောင်မှုများ လည်းရှိသည်ဟု ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်မှ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံမေးမြန်းရာတွင် ဖြေကြားခဲ့သည်။

လက်ရှိနေထိုင်တဲ့အချိန်ထိတော့ ဒေသခံဆရာ၊ဆရာမတွေ အသုံးပြုတဲ့ အတွက် မူလတန်းအဆင့်မှာတော့ ကောင်းမွန်ပါတယ် ။ ထူးခြားမှုအနေနဲ့တော့ ဒေသခံဘာသာစကားကိုလည်း တစ်ချို့ကျောင်းတွေမှာ ထည့်သွင်းသင်ကြားနေတာတွေရှိပါတယ်။

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ပီကင်းကောခူကျေးရွာနေ
NGO ဝန်ထမ်းတစ်ဦး၏ ပြောကြားချက်

ပြည်သူတွေနဲ့ ထိတွေ့မှုရှိပါတယ်။ အခမဲ့ပညာရေးစနစ်ဆိုရင်လည်း မိဘတွေ ကျောင်းသားတွေ ရရှိတဲ့အခွင့်အရေးတွေ ဖြစ်ပါတယ်။ သင်ရိုးသစ်တွေလည်း G1, G2 မှာ စတင် သင်ကြားနေပါပြီ။ ကျောင်းကော်မတီဖွဲ့စည်းပြီးတော့ မိဘဆရာ ပူးပေါင်းပြီး ပွင့်လင်းမြင်သာ ဆောင်ရွက်နေပါပြီ။ မိဘသဘောထားတွေကို တောင်းခံပြီးမှ သဘောတူဆုံးဖြတ်ချက်နဲ့ လုပ်ဆောင်ပါတယ်။

ပညာရေးနဲ့ပတ်သက်လို့ အရင်က ကျောင်းအပ်တာကအစ ငွေကုန်၊ ကြေးကျရှိတယ်။ အခုတော့ ကျောင်းနေရရေးကို အဓိကထား ဦးဆောင်တယ်။ မရှိတဲ့ကလေးတွေကို အထောက်အပံ့ပေးတယ်။ အပြောင်းအလဲရှိလာတယ်။ တစ်နှစ် တစ်တန်းအောင်လာတယ်။

ဧရာဝတီတိုင်းဒေသကြီး။ လေးမျက်နှာမြို့နယ်၊ ဒေါင့်ကြီးအုပ်စုမှ
အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံမေးမြန်းချက်များမှ

မကွေးတိုင်းဒေသကြီး၊
သရက်မြို့
လေးတိုင်စင်ကျေးရွာ
စာသင်ကျောင်း



စာမေးပွဲအမှတ်ပေးစနစ်များ ပြောင်းလဲလာပါသည်။ အရည်အချင်းမပြည့်မီဘဲနှင့် ကလေးတစ်ယောက်အား အတန်းမတင်ပေးသင့်ပါ။ဆရာ၊ဆရာမများ လာဘ်ပေး၊ လာဘ်ယူမှုမရှိပါ။ကျောင်းအဆောက်အဦး၊ သင်ထောက်ကူပစ္စည်းများ မပြောင်းလဲပါ။မိဘများ ပိုက်ဆံအကုန်အကျ ပိုမိုသက်သာလာသည့်အတွက် မူလတန်းနှင့် အလယ်တန်း အခမဲ့ပညာရေးစနစ် ကောင်းလာတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ အိမ်ရှင်မတစ်ဦး၏ပြောကြားချက်**

သင်ရိုးညွှန်းတမ်းပြောင်းလဲခြင်းကိုလည်း သဘောကျသော်လည်း ဆရာ/ဆရာမများအနေဖြင့် သင်ကြားပေးနိုင်စွမ်းရှိ၊မရှိကို သံသယရှိသည်။ ထို့အပြင် အလယ်တန်း၊ အထက်တန်းအဆင့်များတွင် ဆရာ/ဆရာမအင်အားမလုံလောက်ဘဲ ကျူရှင်များကို အားကိုးနေရသေးသည့်အခြေအနေတွင်ရှိနေသည်။ သင်ထောက်ကူပစ္စည်းများ အနည်းငယ်ပိုမိုကောင်းမွန်လာသည်ကို အသိအမှတ်ပြုကြသည်။

အလယ်တန်း၊ အထက်တန်းပိုင်းမှာတော့ ဆရာ/ဆရာမ မလုံလောက်မှုတွေရှိနေပါတယ်။ အထက်တန်းဆိုရင်တော့ ကျူရှင်တွေကို အားကိုးနေရတဲ့အခြေအနေမှာရှိပါတယ်။ သင်ရိုးညွှန်းတမ်းပြောင်းလဲသွားတာနဲ့ ပတ်သက်ပြီးတော့ ကောင်းပါတယ် ၊ သင်ရိုးညွှန်းတမ်းအတိုင်း ဆရာ/ဆရာမတွေ သင်နိုင်မလားဆိုတာတော့ စောင့်ကြည့်ဖို့ လိုမယ်လို့ ထင်မြင်မိပါတယ်။

**ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊**
**NGO ဝန်ထမ်းတစ်ဦး၏ ပြောကြားချက်**


အတန်းတင်ပေးခြင်းနှင့် ကုစားစနစ်ကိုမူ မကြိုက်ကြချေ။ ကလေးများ စာစိတ်မဝင်စားဘဲ အချိန်တန်လျှင် အတန်းတက်ရမည်ဆိုသည့် စိတ်မျိုးရှိစေသည်ဟုလည်း ထောက်ပြကြသည်။ အရည်အချင်းမပြည့်မီဘဲ အတန်းတင်ပေးခြင်းက ကျောင်းသားများကို မနိုင်ဝန်ထမ်းရစေနိုင်သည်။ အဆိုးရွားဆုံးဖြစ်နိုင်သည့်အခြေအနေမှာ စာမလိုက်နိုင်သည့်အတွက် ကျောင်းမနေချင်တော့သည်အထိ ဖြစ်လာနိုင်သည်။ ကျောင်းသားတစ်ဦးကို တစ်ကြိမ်သာ အတန်းတင်နိုင်၊ ကုစားခွင့်ပြုသည့်စနစ်ဆိုလျှင် ပို၍ကောင်းမည်ဟု ထင်မြင်သည်။သင်ရိုးညွှန်းတမ်းပြောင်းသွားသော်လည်း အချို့သော ဆရာ၊ဆရာမများအနေဖြင့် ယခင်အသုံးပြုသည့်စနစ်ဖြင့်သာ အသုံးပြုနေသည်လည်းရှိသည်ဟု ဆိုပါသည်။ အခမဲ့ပညာရေးစနစ်ဟုဆိုသော်လည်း ကျောင်းအပ်ခမပေးရရုံသာဖြစ်ပြီး အခြားအကြောင်းပြချက်များဖြင့် ငွေတောင်းခံမှုများမှာမူ ရှိနေပါသေးသည်။

တချို့ဆရာတွေကျတော့လည်း အရင်လိုပဲ သင်ကြတာပါ။ စာတွေ တော့ပြောင်းသွားတယ်။ ကောင်းပါတယ်။ နိုင်ငံတော်ကပြောင်းဖို့လိုအပ်လို့ ပြောင်းတယ်လို့ပဲ ထင်ပါတယ်။ အတန်းတင်ပေးတာကတော့ သိပ်မကောင်းပါ။ ကလေးတွေ စာစိတ်ဝင်စားမှုကို နှောင့်နှေးစေတယ်လေ အချိန်တန်ရင် အတန်းကအောင်မှာပဲဆိုပြီးတော့လေ။

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့ အမှတ် (၄) ရပ်ကွက်နေ
အသက် – ၄၀ အရွယ်အစိုးရဝန်ထမ်းတစ်ဦး

စာမကြေညက်ဘူးလို့ထင်တယ်။ တစ်တန်းတက်ရမဲ့ စာတတ်သွားရင် ကောင်းတယ်။ ကလေးတွေက အချိန်တန်ရင် အတန်းတက်ရမယ်လို့ စိတ်ဝင်သွားတဲ့အတွက် စာလုပ်ချင်တဲ့စိတ် နည်းပါးသွားတယ်။


ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်မှ
ကျောင်းဆရာမကြီးတစ်ဦး၏ ပြောကြားချက်များမှ




ပုံ (၃.၂) သဘာဝဘေးအန္တရာယ်များ/ စစ်ဘေးစစ်ဒဏ်ခံရသည့်ဒေသများတွင် ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားမှု ထိခိုက်ခြင်းရှိ/မရှိ


မေးမြန်းခဲ့သည့်ဒေသများအနက် အချို့မှာ သဘာဝဘေးအန္တရာယ်နှင့် စစ်မက်ဖြစ်ပွားနေသည့်အခြေအနေများရှိနေသည့်အတွက် ယင်းဘေးအန္တရာယ်များကြောင့် ပညာသင်ကြားမှုကို ထိခိုက်မှုရှိမရှိကို မေးမြန်းခဲ့ပါသည်။ စစ်မက်ပဋိပက္ခများဖြစ်ပွားနေသည့် ကချင်ပြည်နယ်တွင် ပြေးလွှားနေရသည့်ကလေးများအနေဖြင့် ပညာရေးထိခိုက်မှုများရှိပြီး ရေကြီးတတ်သည့် ဧရာဝတီ၊ ပဲခူး၊ မကွေးနှင့် ရန်ကုန်တိုင်းဒေသကြီးများရှိဒေသများတွင် ရေအလွန်ကြီးမှသာ ကျောင်းများခေတ္တပိတ်ခြင်းမျိုးရှိသည်ဟု ဆိုပါသည်။ ပညာသင်ကြားရေးကို ထိခိုက်လောက်သည့် အခြေအနေမျိုးမရှိပါဟု ဖြေကြားကြပါသည်။

မေးမြန်းခဲ့သည့်ဒေသများအနက် စိတ်ဝင်စားစရာအချက်မှာ ရန်ကုန်တိုင်းဒေသကြီးမှ ဖြေဆိုသူများ၏ ၅၇ ရာခိုင်နှုန်းခန့်က ထိခိုက်သည်ဟုဖြေဆိုကြပြီး စစ်မက်ဖြစ်ပွားမှုများရှိနေသည့် ရှမ်းပြည်နယ်တွင် ၄၅ ရာခိုင်နှုန်းခန့်ရှိသည်ဟု ဖြေကြား၍ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှဖြေဆိုသူများ၏ ၄၀ ရာခိုင်နှုန်းနီးပါးကသာ ပညာရေးတွင် ထိခိုက်မှုရှိသည်ဟု ဖြေဆိုကြသည်။




ပုံ (၃.၃) ပညာသင်ကြားနိုင်သည့် အခွင့်အရေး ပိုမိုများပြားလာခြင်း ရှိ/မရှိ

ပညာသင်ကြားနိုင်သည့်အခွင့်အရေး ပိုမိုများပြားလာသည်ဟု ထင်ပါသလားဟူသည့် မေးခွန်းကို ၈၇ ရာခိုင်နှုန်းက ထင်ပါသည်ဟု ဖြေဆိုပြီး ၈ ရာခိုင်နှုန်းက မထင်ပါဟု ဖြေဆိုကြ၍ ၅ ရာခိုင်နှုန်းကမပြောတတ်ပါဟုဖြေဆိုပါသည်။




ပုံ (၃.၄) ကျောင်းပညာရေးအပေါ် ကျောင်းသူ/သားများ တန်ဖိုးထားမှု သို့မဟုတ် စိတ်ပါဝင်စားမှု ရှိ/ မရှိ

ကျောင်းပညာရေးအပေါ် ကျောင်းသား/ကျောင်းသူများအနေဖြင့် တန်ဖိုးထားမှု၊ စိတ်ဝင်စားမှု ရှိသည်ဟု ထင်ပါသလားဟု မေးမြန်းရာတွင် အများစုမှာ ထင်ပါသည်ဟု ဖြေဆိုကြပါသည်။ သို့ရာတွင် ကျောင်းသား၊ကျောင်းသူများနှင့် တိုက်ရိုက်ထိတွေ့နေကြသည့် အချို့ဆရာမများကမူ လူငယ်များအနေဖြင့် စာကို သိပ်စိတ်မဝင်စားတော့သည့်အကြောင်းကိုလည်း ဆွေးနွေးထားပါသည်။ ဆိုရှယ် မီဒီယာများ၊ ဖုန်းများနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများ ရှိလာသည့်မြို့ပြနေရာများတွင် အထူးသဖြင့် စာသင်ကြားမှုတွင် ထိခိုက်မှုရှိသည်ဟု ဖြေကြား ကြပါသည်။

မူလတန်းနှင့်အလယ်တန်း အခမဲ့ပညာရေးစနစ်အပေါ်မှာ ကောင်းပါတယ်။ ကိုယ်ပိုင်အထက်တန်းကျောင်း နှစ်ကျောင်းရှိ။ နဝရတ်၊ success။ လူငယ်တွေ စာမကျက်ကြတော့ဘူး။ ကျောင်းနေအရွယ် လူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှုများ ရှိတယ်။ တွေ့ရတယ်။ ရန်ဖြစ်အဆောက်အဦးတွေ ဖျက်ဆီးတာကြုံတွေ့ရ။ အစိုးရကျောင်းကိုတန်ဖိုးထားမှုအားနည်းပြီး ကိုယ်ပိုင်ကျောင်းကို အားသာလာတယ်။ စိတ်ဝင်စားမှုအားနည်းတယ်။


ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊
ကျောင်းဆရာမတစ်ဦး၏ ထင်မြင်ယူဆချက်

ကလေးမိဘ အလိုလိုက်၊ ကလေးတွေရဲ့ဆန္ဒတွေ မလွန်ဆန်၊ စာမသင်၊ ကျောင်းမနေမှာကြောက်လို့။ ပညာကိုစိတ်မဝင်စားတဲ့ကလေးတွေက အစကတည်းက စာကိုစိတ်မဝင်စားတာ။ ပညာကိုလိုလားတဲ့ ကလေးက အောက်ခြေကနေအစ ကြိုးစားတယ်။ မွန်ပြည်နယ်တွင် တိုးတက်ဖို့ အပိုင်းက အရေးလုပ်မှုအပိုင်း၊ တန်ဖိုးထားမှုအပိုင်းတွေ တော်တော့်ကို လိုအပ်တယ်။

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝတ်မြို့ ကမာဝက်ရပ်ကွက်တွင်
အုပ်စုဖွဲ့မေးမြန်းရာတွင် ဆွေးနွေးချက်များမှ



ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊
လှိုင်းဘုန်းကျေးရွာအုပ်စု၊ လှိုင်းဘုန်း အ.ထ.က ကျောင်းမှ
အလယ်တန်းပြဆရာနှင့် တွေ့ဆုံမေးမြန်းခြင်း




ပုံ (၃.၅) ပြောင်းလဲလာသည့် ပညာရေးစနစ်နှင့် အညီ ကျောင်းသူ/သားများ၏
အရည်အချင်းများလည်း တိုးတက်လာခြင်း ရှိ/မရှိ

ပြောင်းလဲလာသည့်ပညာရေးစနစ်နှင့်အညီ ကျောင်းသူ၊ကျောင်းသားများ၏ ပညာအရည်အချင်း ပိုမိုတိုးတက်ကောင်းမွန်လာသည်ဟု ထင်ပါသလားဟူသည့် မေးခွန်းကို မေးမြန်းခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီးတွင် ဖြေကြားသူများ၏ ၄၀ ရာခိုင်နှုန်းကျော်က ထင်ပါသည်ဟု ဖြေပြီး ကျန် ၄၀ ရာခိုင်နှုန်းခန့်က မထင်ပါဟု ဖြေဆိုထားပါသည်။ မွန်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဖြေကြားသူများ၏ ၇၀ ရာခိုင်နှုန်းကျော်က ထင်ပါသည်ဟု ဖြေကြားထားပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဖြေဆိုသူဦးရေ၏ ၅၀ ရာခိုင်နှုန်းအထက်ကမူ အရည်အချင်းပို၍ တိုးတက်လာသည်ဟု ထင်မြင်ကြောင်း ဖြေဆိုကြပါသည်။

ရှေးယခင်ထက်စာလျှင် ၁၀၀ ရာခိုင်နှုန်းတွင် ၉၀ ရာခိုင်နှုန်းလောက်က အထက်တန်း အဆင့်ထိ တက်ရောက် သင်ကြားလာနိုင်ကြသည်ဟု ထင်မိပါသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့
ဘုရားဖြူရပ်ကွက်တွင်နေထိုင်သည့် ပအိုဝ်လူငယ်တစ်ဦး၏ ဖြေကြားချက်

သို့ရာတွင် လူမှုသုတေသနစစ်တမ်းများတွင်မူ ကျောင်းသားများ၏ ပညာအရည်အချင်းနှင့်ပတ်သက်ပြီး ပြည့်ဝလာသည်ဟု မထင်ကြသူများလည်း အများအပြားရှိသည်။

ပညာရေးစနစ်ပြောင်းလဲမှုကို ကောင်းသွားတယ်လို့ မထင်ဘူး။ သင်ရိုးညွှန်းတမ်း ပြောင်းလဲမှုကို မသိပါ။ ကျောင်းသားတွေရဲ့ အရည်အချင်းပြည့်ဝလာတယ်လို့ မထင်ဘူး။မကောင်းဘူးလို့ထင်တယ်။


မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်ဒေသတွင်နေထိုင်သူ တစ်ဦး၏ ပြောကြားချက်

ပညာရေးစနစ်ပြောင်းလဲမှုကို ကောင်းသွားတယ်လို့ မထင်ဘူး။ သင်ရိုးညွှန်းတမ်း
ပြောင်းလဲမှုကို မသိပါ။ ကျောင်းသားတွေရဲ့အရည်အချင်းပြည့်ဝလာတယ်လို့ မထင်ဘူး။မကောင်းဘူးလို့ထင်တယ်။

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ဒေါင့်ကြီးအုပ်စုမှ
ရွာသူ/ရွာသား ၁၁ ဦးနှင့် အုပ်စုဖွဲ့ဆွေးနွေးချက်မှ


ကလေးတွေက ပညာရေးမှာ အောက်သက်မကျေဘူး။ ဆယ်တန်းရောက်တာ
တောင် စာလုံးပေါင်းမမှန်တာရှိတယ်။ အစိုးရ၏ပံ့ပိုးကူညီမှုဖြင့် လူမှုဝန်ထမ်းဌာနက ဆံပင်ညှပ်၊ ပန်းချီ၊ ပန်းပုသင်
တန်းတွေ ဖွင့်လှစ်ပေးထားတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တွင်နေထိုင်သည့်
လူမှုကူညီမှုအဖွဲ့တစ်ခုမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၏ ပြောကြားချက်





ပုံ (၃.၆) ပညာရေးစနစ် ပို၍ကောင်းမွန်လာခြင်း ရှိသည်ဟု ထင်ပါသလား။

ဆက်လက်၍ ပညာရေးစနစ် ပို၍ကောင်းမွန်လာသည်ဟု ထင်မြင်ပါသလားဟူသည့် မေးခွန်းကို ထပ်မံမေးမြန်းခဲ့ရာတွင်လည်း ရန်ကုန်တိုင်းဒေသကြီးမှ ဖြေဆိုသူများ၏ ၄၈ ရာခိုင်နှုန်းခန့်နှင့် ရှမ်းပြည်နယ်မှ ဖြေဆိုသူများ၏ ၅၁ ရာခိုင်နှုန်းက ကောင်းမွန်လာသည်ဟု ဖြေကြားပြီး မွန်ပြည်နယ်မှ ဖြေကြားသူများ၏ ၈၀ ရာခိုင်နှုန်းကျော်က ပို၍ ကောင်းမွန်လာသည်ဟု ထင်မြင်ကြောင်း ဖြေဆိုခဲ့ကြပါသည်။ ကျန်ဒေသများမှ ဖြေဆိုသူများသည် ၆၀ ရာခိုင်နှုန်း နီးပါးနှင့် ၆၀ ရာခိုင်နှုန်းအထက် ထင်ပါသည်ဟု ဖြေဆိုကြသည်။ မထင်ပါဟု ဖြေဆိုကြသူဦးရေမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၃၀ ရာခိုင်နှုန်းကျော်၊ ကချင်ပြည်နယ်တွင် ၂၀ ရာခိုင်နှုန်းကျော်၊ ဧရာဝတီတိုင်း ဒေသကြီးတွင် ၁၅ ရာခိုင်နှုန်းကျော်ခန့်ရှိသည်။




ပုံ (၃.၆) မိုဘိုင်းဖုန်းပေါ်များလာသည့်အတွက် ကျောင်းသား/သူများ
ပညာသင်ယူမှုအပေါ်တွင် အကျိုးသက်ရောက်မှု ရှိ/မရှိ


မိုဘိုင်းဖုန်းများ အသုံးပြုမှုများပြားလာခြင်းကြောင့် ကျောင်းသား၊ကျောင်းသူများ၏ ပညာသင်ကြားရေးတွင် အကျိုးသက်ရောက်မှု ရှိ၊မရှိကိုလည်း စစ်တမ်းတွင် မေးမြန်းခဲ့သည်။ အများစုက ဆိုးကျိုးပိုများသည်ဟုဖြေကြားကြပြီး ကောင်းကျိုးရော ဆိုးကျိုးပါရှိသည်ဟု ဖြေဆိုသူများလည်းရှိပါသည်။ သို့ရာတွင် မိုဘိုင်းဖုန်းများကို စနစ်တကျ ကောင်းကျိုးအတွက်အသုံးပြုနိုင်သည်ဟု ထင်မြင်သူဦးရေမှာ နည်းပါးလှသည်။




ပုံ (၃.၈) ဒေသအတွင်းဘွဲ့ရများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရှိ/ မရှိ

ပညာရေးစနစ်နှင့်ဆက်စပ်ပြီး ဘွဲ့ရပညာတတ်များအနေဖြင့် သင်ကြားထားသည့် ပညာများကို ပြန်လည်အသုံးချခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရှိမရှိကိုလည်း မေးမြန်းခဲ့ကြပါသည်။ အများစုက အလုပ်အကိုင်အခွင့်အလမ်းများမရှိဟု ဖြေကြားကြပြီး ဤမေးခွန်းကို ဖြေဆိုသူဦးရေ၏ ရာခိုင်နှုန်းအတော်များများကလည်း မသိပါ၊ မပြောတတ်ပါဟု ဖြေကြားသည်ကို တွေ့ရှိရပါသည်။ ဒေသတွင်းအလုပ်အကိုင်များရှားပါးသည့်အတွက် ရွှေ့ပြောင်းလုပ်သားများအဖြစ် လုပ်ကိုင်ကြရပြီး ဘွဲ့ရပညာတတ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းမှာ အကန့်အသတ်ရှိနေသည်ဟု ဖြေဆိုကြပါသည်

# အခန်း – ၄
# အလုပ်အကိုင်၊အခွင့်အလမ်းများနှင့် စီးပွားရေးအခြေအနေများ




ပုံ (၄.၁) ရပ်ရွာဒေသများရှိ အဓိက အလုပ်အကိုင်/စီးပွားရေး

သုတေသနပြုလုပ်ခဲ့သည့် နေရာများတွင် ရပ်ရွာဒေသများရှိ အဓိက အလုပ်အကိုင်နှင့် စီးပွားရေးလုပ်ငန်းများအား မေးမြန်းရာတွင် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ နေ့စား၊ ကျပန်းအလုပ်သမားများနှင့် ကုမ္ပဏီဝန်ထမ်းတို့ အများဆုံးဖြစ်ပြီး အခြားဒေသများအားလုံးတွင် အဓိကအသက်မွေးသည့်လုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည်။ အခြားဒေသများ၏ ဒုတိယအများဆုံး အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ နေ့စားအလုပ်လုပ်ကိုင် သူများနှင့် ကြုံရာကျပန်းလုပ်ကိုင်ကြသူများဖြစ်ကြပါသည်။ တတိယအသက်မွေးကျောင်းလုပ်ငန်းမှာ ဈေးသည်များ ဖြစ်ကြပါသည်။

ဆက်လက်၍ ၁၀နှစ်တာကာလအတွင်း စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းအခြေအနေများ သိသိသာသာ ပြောင်းလဲလာပါသလားဟု မေးမြန်းခဲ့ပါသည်။




ပုံ (၄.၂) နေထိုင်သည့် ရပ်ရွာဒေသများတွင်
အဓိကအလုပ်အကိုင်/ စီးပွားရေးများ (၁၀) နှစ်တာကာလအတွင်းပြောင်းလဲခြင်း ရှိ/မရှိ

ယင်းသို့မေးမြန်းရာတွင် မေးမြန်းသူဦးရေ၏ ၄၅ ရာခိုင်နှုန်းကမပြောင်းလဲပါဟုဖြေကြားပြီး ၄၃ ရာခိုင်နှုန်းက ပြောင်းလဲပါသည် ဟု ဖြေကြားပါသည်။ ကျန်သည့် ၁၂ ရာခိုင်နှုန်းကမူ မပြောတတ်ပါဟု ဖြေကြားခဲ့ပါသည်။

ဒီဒေသကတော့ သင်ဖျာလုပ်ကိုင်စားကြတယ်။ တချို့က သင်ဖြူး သင်ဖျာ မလုပ်တတ်တဲ့သူကတော့ ဒီနှစ်ပိုင်းဆိုရင် အပြင်ထွက်ပြီး ဆိုဒ်တွေထဲလိုက်ပြီး ထွက်လုပ်တယ်။ ထိုင်းမှာသွားပြီး အလုပ်လုပ်တယ်။ ရန်ကုန်ကိုတက်ပြီး အလုပ်လုပ်တယ်။ အိမ်တစ်အိမ် မိသားစု (၅)ယောက်ရှိရင် (၃)ယောက်လောက် (၂)ယောက်လောက်က ရန်ကုန်ထွက် အလုပ်လုပ်တာရှိတယ်။ ပြန်ပို့တာလေးနဲ့ ကျန်ခဲ့တဲ့သူတွေစားကြရတယ်။ တချို့ကလည်း မိန်းမကို ကလေးငယ်နဲ့ထားခဲ့ပြီး ယောကျ်ားက သွားအလုပ်လုပ်တယ်။ ပြန်လာတော့အကြွေးဆပ်နဲ့ အရင်အတိုင်းပဲ မပြေလည်ပါဘူး။

**ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ဒေါင့်ကြီးအုပ်စု၌**
**အုပ်စုဖွဲ့မေးမြန်းရာတွင် ပါဝင်သူများ၏ ဆွေးနွေးချက်**

လက်ရှိ ကျွန်တော်ကဝန်ထမ်းအလုပ် လုပ်ပါတယ်။ မိသားစုက တောင်သူ၊ လယ်ယာကိုမှီခိုလုပ်ကိုင် နေကြတယ်။ ကျွန်တော်တို့ဒေသမှာ စက်မှုထွန်းကားလာခြင်းကြောင့် အလုပ်အတွက် အချိန်သက်သာပေမဲ့ကုန်စည်များမရှိတဲ့အတွက် အလုပ်မတွင်ကျယ်ဘဲ စီးပွားရေးကျဆင်းပါတယ်။

**ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ပုံဖြွမ်းကျေးရွာမှ ပအို့ဝ်လူငယ်တစ်ဦးအားမေးမြန်းချက်မှ**

အရောင်းအဝယ်၊ ပွဲရုံ။ စက်မှုထွန်းကားမှု သိပ်မရှိပါ။ အလုပ်အကိုင်အခွင့်အလမ်းရှားပါးလာသည့်အတွက် စက်ရုံ၊ အလုပ်ရုံရှိသော မြို့ကြီးများနှင့် အခြားနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြသောကြောင့် ပိုဆိုးလာပါတယ်။


ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)၊ မိုးညိုမြို့နယ်၊
ထိန်တောအုပ်စု၊ ထောက်ကြန့်ရွာမှ ရပ်မိရပ်ဖတစ်ဦး၏ ပြောကြားချက်မှ

အဓိကလယ်ယာစိုက်ပျိုးရေးကိုလုပ်ကိုင်နေပါတယ်။အခြားမြို့/နိုင်ငံခြားသို့ အလုပ်သွားလုပ်တဲ့သူများရှိပါတယ်။ တစ်ချို့က အဆင်ပြေပါတယ်၊ တစ်ချို့ကအကြွေးတောင်တင်နေသေးတယ်။

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ဝါရီကောခူကျေးရွာမှ
လူငယ်ခေါင်းဆောင်တစ်ဦးအားမေးမြန်းချက်မှ



တောင်ကြီးဈေး ငါးရက်ဈေးနေ့




ပုံ (၄.၃) နေထိုင်သည့်ဒေသတွင် စားဝတ်နေရေးအခြေအနေ ပို၍ပြေလည်လာခြင်း ရှိ/ မရှိ


၁၀ နှစ်တာကာလအတွင်း စားဝတ်နေရေးအခြေအနေပို၍ ပြေလည်လာပါသလားဟူသည့်မေးခွန်းကို ဖြေဆိုရာတွင် မွန်ပြည်နယ်မှ ၆၀ ရာခိုင်နှုန်းကျော်က ပြေလည်လာပါသည်ဟုဖြေဆိုပြီး သုတေသနပြုလုပ်ခဲ့သည့် ကျန်တိုင်းဒေသကြီး/ပြည်နယ်များမှ ဖြေဆိုသူများ၏ ၅၀ ရာခိုင်နှုန်းအောက်ကသာ ပြေလည်လာသည်ဟု ဖြေဆိုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် စားဝတ်နေရေး ပိုမိုပြေလည်လာသည်ဟု ဖြေဆိုခဲ့သူမှာ ၂၀ ရာခိုင်နှုန်းရှိပြီး၊ ပဲခူးတိုင်းဒေသကြီးတွင်မူ ၂၀ ရာခိုင်နှုန်းအောက်ရှိခဲ့ပါသည်။

စားဝတ်နေရေးကမပြေလည်ဘူး။ တောင်သူလုပ်တယ် နယ်ထွက်တယ် ပြည်ပသွားတယ်။ ဆယ်အိမ်မှာ ခုနစ်အိမ်က ဆင်းရဲတယ်။ အလယ်အလတ်ကတော့ သုံးအိမ်ပေါ့။ ကိုယ့်စပါးကိုယ် စားရတယ် ကိုယ့်ဒေသကတော့ ချေးလို့ငှားလို့လွယ်တယ်။ ငွေချေးအဖွဲ့အစည်းတွေက အကြွေးသံသရာလည်နေတယ် ဟိုပခုံး ပြောင်း ဒီပခုံးပြောင်း။

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ မဒဲမြောက်ရွာမှ တောင်ယာလုပ်ကိုင်သူတစ်ဦးအား မေးမြန်းချက်မှ

စားဝတ်နေရေးကတော့ ပုံမှန်ပါပဲ။ အလုပ်အကိုင်ကတော့ လယ်ယာတွေ လုပ်ကြတယ်၊ အရောင်းအဝယ်တွေ ရှိကြတယ်။ ပြီးတော့ရွှေတူးတဲ့သူတွေလဲရှိတာပေါ့။ အိမ်ဆယ်အိမ်မှာတော့ နှစ်အိမ်သုံးအိမ်လောက်ကတော့ ဆင်းရဲကြတယ်။ ကျန်တာကတော့ အလယ်အလတ်ပေါ့။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ရွာတွင် လှက်ရည်ဆိုင်ဖွင့်သူတစ်ဦးအား မေးမြန်းချက်မှ




ပုံ (၄.၄) နေထိုင်သည့်ရပ်ကွက်/ ကျေးရွာများတွင် ဆင်းရဲ၊ ချမ်းသာကွာခြားမှု ပိုများလာခြင်း ရှိ/မရှိ

ဆက်လက်မေးမြန်းခဲ့သည့် မေးခွန်းမှာ မိမိတို့နေထိုင်သည့် ရပ်ကွက်/ကျေးရွာများတွင် ဆင်းရဲ၊ချမ်းသာကွာခြားမှု ပိုများလာသည်ဟု ထင်ပါသလားဟု မေးမြန်းခဲ့ရာတွင် ပဲခူးတိုင်းဒေသကြီးမှ ဖြေဆိုသူများက ၆၀ ရာခိုင်နှုန်းကျော်၊ ကချင်ပြည်နယ်၊ ရန်ကုန်၊ မကွေးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ဖြေကြားသူများက ၅၀ ရာခိုင်နှုန်းကျော်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း ဒေသကြီးမှ ဖြေဆိုသူများ၏ ၄၀ ရာခိုင်နှုန်းကျော်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့မှ ဖြေကြားသူများ၏ ၄၀ ရာခိုင်နှုန်းနီးပါးက ထင်ပါသည်ဟုဖြေကြားပြီး မထင်ပါ/မပြောတတ်ပါဟု ဖြေကြားသူအရေအတွက်မှာလည်း များပြားလှပါသည်။

ပုံမှန်မိသားစုက ပြေလည်ပါတယ်။ ကားမောင်း၊ ဆေးလိပ်လိပ်၊ ဈေးရောင်းတယ်။ ၁၀ အိမ်မှာ ၄ အိမ်လောက်ကချမ်းသာတယ်။ ၅ အိမ်က အသင့်အတင့်၊ ၁ အိမ်ကဆင်းရဲတယ်။ ချမ်းသာတဲ့အိမ်က အရမ်းချမ်းသာတယ်။ ဆင်းရဲတဲ့အိမ်က အရမ်းဆင်းရဲတယ်။ ဆင်းရဲတဲ့အိမ်တွေက ညစောင့်၊ ဆေးလိပ်လိပ်တယ်။ အလယ်အလတ်အိမ်တွေက အဖေကကားမောင်း၊ အမေကဈေးရောင်း၊ အိမ်အလုပ်လုပ်၊ ချမ်းသာတဲ့အိမ်တွေကခြံတွေ လယ်တွေရှိတော့ မြို့ပေါ်မှာမိသားစုတွေပညာသင်နိုင်တယ်။


ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့မှ စာဖတ်ခန်းတစ်ခုတွင် မေးမြန်းချက်မှ

ဆင်းရဲချမ်းသာ ကွာဟမှုများပြားပါတယ်။ ဆင်းရဲတဲ့မိသားစုတွေက အိမ်တွင်းဖြစ် လက်လုပ်မုန့်များ ရောင်းချခြင်း၊ နေ့စားအလုပ်သမား၊ အနေးယာဉ်၊ ဆိုင်ကယ်၊ တက္ကစီ၊ တချို့မှာ အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်ကြပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့ အမှတ် (၂) ရပ်ကွက်၊
ရတနာပုံလမ်းမှ သွားဆရာဝန်တစ်ဦးအား မေးမြန်းချက်များမှ

မပြေလည်ဘူး။ ကြုံရာကျပန်းလုပ်တာများတယ်။ ချမ်းသာတာက လက်ချိုး ရေရင် အယောက်နှစ်ဆယ်လောက်ပဲရှိတယ်။ ဆင်းရဲတာကများတယ်။ ၈၀ ရာခိုင်နှုန်းလောက်ရှိတယ်။ ဆင်းရဲ၊ ချမ်းသာ အများကြီးခြားတယ်။ သရက်မြို့အတိုင်းအတာမှာ။

မကွေးတိုင်းဒေသကြီး၊ သရက်မြို့ ရှစ်လေးလုံးပြည်သူ့ပါတီဖြစ်မြောက်ရေးကော်မတီခံတစ်ဦး၏ ပြောကြားချက်မှ




ပုံ (၄.၅) ဒေသအတွင်း ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်လာခြင်း ရှိ/မရှိ


မိမိတို့ဒေသမှပြည်သူများ၏ လူနေမှုအဆင့်အတန်းများ တိုးတက်လာသည်ဟု ထင်မြင်ပါသလားဟူသည့် မေးခွန်းကို ဖြေကြားကြရာတွင် မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့မှ ဖြေဆိုသူများ၏ ၈၀ ရာခိုင်နှုန်းကျော်က တိုးတက်လာပါသည်ဟု ဖြေကြားပါသည်။ ကယားပြည်နယ်မှ ဖြေကြားသူများ၏ ၈၀ ရာခိုင်နှုန်းနီးပါးကလည်း တိုးတက်လာသည်ဟု ဖြေကြားကြသည်။ ရှမ်းပြည်နယ်နှင့်မကွေးတိုင်းဒေသကြီးတို့မှ ဖြေကြားသူများ၏ ၇၀ ရာခိုင်နှုန်း ၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဖြေဆိုသူများ၏ ၆၀ ရာခိုင်နှုန်းကျော်တို့ကလည်း လူနေမှုအဆင့်အတန်းများတိုးတက်လာသည်ဟု ဖြေဆိုကြသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်ကြသည့် ဖြေဆိုသူဦးရေ၏ ၄၀ ရာခိုင်နှုန်းကသာ တိုးတက်သည်ဟု ထင်မြင်ပြီး ၅၀ ရာခိုင်နှုန်းနီးပါးကမူ မထင်ပါဟု ဖြေဆိုကြသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းလာတော့ သွားရေးလာရေး အဆင်ပြေ ချောမွေ့စေတယ်။ အရင်ကအလုပ်ရချင်ရင် ဆက်သွယ်ရေးမကောင်းတော့ အဆင်မပြေဘူး အခုတော့ လမ်းပန်းဆက်သွယ်ရေးကောင်းလာတော့ ကလေးတွေအလုပ်လျှောက်ရတာအဆင်ပြေတယ် အရင်ကဆို ညအိပ်အခုဆို နေ့ချင်းပြန်ရောက်လာတယ်။ စီးပွားရေးလုပ်ငန်းအတွက် ငွေချေးမှုတွေရှိလာတော့ ဒီရွာအတွက် ဦးကကောင်းလာမယ်လို့ ထင်ပါတယ်။

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ သဘော်အင်းအုပ်စု၊
ကျွန်းတော်ကျေးရွာတွင် နေထိုင်သူတစ်ဦး၏ ပြောကြားချက်

ကျောင်း၊ ဆေးရုံတွေလည်း ပြောင်းလဲပါတယ်။ ပုဂ္ဂလိက ဆေးရုံတွေလည်း ခုရှိလာတယ်။ အရင်ကမရှိပါ။ မီးရပါတယ်။ မီးရတော့လုပ်ငန်းတွေ ပိုတွင်ကျယ်လာပါတယ်။ ကွန်ပျူတာလုပ်ငန်းတွေ မီးနှင့်ဆက်စပ်တဲ့ ပစ္စည်းတွေလည်း လူတွေပိုသုံးလာကြတယ်။ စက်မှုလယ်ယာက ထွန်စက်တွေတော့ ခုနောက်ပိုင်း တော်တော်အလုပ်ဖြစ်လာပါတယ်။ လက်တွန်းထွန် စက်တွေလည်း သုံးလာကြတယ်။ ဆိုင်ကယ်၊ ကားပြင် စက်ချုပ်၊ ရက်ကန်း၊ ကွန်ပျူတာစာစီစာရိုက်၊ vinyl လုပ်ငန်းတွေ လုပ်ကြပါတယ်။ဖုန်းတာဝါတိုင်တွေလည်း တော်တော်ထောင်လာတယ်။ ခုနောက်ပိုင်းပေါ့လေ။ အရင်ကတော့ ကြိုးဖုန်းပဲ ရှိတာကို။

**မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့ အမှတ် (၄) ရပ်ကွက် တွင်နေထိုင်သူ ဝန်ထမ်းတစ်ဦး၏ ပြောကြားချက်များမှ**





ပုံ (၄.၆) ဝင်ငွေဝင်ထွက် မျှတမှုရှိ/မရှိအပေါ် အမြင်

ဆက်လက်၍ ဝင်ငွေနှင့်ထွက်ငွေမျှတမှုရှိမှု အခြေအနေကို မေးမြန်းရာတွင် ဖြေဆိုသူစုစုပေါင်း၏ ၇၇ ရခိုင်နှုန်းက ဝင်ငွေထွက်ငွေမျှတမှုရှိသည် မထင်ပါဟု ဖြေဆိုကြပါသည်။ သုတေသနပြုလုပ်ခဲ့သည့် ဒေသများတွင် ဖြေဆိုသူများ၏ အများဆုံး ၂၀ ရာခိုင်နှုန်းကျော်က ဝင်ငွေထွက်ငွေ မျှတသည်ဟု ဖြေဆိုခဲ့သည်မှာ မွန်ပြည်နယ်နှင့် ကချင်ပြည်နယ်ဖြစ်ပြီး၊ မကွေးတိုင်းဒေသကြီးတွင်မူ ဝင်ငွေထွက်ငွေမျှတသည်ဟု ဖြေဆိုခဲ့ခြင်းမှာ ၅ ရာခိုင်နှုန်းကျော် ရှိပါသည်။

စုဆောင်းမိတာမရှိဘူး။ ဝင်ငွေထွက်ငွေ မမျှတဘူး။ အကြွေးတင်တာတွေ များတယ်။ အဲဒီအကြွေးတွေကြောင့် တရားရုံးမှာ အရှုပ်အရှင်းတွေ ဖြေရှင်းနေကြရတယ်။

**မကွေးတိုင်းဒေသကြီး၊ သရက်မြို့ ရှစ်လေးလုံးပြည်သူ့ပါတီဖြစ်မြောက်ရေးကော်မတီ၏ နိုင်ငံရေး ပါတီဖြစ်မြောက်ရေးကော်မတီ တာဝန်ခံ**





ပုံ (၄.၇) ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ အခြေအနေ

ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာသည်ဟု ထင်ပါသလားဟူသည့်မေးခွန်းကို ဖြေကြားရာတွင် မွန်ပြည်နယ်တွင် ၆၀ ရာခိုင်နှုန်းကျော်၊ ကချင်ပြည်နယ်တွင် ၅၅ ရာခိုင်နှုန်းကျော်က များလာသည် ထင်ပါသည်ဟု ဖြေဆိုကြပြီး ကျန်သည့်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်မူ ၃၀ ရာခိုင်နှုန်းဝန်းကျင်ကသာ အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာသည်ဟု ဆိုကြသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ယာဉ်၊စက်ကိရိယာများအသုံးပြုလာခြင်း၏ ကောင်းကျိုးတစ်ခုအနေဖြင့် ဒေသအတော်များများတွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ လက်မှတ်ရောင်းစသဖြင့် ဘတ်စ်ကားလိုင်းများ၊ အငှားယာဉ်များတွင် လုပ်ကိုင်ကြသကဲ့သို့ မော်တော်ဆိုင်ကယ်တက်စီသမားများ လည်းပေါများလာသည်ဟု ဆိုကြပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည့် ဒေသများတွင် ကုန်စည်စီးဆင်းမှုအားကောင်းလာခြင်းအတွက် ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှုကိုလည်း လုပ်ဆောင်လာကြသည်ဟု ဆိုပါသည်။ သို့ရာတွင် လက်မှုလယ်ယာမှ၊ စက်မှုလယ်ယာဖြစ်လာသည့်အတွက် လယ်ယာလုပ်ငန်းတွင် လုပ်ကိုင်ကြသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးလာခြင်းကြောင့်လည်း အခြားရေကြည်ရာ၊ မြက်နုရာဒေသများသို့ ရွှေ့ပြောင်းလုပ်ဆောင်ကြသည်ကိုလည်း ပြောပြကြသည်။ ရာသီဥတုအခြေအနေအပြောင်းအလဲများကြောင့် သီးနှံများအထွက်နှုန်းကျခြင်း၊ ပျက်စီးခြင်းနှင့်ဈေးမရခြင်း အခြေအနေများကြောင့် လယ်ယာဆက်မလုပ်တော့သူများလည်း ရှိလာသည်ဟု မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဖြေကြားသူအချို့က ရှင်းပြကြပါသည်။



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊
သရက်မြို့ ပါးပွတ်ကျေးရွာအုပ်စု၊
ပါးပွတ်ကျေးရွာအဝင်တံတား




ပုံ (၄.၈) ရပ်ရွာဒေသများတွင် ရှိသောအလုပ်အကိုင်အခွင့်အလမ်းများ


ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းများကို ဆွေးနွေးကြရာတွင် ကယား၊ ကချင်၊ မွန်နှင့် ရှမ်းပြည်နယ်များတွင် လယ်ယာမြေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများကို အဓိကထားဖြေဆိုကြပြီး ရန်ကုန်တိုင်းဒေသကြီးတွင် အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီများ၊ပြင်ပဝန်ထမ်းများနှင့် သုံးခွမြို့နယ်မှ ဖြေကြားကြသူများက လယ်ယာမြေလုပ်ငန်းကိုလည်း ထည့်သွင်းဖြေကြားကြသည်။

ဘွဲ့ရပညာတတ် ကျောင်းသူ/ကျောင်းသားများစွာရှိတယ်။ ဒါပေမဲ့ ဘွဲ့ရပြီးသူများအတွက် အလုပ်ရဖို့ အဆင်သင့်မရှိနေချေ။ တချို့ဘွဲ့ရတွေက အစိုးရမှ အလုပ်အကိုင် အခွင့်အလမ်းမဖန်တီးပေးနိုင်၍ တချို့က လယ်လုပ်ကြတယ်။ တချို့က စိုက်ပျိုးရေး လုပ်ကိုင်ကြတယ်။ တချို့သောသူများသည် ကုမ္ပဏီအလုပ် လျှောက်ထားလုပ်ကိုင်ကြတယ်။ ဘွဲ့ရပညာတတ် ကျောင်းသူ/သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးမပေးနိုင်သောကြောင့် ဘွဲ့ရပြီး အလုပ်အကိုင် အာမခံမရသောကြောင့် နောက်တက်လာတဲ့ ကျောင်းသူ/သားတွေကလဲ စာတတ်ရုံနှင့် ၈တန်း၊ ၁၀တန်းဆို ကျောင်းထွက်ကြတယ်။ ကျောင်းထွက်ပြီးတော့ ကိုရီးယား၊ ဂျပန်သွားရောက် အလုပ်အကိုင်လုပ်ကြဖို့၊ သင်တန်းတက်ကြတယ်။ အိမ်တွေကလဲ စီးပွားရေးမပြေလည်တာတွေ ဝင်ငွေထွက်ငွေမမျှတတာနဲ့ ပြည်ပနိုင်ငံသို့ ထွက်ခွာကြရသည်ကို အတွေ့ရများလာတယ်။

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်မြို့တွင်
အုပ်စုဖွဲ့မေးမြန်းဆွေးနွေးချက်များမှ


အရင်က တစ်ယောက်နှစ်ယောက်ဆိုရင် အခုဆယ်နှစ်တာကာလမှာ လေးငါးဆယ်လောက် နိုင်ငံခြားသွားကြတယ်။ နိုင်ငံခြားငွေလဲလှယ်နှုန်းက မြန်မာငွေနှင့်စာရင် မြင့်တော့ မိသားစုအတွက် အထောက်အပံ့ဖြစ်တယ်။ နိုင်ငံတော်ငွေကြေးဖောင်းပွမှုနှင့် သက်ဆိုင်တယ်လို့ထင်ပါတယ်။ အိမ်မှာလဲ သွားတဲ့သူ ရှိပါတယ်။ အဆင်ပြေတယ်။

**မကွေးတိုင်းဒေသကြီး၊ သရက်မြို့ ပါးပွတ်ကျေးရွာအုပ်စုမှ**
**အုပ်ချုပ်ရေးမှူးတစ်ဦးအား မေးမြန်းချက်များမှ**




ပုံ (၄.၉) (၁၀)နှစ်တာကာလအတွင်း ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ပြောင်းလဲခြင်း ရှိ/ မရှိ (အိမ်တွင်းလုပ်ငန်း/ အသေးစား စက်ရုံ/ အလုပ်ရုံစသည့်)

ဆက်လက်၍ ၁၀ နှစ်တာကာလအတွင်း ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ပြောင်းလဲမှုရှိပါသလားဟု မေးမြန်းခဲ့ရာတွင် မွန်ပြည်နယ်မှ ဖြေဆိုသူများ၏ ၆၀ ရာခိုင်နှုန်းကျော်က ပြောင်းလဲမှုရှိသည်ဟု ဖြေကြားကြပါသည်။ မွန်ပြည်နယ်အနေဖြင့် အိမ်တွင်းလုပ်ငန်း၊ အသေးစားစက်ရုံ၊ အလုပ်ရုံများနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အပံ့အချို့ရရှိလာကြပြီး ထိုင်းနိုင်ငံနှင့် ကုန်သွယ်ဆက်ဆံရေးများရှိလာသည့်အတွက်လည်း လုပ်ဆောင်သည့်လုပ်ငန်းများ ပြောင်းလဲလာသည်ဟု ဖြေဆိုကြခြင်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးမှ ဖြေဆိုသူများ၏ ၂၀ ရာခိုင်နှုန်းအောက်က အပြောင်းအလဲများရှိသည်ဟု ဖြေဆိုကြပါသည်။




ပုံ (၄.၁၀) ရပ်ရွာဒေသများတွင် သီးနှံအထွက်နှုန်းများကောင်းမွန်ခြင်း ရှိ/ မရှိ


ဒေသတွင် သီးနှံအထွက်နှုန်းများကောင်းလာပါသလားဆိုသည့်မေးခွန်းကို ဖြေကြားကြရာတွင် မွန်ပြည်နယ်မှ ဖြေဆိုသူများ၏ ၇၀ ရာခိုင်နှုန်းကျော်က ကောင်းမွန်လာသည်ဟုဆိုပါသည်။ ဓါတ်မြေသြဇာများ၊ ခေတ်မီနည်းစနစ်များကို အသုံးပြုလာသည့်အတွက် ရာသီဥတုအခြေအနေကောင်းမွန်လျှင် အထွက်နှုန်းကောင်းမွန်သည်ဟု မုဒုံမြို့နယ်၊ ကမာဝက်မှဖြေဆိုသူများက ဖြေကြပါသည်။ ဧရာဝတီတိုင်းဒေသကြီးမှ ဖြေဆိုသူများကလည်း ရာသီဥတုအခြေအနေကောင်းမွန်ပါက အထွက်နှုန်းကောင်းသည်ဟု ဖြေဆိုပါသည်။ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှဖြေဆိုကြသူများကမူ ရေကြီးခြင်း၊ ပိုးကျခြင်းနှင့်ဓါတ်မြေသြဇာ အသုံးပြုမှုများကြောင့် သီးနှံအထွက်နှုန်းများ ထင်သလောက်မတိုးတက်လာဟု ဖြေဆိုသူဦးရေက ပို၍များပါသည်။

ကုန်ကျစရိတ်များ။ ပြည်ပထွက်တာများတော့ အလုပ်သမားရှားလာ။ ရိတ်သိမ်းစရိတ်များလာ။ ရာသီဥတုဖောက်ပြန်လို့ ခပ်မြန်မြန်လုပ်ရတော့ အလုပ်သမားခပိုကုန်တယ်။ ဆေးဝါးသုံးစွဲမှု တက်တယ်။ ပိုကုန်။ ပုံမှန်မရှိဘူး။ အထွက်နှုန်းမလျော့ပါ။

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ မဒဲတောင်ရွာမှ ရပ်ရွာအကြီးအကဲတစ်ဦး၏ ဖြေကြားချက်မှ

(၁၀)နှစ်တာ ကာလအတွင်း စိုက်ပျိုးရေးနှင့် ပတ်သက်ပြီး ပြောင်းလဲသွားပါတယ်။ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာပါတယ်။ လုပ်သားလည်းရှားပါးလာပါတယ်။ မြေသြဇာသုံးရပါတယ်။ ပိုးသတ်ဆေးလည်း သုံးရတယ်။ အဲ့တာမှသာ အပင်တွေ ဖွံ့ဖြိုးလာပါတယ်။ တစ်နှစ်ထက်တစ်နှစ် ပိုးအကျများလာတဲ့အတွက် ပိုးသတ်ဆေးတွေ သုံးရပါတယ်။ ဓာတ်မြေသြဇာတို့လည်း သုံးမှသာ ရနိုင်မှာပါ။ ဘာမှမလုပ်ဘဲ သဘာဝအတိုင်းဘဲဆို အပင်တွေက မဖြစ်ပွားလာတော့ပါဘူး။ မစားသုံးရတော့ပါဘူး။

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ဆင်တပ်ကျေးရွာမှ
မူလတန်းကျောင်းအုပ်နှင့်တွေ့ဆုံမေးမြန်းချက်မှ




ပုံ (၄.၁၁) ရပ်ရွာဒေသများတွင် သီးနှံဈေးကွက် တည်ငြိမ်ကောင်းမွန်မှု ရှိ/မရှိ

သင်တို့နေထိုင်သည့်ရပ်ရွာဒေသတွင် သီးနှံဈေးကွက်တည်ငြိမ်ကောင်းမွန်မှုရှိပါသလားဟု မေးမြန်းခဲ့ ရာတွင် အများစုမှာ မကောင်းမွန်ပါဟု ဖြေဆိုခဲ့ပါသည်။ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် နှင့် ကချင်ပြည်နယ်တို့မှ ဖြေဆိုသူ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကျော်က မကောင်းပါဟုဖြေဆိုခဲ့ကြပါသည်။

သီးနှံဈေးကွက်မှာတော့ ထက်ဝက်နှုန်းနဲ့ကို ကွာဟမှုတွေဖြစ်နေတယ် (ဥပမာ... ပြောင်း၊ အရင်က တစ်ပိဿာကို ၆၅၀ – ၇၀၀ ရှိနေတယ် အခုလက်ရှိမှာ တစ်ပိဿာကို ၃၀၀ – ၃၅၀ တောင် အရည်အသွေးကောင်းမှ ဝယ်ကြတယ်)

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ဝါဆောင်ကျေးရွာမှ အစိုးရဝန်ထမ်းတစ်ဦးအား မေးမြန်းချက်မှ

ဈေးကွက်ကပျက်နေ။သီးနှံဈေးကွက်ကို ဖွင့်ပေးတာက ပွဲရုံ၊ မန္တလေးဈေးကွက်ကနေ ဖွင့်နေတာ တရုတ်၊ အိန္ဒိယ အများဆုံးတင်သွင်းရပါတယ်။


မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ မဒဲတောင်ရွာမှ ရပ်ရွာအကြီးအကဲတစ်ဦး၏ ဖြေကြားချက်မှ

သီးနှံဈေးနှုန်းကတော့ ပြောမနေနဲ့ အရမ်းဈေးကောင်းလာတယ်။ အရင်က ခရမ်းချဥ်သီး တစ်ပိဿာကို (၁၀၀၊ ၅၀)ကိုမနည်း အခုများ အနည်းဆုံး တစ်ပိဿာကို (၃၀၀) ဖြစ်လာတယ်။ သီးနှံ ဈေးကွက်အခြေအနေလည်း ကောင်းပါတယ်။ အရမ်းလည်းရောင်းကောင်းလာတယ်။ အခုကသန့်ရှင်းလတ်ဆတ်တဲ့ အသီးအရွက်တွေများလာတော့ ဈေးရောင်းအား ကောင်းလာတယ် ဈေးကွက်မှာလည်း တွင်ကျယ်လာတယ်။

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ အမှတ်(၁) ရပ်ကွက်တွင်နေထိုင်သူတစ်ဦး၏ ဖြေကြားချက်မှ

စက်မှုကြောင့် စိုက်ပျိုးရေးအဆင်ပြေလာပေမဲ့ သီးနှံဈေးကွက်မရှိတာကြောင့် တောင်သူများအခက်အခဲရှိလာပြီး နိုင်ငံခြားသွားမှုများလာပါတယ်။

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊
ဆီဆိုင်မြို့နယ်၊ နောင်မွန်ကျေးရွာ ဒေသခံတစ်ဦး၏ ပြောကြားချက်မှ





ပုံ (၄.၁၂) နေထိုင်သည့် ရပ်ရွာဒေသတွင် ငွေစု/ ငွေချေး လုပ်ငန်းများ ရှိ/ မရှိ

သင်တို့နေထိုင်သည့် ရပ်ရွာဒေသတွင် ငွေစု၊ ငွေချေးလုပ်ငန်းများရှိပါသလားဟု မေးမြန်းရာတွင် သုတေသနပြုလုပ်ခဲ့သည့်ဒေသများတွင် ဖြေဆိုသူစုစုပေါင်း၏ ၈၆ ရာခိုင်နှုန်းက ရှိသည်ဟု ဖြေကြားကြပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် မေးမြန်းခဲ့သည့် နေရာအားလုံးနီးပါးက ရှိပါသည်ဟု ဖြေဆိုကြပြီး ရှမ်းပြည်နယ်တွင်ဖြေဆိုသူများ၏ ၃၀ ရာခိုင်နှုန်းကျော်က မရှိဟု ဖြေဆိုသည်ကို တွေ့ခဲ့ရပါသည်။


မြကျွန်းသာ၊မြစိမ်းရောင်စတဲ့စီမံကိန်းတွေရှိတယ်။ပြေလည်တဲ့သူ ပြေလည်ကြတယ်။ မပြေလည်သူလည်းရှိတယ်။ ဆေးရုံတက်ရင် ၁ သိန်းထောက်ပံ့တယ်။ မွေးမြူရေးလုပ်မယ်ဆိုရင် ၃၀၀၀၀ ထောက်ပံ့တယ်။ ငွေချေးပြီး ပြန်မဆပ်နိုင်ကြတာများတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ လှည်းဆိပ်ကျေးရွာမှ လက်ထောက်ကျန်းမာရေးမှူးအားမေးမြန်းချက်မှ




ပုံ (၄.၁၃) ငွေစု/ ငွေချေးများကြောင့် စီးပွားရေးအခြေအနေများ ပိုမိုကောင်းမွန်လာခြင်း ရှိ/မရှိ

ငွေစု၊ငွေချေးလုပ်ငန်းများကြောင့် စီးပွားရေးအခြေအနေ ကောင်းမွန်လာသည်ဟု ထင်ပါသလားဟု မေးမြန်းရာတွင် ကချင်ပြည်နယ်မှ ဖြေကြားသူများက ထင်ပါသည်ဟု ဖြေဆိုသူဦးရေမှာ ၇၀ ရာခိုင်နှုန်းနီးပါး ရှိပါသည်။ မွန်ပြည်နယ်နှင့် ကယားပြည်နယ်မှ ဖြေဆိုသူများ၏ ၆၀ ရာခိုင်နှုန်းကျော်က အခြေအနေကောင်းမွန်လာသည်ဟု ဖြေဆိုကြပါသည်။ ရောဝတီ၊ ပဲခူး၊ မကွေး၊ စစ်ကိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ဖြေဆိုကြသူများက မထင်ပါဟု ဖြေဆိုသူဦးရေကပို၍များနေပါသည်။ ရောဝတီတိုင်းဒေသကြီးတွင် ဖြေဆိုသူဦးရေအားလုံးနီးပါးက Pact အဖွဲ့၊ UNDP အဖွဲ့များ၊ ကမ္ဘာ့ဘဏ်၊ အစိုးရစီမံကိန်းများဖြစ်သည့် မြစိမ်းရောင် ကဲ့သို့စီမံကိန်းများကို သိနေကြပြီး အနည်းဆုံးငွေစု၊ ငွေချေးအဖွဲ့တစ်ဖွဲ့ရှိနေသည်ဟု ဖြေဆိုခဲ့ ကြသည်။ သို့သော် ငွေစု၊ ငွေချေးလုပ်ငန်းများကြောင့် ကြွေးမြီများထူပြောလာပြီး ပြန်မဆပ်နိုင်သည့်အတွက် အခြားဒေသများသို့ ရွှေ့ပြောင်းကြရသူများလည်း များပြားလာသည်ကို ရှင်းပြကြပါသည်။





ပုံ (၄.၁၄) ငွေစု/ ငွေချေးလုပ်ငန်းများကြောင့် ကြွေးမြီးပြဿနာများ ရှိလာသည်ဟု ထင်/ မထင်

ငွေစု၊ ငွေချေးလုပ်ငန်းများကြောင့် ကြွေးမြီပြဿနာများ ရှိလာသည်ဟု ထင်ပါသလားဆိုသည့် မေးခွန်းကို မေးမြန်းရာတွင် ဧရာဝတီတိုင်းဒေသကြီးတွင် ဖြေဆိုသူစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းနီးပါးက ထင်ပါသည်ဟု ဖြေကြားကြပြီး၊ မကွေးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ၇၀ ရာခိုင်နှုန်းနီးပါးရှိပါသည်။

> ကြွေးမြီတင်တာတွေ့ရတယ်။ချေးငွေကိစ္စကြောင့်လည်း အမှုရင်ဆိုင်ရတာတွေရှိတယ်။ စီးပွားရေးလုပ်ငန်းအတွက် အစိုးရအနေဖြင့် အသေးစားချေးငွေများရှိသည်။
>
> ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ကုန်းသာကျေးရွာမှ
> အနန်နဂ်ီအိုဝန်ထမ်းတစ်ဦးအားမေးမြန်းချက်မှ

> ကြွေးတင်တာတွေ ရှိတယ်။တစ်နေ့ကို ၂၀၀၀ ၊ ၃၀၀၀ ပဲရတယ်။ ကြွေးမြီတွေ ရှိတယ်။ မနှစ်က အကြွေး ဒီနှစ်မကျေကြဘူး။
>
> ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ရှမ်းရွာ အနောက်ကျေးရွာတွင်
> နေထိုင်သူများအား အုပ်စုဖွဲ့မေးမြန်းခြင်းမှ

> အကြွေးရှိတယ် ဆန်အိတ်တစ်အိတ်ကို အဟောင်းပေးအသစ်ယူ စားကြတယ်။ အခုလည်း အကြွေးတွေရှိပါတယ်။ ရပ်ရွာထဲမှာတော့ ချေးငွေကိစ္စကြောင့် အမှုရင်ဆိုင်ရတာတော့ မရှိပါဘူး။ ငွေစုငွေချေးအဖွဲ့ တစ်ဖွဲ့ရှိပါတယ်။ မြစိမ်းရောင်အဖွဲ့ဖြစ်ပါတယ်။
>
> ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ အမှတ်(၁)ရပ်ကွက်တွင် နေထိုင်သည့်
> ကြံ့ရာကျပန်းလုပ်ကိုင်သည့် အမျိုးသမီးတစ်ဦးအားမေးမြန်းချက်များမှ





ပုံ (၄.၁၅) ဒေသမှ နိုင်ငံရပ်ခြားသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသူများ ရှိ/ မရှိ

သင်တို့ဒေသတွင် နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသူများ ရှိပါသလားဟူသည့် မေးခွန်းကို မေးမြန်းရာတွင် ဖြေဆိုသူစုစုပေါင်း၏ ၇၈ ရာခိုင်နှုန်းက နိုင်ငံရပ်ခြားသို့ သွားရောက် အလုပ်လုပ်ကြသူများရှိကြသည်ဟု ဖြေကြပါသည်။ သုတေသနပြုလုပ်မေးမြန်းခဲ့သည့်ဒေသများအနက် ကချင်ပြည်နယ်၊ ရွှေကူမြို့တွင်မေးမြန်းခဲ့သူအများစုမှာ နိုင်ငံခြား သွားအလုပ်လုပ်ကိုင်ကြသူများ မရှိပါဟုဖြေဆိုကြပါသည်။ ဧရာဝတီတိုင်းဒေသကြီးရှိ အချို့နေရာများတွင်မူ စီးပွားရေးမပြေလည်သည့်အတွက် မွေးရပ်မြေကို စွန့်ခွာ၍ ရေကြည်ရာမြက်နုရာသို့ သွားရောက်လုပ်ကိုင်ကြသည်ဟု ဖြေဆိုကြပါသည်။ မကွေးတိုင်းဒေသကြီးမှ ဖြေဆိုသူအများအပြားက စီးပွားရေးအဆင်ပြေနေခြင်းမှာ နိုင်ငံရပ်ခြားသွားရောက်လုပ်ကိုင်ကြသည့်သူများ ပြန်ပို့သည့်ငွေကြေးများကြောင့်ဟု ဆိုပါသည်။

မပြေလည်ပါ။ မွေးရပ်မြေကိုစွန့်ခွာပြီး ရေကြည်ရာမြက်နုရာ တချို့က ရှာကြတယ်။ ပဲဈေးက မကောင်းဘူး။ ဒါကြောင့် ဘဏ်ချေးငွေ မဆပ်နိုင်ဘူး။ ဒီနှစ်မှာ အခက်အခဲ ရှိတယ်။ လမ်းမှာ နေ့စားလုပ်တဲ့ သူရှိသလို ရာသီချိန်မှာတော့ လယ်၊ ကိုင်း လုပ်ကြသလို သင်ဖျာလုပ်ငန်းလည်း လုပ်ကိုင်ကြတယ်။ တံတားလုပ်ငန်း၊ ကမ်းဆယ်လုပ်ငန်း တွေမှာလည်း လုပ်ကိုင်ကြတယ်။ (၁၀)အိမ်မှာ (၇)အိမ်လောက်က ဆင်းရဲကြတယ်။ (၃) အိမ်လောက်က အလယ်အလတ် ချမ်းသာတာက အိမ် (၁၀၀)မှာ (၁) အိမ်လောက်ပဲရှိတယ်။


ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်
အမှတ် – ၂တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တွေ့ဆုံမေးမြန်းချက်များမှ




ပုံ (၄.၁၆) နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်ရသည့် အကြောင်းအရင်း


နိုင်ငံရပ်ခြားသို့သွားရောက်ကြရခြင်း၏ အဓိကအကြောင်းရင်းများကို တစ်ခုထက်ပိုသော အဖြေများဖြင့် စစ်တမ်းကောက်ယူခဲ့ရာတွင် စုစုပေါင်းဖြေဆိုမှုများ၏ ၄၁.၅ ရာခိုင်နှုန်းသည် စီးပွားရေးအခြေအနေကြောင့်ဟု ဖြေကြပါသည်။ ဖြေဆိုမှုများ၏ ၂၅.၄ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံတွင် ရရှိသည့် လုပ်ခ၊ လစာများမလုံလောက်သည့်အတွက်ဟု ဖြေကြပါသည်။ ၂၈.၇ ရာခိုင်နှုန်းကမူ အလုပ်အကိုင်အခွင့် အလမ်းရှားပါးလာခြင်းကြောင့်ဟု ဆိုပါသည်။ ၃.၇ ရာခိုင်နှုန်းကမူ မသိပါ/မပြောတတ်ပါဟုဖြေဆိုခဲ့ကြပါသည်။

# အခန်း – ၅
# အစားအစာဖူလုံမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှု




ပုံ (၅.၁) သင်တို့နေ့စဉ်စားသုံးသည့်အစားအစာများ

နေ့စဉ်စားသုံးသည့်အစားအစာများကို တစ်ခုထက်ပိုသော အဖြေများဖြင့် စစ်တမ်းကောက်ယူခဲ့ရာတွင် စုစုပေါင်းဖြေဆိုမှု၏ ၃၁.၃ ရာခိုင်နှုန်းက ထမင်း၊ ဆန်နှင့်လုပ်သည့်အစားအစာများဟု ဖြေဆိုပြီး ဂျုံနှင့်လုပ်သည့်ခေါက်ဆွဲ၊ မုန့်များမှာ ၄.၇ ရာခိုင်နှုန်း၊ ဟင်းသီးဟင်းရွက် ၁၈.၁ ရာခိုင်နှုန်း၊ မုန့်ပဲသရေစာ ၇.၃ ရာခိုင်နှုန်း၊ ဆီကြော်မုန့်များ ၅.၇ ရာခိုင်နှုန်း၊ ဘဲဥ၊ ကြက်ဥ ၁၄ ရာခိုင်နှုန်း၊ အသား၊ ငါး ၁၄.၇ ရာခိုင်နှုန်း၊ ပြည်ပမှလာသည့် မုန့်များ၊ သရေစာများ ၃.၁ ရာခိုင်နှုန်းနှင့် အခြားဟုဖြေဆိုမှုမှာ ၁.၁ ရာခိုင်နှုန်းရှိပါသည်။ အခြားဟု ဖြေဆိုသူများသည် လက်ဖက်ရည်၊ ကော်ဖီ၊ ငါးပိရည်တို့စရာ၊ အသီးအနှံဟု ဖြေဆိုထားကြပါသည်။




ပုံ (၅.၂) နေ့စဉ်သုံးနေသည့် အစားအစာများသည် ကျန်းမာရေးအရ လုံခြုံစိတ်ချမှုပေါ် အမြင်

စစ်ကိုင်းတိုင်း ဒေသကြီး ဟုမ္မလင်းမြို့နယ်မှ ဖြေဆိုသူများ၏ ၆၀ ရာခိုင်နှုန်းကအစားအစာများသည် ကျန်းမာရေးအတွက် လုံခြုံမှုရှိသည်ဟု ထင်ကြောင်း ဖြေဆိုပြီး ရှမ်းပြည်နယ်တောင်ကြီးနှင့်နမ့်ဆန်မြို့နယ်များမှ ဖြေဆိုသူစုစုပေါင်း ၏ ၄၈ ရာခိုင်နှုန်းခန့်က လုံခြုံမှုရှိသည် ထင်သည်ဟု ဖြေဆိုခဲ့သည်။ မွန်ပြည်နယ်မှ ဖြေဆိုသူများ၏ ၄၀ ရာခိုင်နှုန်းကလည်း အစားအစာများမှာ လုံခြုံစိတ်ချမှုရှိပါသည်ဟု ဖြေခဲ့ပါသည်။ တွေ့ဆုံမေးမြန်းခဲ့ရာတွင် ဖြေဆိုချက်များမှာမူ အောက်ပါအတိုင်းဖြစ်ပါသည်။

FDA ကိုသိရှိပါတယ်။ ကျနော်တို့ဒေသမှာ အရေးယူဆောင်ရွက်ခြင်းများမရှိပါ။
တရုတ်မှ တင်သွင်းသော အစားအစာများ၊ အေးခဲအသားများလွတ်လပ်စွာရောင်းချနေတာရှိနေပါတယ်။ ပြည်တွင်းထုတ် အစားအစာကို သာစစ်ဆေးပြီးတော့ ပြည်ပမှ လာသောအစားအစာမစစ်ဆေးပေးပါဘူး။
ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့တွင် အုပ်စုဖွဲ့ဆွေးနွေးမေးမြန်းချက်များမှ

အစားအသောက်နဲ့ပတ်သက်ပြီး စီစစ်ကွပ်ကဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းတွေမရှိပါဘူး။ မရှိတာကိုလဲ အရမ်းရှိစေချင်ပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ အစားအသောက်တွေရော၊ နိုင်ငံခြားမှတင်သွင်းလာတဲ့အစားအသောက်တွေရော တကယ်စနစ်တကျစီမံခန့်ခွဲပြီးတော့တိတိကျကျ ဗဟိုက တကယ့်စနစ်တကျကောင်းကောင်းမွန်မွန်ပိုပြီးတော့ စစ်ဆေးစေချင်ပါတယ်။ ဘာလို့လဲဆိုတော့ တစ်နိုင်ငံလုံးက အစားအသောက်တွေတော်တော်များများဟာ လုံခြုံမှုမရှိတဲ့အစားအသောက်တွေလို့ ယူဆရပါတယ်။

ဆိုးဆေးပါတဲ့အစားအသောက်တွေတင်သွင်းတယ်၊ ပေါတယ်။ အခုနောက်ပိုင်းကတော့ တရုတ်ပစ္စည်းကတော့ နည်းလာတယ်။ ကလေးစားစရာမုန့်တွေဆိုရင်လဲနည်းလာတယ်။ ဒါပေမဲ့အခုမြန်မာပြည်မှာ ဖြန့်ဖြူးရောင်းချနေတဲ့ အစားအသောက်တွေအကုန်လုံးကို ဂရုစိုက်ပြီးတော့ တိတိကျကျလုပ်ပေးစေချင်ပါတယ်။


စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ နောင်ပိုအောင်ရွာ၊ ဘုရားကြီးထန်းရပ်ကွက်၊
တိုက်နယ်ဆေးရုံသွေးလှူရှင်ခေါင်းဆောင်၏ ပြောကြားချက်များမှ



မွန်ပြည်နယ်၊မုဒုံမြို့နယ်၊
ကမာဝက်မြို့ စိန်တောင်ရပ်ကွက်၊
ရပ်မိရပ်ဖများအား မေးမြန်းနေစဉ်။

အရင်ကအသီးအရွက် လတ်လတ်ဆတ်ဆတ်ကြော်ထားရင် မြင်တာနဲ့စားမိတယ်။ အခု စားလို့ကိုမရတော့ဘူး။ စားမိရင် ဗိုက်ပျက်ပြီ။ FDA ကအဲ့ဒါတွေလာပြီး စစ်ဆေးတာလည်းမရှိဘူး။ ရေသန့်ဗူးတွေလည်း သန့်တယ်လို့ကို မထင်တော့ဘူး။ နိုင်ငံခြားက ဝင်တဲ့မုန့်တွေလည်း များတယ်။ ယိုးဒယားက ဝင်တာများတယ်။ ဆီကြော်မုန့်များတယ်။ တရုတ်မုန့်တွေကိုလည်း ကလေးတွေအစားများတယ်။ လူကြီးတွေကလည်း ဝယ်ကျွေးတယ်။ နိုင်ငံထဲက မုန့်တွေက လုလုပပ သေသေသပ်သပ်လုပ်ပြီး မရောင်းတော့ မဝယ်စားကြတော့ဘူး။ ပဲကြီးလှော်တောင် ရှားသွားပြီ။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊
ငမိုးရိပ်ရပ်ကွက်တွင် အုပ်စုဖွဲ့မေးမြန်းခဲ့ခြင်းမှ




ပုံ (၅.၃) နေ့စဉ်သောက်သုံးနေသည့် သောက်သုံးရေများသည် သန့်ရှင်းမှုပေါ် အမြင်

ကချင်ပြည်နယ်မှဖြေဆိုသူဦးရေ၏ ၈၀ ရာခိုင်နှုန်းက သောက်သုံးရေများကို သန့်ရှင်းသည်မထင်ဟု ဖြေကြားခဲ့ပါသည်။ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ဖြေဆိုသူများ၏ ၄၅ ရာခိုင်နှုန်းခန့်ကလည်း မထင်ပါ ဟု ဖြေဆိုခဲ့ကြသည်။ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ ဖြေဆိုသူများ၏ ၄၀ ရာခိုင်နှုန်းဝန်းကျင်ခန့်ကလည်း မသန့်ရှင်းဟုထင်မြင်ပါသည်။ ရှမ်းနှင့်မွန်ပြည်နယ်တို့မှ ဖြေဆိုသူများ၏ ၃၀ ရာခိုင်နှုန်းနှင့် ပဲခူးတိုင်းဒေသကြီးမှ ဖြေဆိုသူစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းဝန်းကျင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြေဆိုသူ၏ ၁၀ ရာခိုင်နှုန်းခန့်က မထင်ဟု ဖြေဆိုခဲ့ပါသည်။

သောက်ရေကတော့ ဒီမှာ ချောင်းရေ၊ လက်ယက်၊ ကျင်းရေကို အဓိကထား သောက်သုံးပါတယ်။ သန့်ရှင်းမှုတော့ မရှိပါဘူး။

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ကျောက်ကြီးကျောက်တောင်ကျေးရွာတွင်နေထိုင်သူအမျိုးသမီးတစ်ဦး၏ ဖြေကြားချက်မှ

ရေသန့်သောက်ကြတယ်။ ဂျိုးဖြူရေလဲသောက်တယ်။ ရေကြောင့်တော့ ရောဂါဖြစ်တယ်ဆိုတာမကြားမိပါ။ ရောဂါစုံပေါ့။ အဲ့ဒါတွေအပြင်အချိုမှုန့်ကြောင့်လဲပါတာတော့။ အားလုံးစုံ သွားတော့ ပိုဆိုးတာပေါ့။


ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်တွင်နေထိုင်သည့် ကိုယ်ပိုင်ကျောင်းဆရာမတစ်ဦးအားမေးမြန်းချက်မှ

ရေကို သဘာဝမိုးရေကနေ ရတယ်။ တွင်းရေအသုံးပြုတယ်။

ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၊ ရှမ်းရွာအနောက်ကျေးရွာမှ ကျောင်းဆရာတစ်ဦး၏ပြောကြားချက်မှ

တုံကင်ရေပေါ့။ သန့်ရှင်းမှုမရှိပါဘူး။ ထုံးပါတယ်ထင်တယ်။ ကျောက်ကပ်နဲ့ ဝမ်းလျှောတာတို့ ဖြစ်တာတွေရှိကြတာပေါ့။


ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ လူငယ်ခေါင်းဆောင်တစ်ဦး၏ ပြောကြားချက်မှ




ပုံ (၅.၄) နေ့စဉ် စားသုံးနေသည့် အစားအစာများတွင် ဓာတုဆေးဝါးများ သုံးစွဲခြင်းနှင့် ဓာတ်မြေသြဇာများ၊ ပိုးသတ်ဆေးအသုံးပြုခြင်း ရှိ/ မရှိ

နေ့စဉ်စားသုံးသည့်အစားအစာများတွင် ဓါတုဆေးဝါးသုံးစွဲခြင်း၊ ဓါတ်မြေသြဇာများ၊ ပိုးသတ်ဆေးများအသုံးပြုသည် ရှိပါသလားဟု မေးမြန်းခဲ့ရာတွင် အသုံးပြုသည် ထင်ပါသည်ဟု ဖြေဆိုသူဦးရေမှာ ဖြေဆိုသူစုစုပေါင်း၏ ၈၆ ရာခိုင်နှုန်း ရှိပါသည်ဟု ကျန် ၁၄ ရာခိုင်နှုန်းအနက်မှ ၇ ရာခိုင်နှုန်းက မထင်ပါဟူ၍ လည်းကောင်း၊ ကျန် ၇ ရာခိုင်နှုန်းကမပြောတတ်ပါဟုလည်းကောင်း ဖြေဆိုခဲ့ပါသည်။


> မသန့်ရှင်းသော/ဓာတ်မြေသြဇာသုံးစွဲထားသော/ဆိုးဆေးတွေသုံးစွဲထားသော အစားအစာတွေကြောင့်ရောဂါ ဖြစ်တယ်ဆိုတာ တော့မကြုံဖူးဘူး။ လက်ရှိမှာဆိုရင်တော့ သွေးတိုးရောဂါတော့ အများဆုံး ကြုံတွေ့ရတယ်။ ဒါပေမဲ့ အစားအစာတွေနဲ့လည်းဖြစ်သလို မျိုးရိုးတွေကြောင့်လဲဖြစ်တတ်တယ်။
>
> **စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်နေ ပရဟိတအသင်းတစ်ခု၏ ခေါင်းဆောင်အမျိုးသမီးတစ်ဦး၏ ပြောကြားချက်များမှ**




ပုံ (၅.၅) ဖော်ပြပါအစားအစာများအနက် မည်သည့်အစားအစာများ သည် စိတ်ချရသည်ဟုထင်ပါသလဲ။

ဖြေဆိုသူများအား မည်သည့်အစားအစာများသည် စိတ်ချရသည် ထင်ပါသလဲဟုမေးမြန်းရာတွင် အများစုက ထမင်း၊ဆန်နှင့်လုပ်သည့်အစားအစာများကို အများဆုံးဖြေကြားကြပြီး ဟင်းသီးဟင်းရွက်၊ ဘဲဥ၊ ကြက်ဥ၊ အသားငါးစသည်တို့ကို စိတ်ချရသည်ဟု ထင်ကြသူများလည်း ရာခိုင်နှုန်းအနည်းငယ်ရှိခဲ့ပါသည်။ ဂျုံ နှင့်လုပ်သည့်ခေါက်ဆွဲ၊မုန့်များနှင့် မုန့်ပဲသရေစာများကို စိတ်ချသည်ဟုဖြေဆိုသူများလည်း အနည်းငယ်ရှိပါသည်။ အခြားဟုဖြေဆိုသူများတွင် အချို့မှာ - ငါးပိရည် တို့စရာ၊ အသီးအနှံ

(ဓါတ်မြေသြဇာအသုံးမပြုထားဘဲ ကိုယ်ပိုင်စိုက်ပျိုးထားသည့် အသီးအရွက်မှလွဲ၍)၊ ခြံထွက်သီးနှံဟု ဖြေဆိုထားကြပြီး ယင်းအနက်မှ အများစုမှာ မည်သည့်အစားအစာများမှ စိတ်မချရဟု ဖြေဆိုကြပါသည်။





ပုံ (၅.၆) စားသုံးနေသည့် စားသောက်ကုန်များ အန္တရာယ်ကင်းစိတ်ချစေရန်အတွက်
အစိုးရအနေဖြင့် အရေးယူ လုပ်ဆောင်ရန် လိုအပ်ခြင်း ရှိသည်ဟု ထင်/ မထင်

စားသောက်ကုန်များ အန္တရာယ်ကင်းစိတ်ချစေရန်အတွက် အစိုးရအနေဖြင့် တစ်ခုခုအရေးယူ လုပ်ဆောင်ရန် လိုအပ်နေသည်ဟု ဖြေသူအရေအတွက်မှာ ၈၀ ရာခိုင်နှုန်းကျော်ရှိပါသည်။ မပြောတတ်ပါဟုဖြေဆိုသူအရေအတွက်နှင့် မထင်ပါဟု ဖြေဆိုသူအရေအတွက်အနည်းငယ်မှလွဲ၍ အများစုမှာ နိုင်ငံတော်အစိုးရအနေဖြင့် စားသောက်ကုန်များအန္တရာယ်ကင်းစိတ်ချစေရန် လုပ်ဆောင်ပေးစေလိုကြောင်း ဖြေဆိုကြပါသည်။


ရှမ်းပြည်နယ် (တောင်ပိုင်း)၊
ကျောက်တလုံးကြီးမြို့နယ်၊ ကတ္တူကျေးရွာမှ
ကုမ္ပဏီဝန်ထမ်းတစ်ဦးအား မေးမြန်းနေစဉ်







ပုံ (၅.၇) နေထိုင်သည့် ရပ်ရွာဒေသများတွင် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် မြေဆီလွှာပျက်စီး ဆုံးရှုံးမှုများ/ သီးနှံထွက်နှုန်းလျော့ကျမှုများ ရှိ/ မရှိ

နေထိုင်သည့်ဒေသများတွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် မြေဆီလွှာပျက်စီး ဆုံးရှုံးမှုများ၊ သီးနှံထွက်နှုန်းကျမှုများ ရှိပါသလားဟု မေးမြန်းခဲ့ရာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့်အလုပ်းကွာဝေးသည့် ရန်ကုန်မြို့ပေါ် နေထိုင်ကြသူများမှလွဲ၍ ကျန်ဖြေဆိုသူ အများစုက ရှိပါသည်ဟု ဖြေဆိုကြပါသည်။




ပုံ (၅.၈) ရပ်ရွာဒေသများရှိ ထွန်ယက်စိုက်ပျိုးသည့်လုပ်ငန်းများတွင် ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ သုံးစွဲမှု ရှိ/ မရှိ

သုတေသနပြုလုပ်ခဲ့သည့် ဒေသများရှိ ထွန်ယက်စိုက်ပျိုးသည့်လုပ်ငန်းများတွင် ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး သုံးစွဲမှုများ ရှိပါသလား ဟူသည့်မေးခွန်းကို မေးမြန်းရာတွင် ဖြေဆိုသူစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်က ရှိပါသည်ဟု ဖြေဆိုကြပါသည်။ ရန်ကုန်တိုင်းဒေသကြီးမှ ဖြေဆိုသူများ၏ ၄၅ ရာခိုင်နှုန်းခန့်က မသိပါ/မပြောတတ်ပါ ဖြေဆိုခဲ့ကြပါသည်။





ပုံ (၅.၉) ဒေသထွက်ကုန်များသည် ဒေသတွင်းစားသောက်ရန် ဖူလုံမှု ရှိ/မရှိ

ဒေသတွင်းထွက်ကုန်များသည် ဒေသတွင်းစားသုံးရန်အတွက် ဖူလုံမှုရှိပါသလားဟု မေးမြန်းခဲ့ရာတွင် မကွေးတိုင်းဒေသကြီးမှ ဖြေကြားသူစုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းကျော်ခန့်က ဖူလုံမှုရှိသည်ဟု ဖြေကြားထားပြီး၊ ရှမ်းပြည်နယ်နှင့်ရန်ကုန်တိုင်းဒေသကြီးတို့မှ ဖြေကြားသူစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းဝန်းကျင်ခန့်နှင့် ကချင်ပြည်နယ်မှဖြေကြားသူစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကျော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ဖြေကြားသူများ၏ ၅၀ ရာခိုင်နှုန်းကျော်က ဖူလုံမှုရှိသည်ဟု ဖြေကြားခဲ့ကြပါသည်။ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှ ဖြေကြားသူဦးရေ၏ ၆၀ ရာခိုင်နှုန်းနှင့်အထက်က ဖူလုံမှုရှိသည်ဟုဖြေကြားပြီး မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ မှဖြေကြားသူများ ၏ ၉၀ ရာခိုင်နှုန်းဝန်းကျင်ကလည်း ဖူလုံသည်ဟုဖြေကြားခဲ့ပါသည်။



ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်မှ ရပ်မိရပ်ဖများအား အုပ်စုလိုက်မေးမြန်းခြင်း




ပုံ (၅.၁၀) စားသောက်ကုန်ဈေးနှုန်းကျဆင်းစေရန် အစိုးရမှ ဆောင်ရွက်နိုင်ခြင်း ရှိသည်ဟု ထင်/ မထင်

စားသောက်ကုန်ဈေးနှုန်းများကျဆင်းအောင် အစိုးရအနေဖြင့်လုပ်ဆောင်ပေးနိုင်မည်ဟု ထင်ပါသလားဟု မေးမြန်းခဲ့ရာတွင် ဖြေဆိုသူများအနက်မှ ပဲခူးတိုင်းဒေသကြီး၊ ကချင်နှင့်ကယားပြည်နယ်တို့ မှဖြေဆိုသူများတွင် ထင်ပါသည်ဟု ဖြေဆိုသူဦးရေမှာ မထင်ပါဟုဖြေဆိုသူဦးရေထက်များပြားပါသည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှဖြေကြားသူများတွင် ထင်ပါသည်ဟု ဖြေကြားသူဦးရေနှင့် မထင်ပါဟု ဖြေကြားသူဦးရေမှာ အနည်းငယ်သာ ကွာခြားပြီး ထင်ပါသည်ဟု ဖြေကြားသူဦးရေမှာ အနည်းငယ် ပိုပါသည်။ မကွေး၊ စစ်ကိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မထင်ပါဟု ဖြေကြားသည့်ဦးရေမှာ ပို၍များပါသည်။

# အခန်း (၆)
# ကောက်နှုတ်တင်ပြချက်များနှင့် သုံးသပ်အကြံပြုချက်များ

ယခုပြုလုပ်ခဲ့သည့် သုတေသနသည် အရေအတွက်ပိုင်းဆိုင်ရာ သုတေသနစစ်တမ်းမျိုးသာမက၊ မြို့နယ်များမှ သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီအကြီးအကဲများ၊ ဌာနဆိုင်ရာ အရာရှိများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ပြည်သူလူထုများအားလည်း တစ်ဦးချင်းမေးမြန်းမှုများ၊ အုပ်စုဖွဲ့မေးမြန်းခြင်းများ၊ အကြောင်းအရာများနှင့် ပတ်သက်၍ သက်ဆိုင်ရာကိစ္စရပ်များကို လုပ်ကိုင်ဆောင်ရွက်နေသူများကိုလည်း မေးမြန်းခဲ့ပါသည်။ ရှေ့တွင်ရှိသော အခန်းများသည် စစ်တမ်းအပေါ်အခြေခံ၍ အရည်အသွေးပိုင်းဆိုင်ရာ မေးခွန်းများကို အားဖြည့်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအခန်းတွင်မူ အကြံပြုချက်များ၊ တွေ့ရှိချက်များနှင့် မေးမြန်းခဲ့သူများ၏ ဖြေဆိုချက်များကို စုစည်းတင်ပြပေးမည်ဖြစ်ပါသည်။

**အုပ်ချုပ်ရေး**

**အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အပြောင်းအလဲများ (၂၀၀၈ ခုနှစ် မှ ၂၀၁၈ခုနှစ်) အပေါ် မေးမြန်းခဲ့သူများ၏ အမြင်များမှ ကောက်နုတ်တင်ပြချက်အချို့**

၂၀၀၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း အပြောင်းအလဲများကို စစ်တမ်းကောက်ယူခဲ့သည့်အတွက် ၂၀၀၈ ခုနှစ်မှ ၂၀၁၀ နိုဝင်ဘာလတွင်ကျင်းပသော အထွေထွေရွေးကောက်ပွဲရလဒ်ဖြင့် အစိုးရဖွဲ့နိုင်ခဲ့သည့်ကာလအထိသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဗဟိုချုပ်ကိုင်မှုစနစ်ဖြစ်ပါသည်။ ယင်းကာလတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို ပြည်ထဲရေးဌာန၏ စီမံခန့်ခွဲမှုဖြင့် အုပ်ချုပ်ရေးကို အကောင်အထည်ဖော်ခြင်း ဖြစ်ပါသည်။ ထို့နောက် ၂၀၁၀ ခုနှစ် နိုဝင်ဘာလမှစ၍ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအထိသည် ဒီမိုကရေစီ ပထမသက်တမ်းကာလဖြစ်ပါသည်။ ၂၀၁၂ ခုနှစ်တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းခဲ့ပြီး ဆယ်အိမ်စုကိုယ်စားလှယ်များကို ဦးစွာရွေးချယ်စေ၍ ဆယ်အိမ်စုကိုယ်စားလှယ်ထဲမှ တစ်ဦးအား

ဆယ်အိမ်စုကိုယ်စားလှယ်များဆန္ဒဖြင့် အုပ်ချုပ်ရေးမှူး ရွေးချယ်စေသည့်စနစ်ဖြစ်ပါသည်။ လူထုဆန္ဒပါဝင်မှု စတင်ခဲ့သည်ဟု ဆိုရပါမည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလမှစတင်ခဲ့သော ဒီမိုကရေစီ ဒုတိယသက်တမ်းအတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေကို ပြင်ဆင်ခဲ့ပါသည်။ ဆယ်အိမ်စုကိုယ်စားလှယ်များက ယင်းတို့အနက်မှတစ်ဦးကို အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်ပေးရသောစနစ်သည် အားနည်းချက်များပါဝင်သည်ဟူ၍ အိမ်ထောင်ဦးစီး (သို့မဟုတ်) အိမ်ထောင်စုကိုယ်စားလှယ်တစ်ဦးက မဲပေး၍ အုပ်ချုပ် ရေးမှူးရွေးချယ်ရသည့် စနစ်ဖြစ်စေရန်အတွက် ဥပဒေကိုပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ပြင်ဆင်လိုက်သော ဥပဒေဖြင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများကို တစ်အိမ်ထောင်လျှင် တစ်ယောက်မှ ရွေးချယ်ခွင့်ရှိလာသဖြင့် ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်တိုးတက်ပြောင်းလဲလာသောကာလဟု သတ်မှတ်ရပါမည်။ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေပြင်ဆင်ရာတွင် ဧည့်စာရင်းတိုင်ကြားခြင်းကိစ္စရပ်များကိုလည်း ဖြေလျှော့သည့် ပုဒ်မများကို ပြင်ဆင်ပြဋ္ဌာန်းခဲ့သဖြင့် ၄င်းအပေါ်တွင် ပြည်သူများ၏ အမြင်များကို စစ်တမ်းများကောက်ယူမေးမြန်းခဲ့ရာ ကောင်းကျိုးနှင့်ဆိုးကျိုး အမြင် များလည်း ရှိနေပါသည်။

၂၀၁၀ မှ ၂၀၁၈အထိ ကာလသည် ပြည်ထောင်စုအဆင့်လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များမှ ပြည်သူများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်သော စနစ်များကြောင့် နိုင်ငံတိုးတက်မှုများ သိသာစွာ ဖြစ်ပေါ်လာခဲ့ပါသည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူး ရွေးချယ်ခွင့်ရပြီး ပွင့်လင်းမြင်သာလာသည့် စနစ်ကြောင့် ပြည်သူအများစုက အုပ်ချုပ်ရေးစနစ် ကောင်းမွန်လာသည်ဟု ဖြေကြားခဲ့ရာ မြို့နယ်နှင့် ခရိုင်အဆင့် အုပ်ချုပ်ရေးမှူးများကိုပါ လူထုဆန္ဒဖြင့် ရွေးချယ်ခွင့်ရမည်ဆိုပါက ပြည်သူတို့၏ဘဝများ ပိုမိုတိုးတက်လာသော နိုင်ငံရေးခွင့်အလမ်းများခံစားနိုင်ကြမည် ဖြစ်ပါသည်။

> ပထမ အုပ်ချုပ်ရေးပိုင်းကတော့ ပွင့်လင်းမြင်သာမှုမရှိဘူး။ သူတို့ လုပ်ချင်တာ လုပ်တယ်။ ဒုတိယက အုပ်ချုပ်ရေးပိုင်းကတော့ ပွင့်လင်းမြင်သာမှုရှိတယ်။ ပြောချင်တာ ပြောလို့ရတယ်။ မှန်ကန်တယ်ဆိုရင် ပြောလို့ရတယ်။ ထိရောက်တယ်။ ဖြစ်သင့်တာဆိုရင်လည်း ဖြစ်လာတယ်။ မဖြစ်သင့်တာတော့ မဖြစ်ဘူးပေါ့။ ရင်ထဲရှိတာပြောလို့ရတယ်။ အရင်ကတော့ ရင်ထဲမကောင်းလဲ ပြောလို့မရ။ ပွင့်လင်းမြင်သာလာတယ်။ မကြိုက်လည်းပြောခွင့် ရှိလာတယ်။ ပါတီစုံဒီမိုကရေစီစနစ်ဆိုတော့ ပြောချင်တာ ပြောခွင့်ရှိတယ်။
>
> **ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင်**
> **ရပ်မိရပ်ဖပြည်သူလူထုများအား အုပ်စုဖွဲ့မေးမြန်းချက်များမှ**

## ဧည့်စာရင်းတိုင်ကြားရန် မလိုအပ်တော့သည့်အပေါ် သဘောထားအမြင်များ

၂၀၁၆ ခုနှစ် ဖွန်လတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေတွင် ဧည့်စာရင်းတိုင်ကြားခြင်း၊ တိုင်ကြားရန်ပျက်ကွက်ပါက အရေးယူခြင်းခံရသည့် ပုဒ်မများအား ပယ်ဖျက်ခဲ့သည်။ ဧည့်စာရင်းမတိုင်ကြားရတော့သည့်အတွက် အလုပ်မရှုပ်တော့ခြင်း၊ ညသန်းခေါင်မှ အခြားဒေသမှရောက်လာသူများကို ဧည့်စာရင်းမတိုင်နိုင်၍ လက်မခံနိုင်ခြင်းဒုက္ခမှ ကင်းဝေးခြင်း၊ အချို့ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ ဧည့်စာရင်းကိုအကြောင်းပြုပြီး ငွေကြေးတောင်းခံတတ်ခြင်း၊ သန်းခေါင်စာရင်းမရှိဘဲ အခြားဒေသမှ ရွှေ့ပြောင်းနေထိုင်သော ကာလကြာရှည် အတည်တကျနေထိုင်သူများအတွက် ဧည့်သည်အဖြစ် အပတ်စဉ် ဧည့်စာရင်းတိုင်ရသည့်ဒုက္ခ မရှိတော့ခြင်းတို့အတွက် ကြိုဆိုကြသော်လည်း ရန်ကုန်တိုင်းအပါအဝင် မေးမြန်းခဲ့သည့်ဒေသအများစုအနေဖြင့် ဧည့်စာရင်းမတိုင်ရသည့်အတွက် မိမိတို့ဒေသသို့ လာရောက်သည့် မျက်နှာစိမ်းများ၊ ဧည့်သည်များဝင်ရောက်မှုကို မထိန်းချုပ်နိုင်တော့သည့်အပေါ် စိုးရိမ်ပူပန်လျက်ရှိနေသေးသည်ကို တွေ့ရှိရပါသည်။

## ရန်ကုန်တိုင်းဒေသကြီး

ညှိစာရင်းမတိုင်ရတာ ကောင်းတာကော ဆိုးတာကောရှိတယ်။ ညှိစာရင်းတိုင်ဖို့မလိုတော့တဲ့ အခါကျတော့ ရပ်ကွက်ထဲကို သူစိမ်းတွေဝင်လာရင် ဘယ်သူက ဘာမှန်းမသိတော့ဘူး။ အဲ့လူတွေထဲမှာ သူခိုး၊ ခါးပြတွေပါလာရင် ဘယ်လိုလုပ်မလဲ။ ဒါပေမယ့် အရင်တုန်းက ညှိစာရင်းတစ်ခါတိုင်ရရင် အရမ်းအောက်ကျို့ရတယ်။ ရပ်ကွက်ရုံးမှာ အဲ့ဒီက စာရေး၊ ပြာတာကအစ နောက်ပြီး တစ်ချို့ရပ်ကွက်တွေဆိုရင် လူဦးရေအလိုက်ပါ ပိုက်ဆံပေးရသေးတယ်။ ဘာမဟုတ်တဲ့ ဆင်းရဲသားရပ်ကွက်လိုနေရာက အုပ်ချုပ်ရေးမှူးကအစ သူတို့သား၊ သမီးတွေ၊ ဆွေမျိုးတွေ တိုက်တွေ၊ ကားတွေနဲ့ ဖြစ်ကုန်တယ်။ အဲ့ဒီတော့ ကောင်းကျိုး၊ ဆိုးကျိုးနှစ်မျိုးရှိပါတယ် ဟူ၍ ဖြေကြားထားပါသည်။

**ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်တွင် ပြည်သူလူထုနှင့် အုပ်စုဖွဲ့မေးမြန်းဆွေးနွေးချက်များမှ ကောက်နုတ်ဖော်ပြချက်**

ညှိစာရင်းတိုင်ရန် မလိုအပ်ပါ။ ကောင်းကျိုးရော၊ ဆိုးကျိုးရောရှိပါတယ်။ ဥပမာ - အိမ်တစ်အိမ်တွင် ညှိသည်တစ်ယောက်လာတည်းလျှင် ၎င်းညှိသည်သည် မထင်မှတ်ပဲ ရာဇဝတ်မှုကျူးလွန်ခဲ့သလားဆိုတာကို မသိနိုင်တဲ့အတွက် ညှိစာရင်းတိုင်ကြားပြီး တည်းခိုခွင့်ပြုမှသာလျှင် စိတ်ချလုံခြုံမှုရှိပါတယ်။ မတိုင်ကြားခဲ့သည်ရှိသော် ၎င်းညှိသည်သည် နောက်ထပ်ရာဇဝတ်မှုပြုလုပ်ဖို့ မခဲယဉ်းတော့ဘူး။ ဒါကြောင့် ညှိစာရင်းတိုင်ကြားရတာ ကောင်းပါတယ်။ ဆိုးကျိုးကတော့ ညဥ့်ဦးယံမှလာတည်းတဲ့ ညှိသည်ဆိုလျှင် ညှိစာရင်းတိုင်ကြားရန် အခက်အခဲရှိတဲ့အတွက် တိုင်ကြားရတာအဆင်ပြေအောင် လုပ်သင့်တယ်။

**သုံးခွမြို့နယ်နေ လူငယ်တစ်ဦး၏ သဘောထားအမြင်**

ညှိစာရင်းတိုင်စရာမလိုတော့ဘူး။ (၁) လ ထက်နေတဲ့သူတွေကပဲ အသိပေး အကြောင်းကြားစာ ပို့ရတယ်။ အမှန်တကယ်တော့ ညှိစာရင်းတိုင်တာလိုအပ်ပါတယ်။ ကောင်းကျိုးသိပ်မရှိပါဘူး။ ညှိစာရင်းမတိုင်ရင် ဘယ်သူတွေက ဘာအတွက်လာမှန်းမသိတော့ ရပ်ကွက်ထဲမှာ ပြဿနာတွေဖြစ်လာ။ ရာဇဝတ်မှုနဲ့ ဒုစရိုက်မှုတွေပိုများလာတယ်။ အရင်ကထက်ဒုစရိုက်မှုတွေများလာတာပေါ့။

**မရမ်းကုန်းမြို့နယ်မှ ရာအိမ်မှူးတစ်ဦး၏ သဘောထားအမြင်**

## ဧရာဝတီတိုင်းဒေသကြီး

ညှိစာရင်းတိုင်ကြားရသဖြင့် အင်း၊ အိုင်၊ မြစ်၊ ချောင်းပေါ်များသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် နယ်စပ်ဖြတ်ကျော် ကျူးကျော်ဝင်ရောက်သူများ၊ ကျွဲ၊ နွား ခိုးဝှက်ရောင်းချသူများနှင့် ရာဇဝတ်မှုကျူးလွန်ထွက်ပြေးသူများ၏ သတင်းရင်းမြစ်များကို လွယ်ကူစွာ သဲလွန်စရရှိဖော်ထုတ်နိုင်သည့်အခြေအနေကို ဖြစ်စေသဖြင့် ရာဇဝတ်မှုကျူးလွန်မှု၊ ကျူးလွန်သူများ နည်းပါးခဲ့ကြောင်း ဖြေဆိုကြပါသည်။ ဒေသဆိုင်ရာ အေးချမ်းလုံခြုံရေးအတွက် ညှိစာရင်းတိုင်ကြားရန်လိုအပ်သည်ဟု ထင်ကြပြီး ညှိစာရင်းတိုင်ကြားရခြင်းဖြင့် ကောင်းကျိုးများအဖြစ် ရပ်ရွာတွင်လုံခြုံမှု၊ အေးချမ်းမှုနှင့် လူစိမ်းအဝင်အထွက် သိရှိနိုင်ကြောင်း ထင်မြင်ယူဆကြပါသည်။ ညှိစာရင်းတိုင်ကြားရန်မလိုအပ်ခြင်းကြောင့် ဆိုးကျိုးအနေဖြင့် လူစိမ်းအဝင်အထွက်ရှိပါက လုံခြုံစိတ်ချမှုမရှိခြင်း၊ ပစ္စည်းပျောက်၊ စက်လှေပျောက်၊ ကျွဲနွားပျောက်များ ရှိလာသည့်အတွက် ရွာသူ၊ ရွာသားများအနေဖြင့် ဒုက္ခရောက်ကြရပါသည်ဟု ဖြေဆိုကြပါသည်။ မည်သည့်နိုင်ငံ မည်သည့်အစိုးရဖြစ်စေ ပြည်သူ့ဘဝလုံခြုံရေးကို အဓိကတာဝန်ယူဆောင်ရွက် ရမည်ဖြစ်သောကြောင့် ညှိစာရင်းသည်အဓိကလိုအပ်ပါသည်ဟု ထင်မြင်ယူဆကြပါသည်။ ယင်းအတွက်ကြောင့် ညှိစာရင်းတိုင်ကြားခြင်းသည် ပြည်သူ့ဘဝလုံခြုံရေးအတွက် မဖြစ်မနေထားရှိသင့်ပါသည်ဟု ထင်မြင်ယူဆကြပါသည်။

ညှိစာရင်းက တိုင်စရာမလိုဘူး။ ညှိစာရင်းတိုင်တာက လူ့အခွင့်အရေးနဲ့ ပတ်သက်နေတယ်။ ညှိစာရင်းဥပဒေရှိတုန်းက စိတ်အနှောင့်အယှက်ဖြစ်ရတယ်။ အာဏာရှိတဲ့ (ဥပမာ - အုပ်ချုပ်ရေးမှူး) လူတွေရဲ့အာဏာပါဝါပြတာကို ခံကြရတယ်။

ညှိစာရင်းတိုင်ကြားရန် မလိုအပ်ပါ။ ညှိစာရင်းတိုင်ကြားမှုနှင့်ပတ်သက်ပြီး ကိုယ့်နေရာဒေသမှာ ခိုးမှု၊ ဆိုးမှုတို့ တခြားနေရာဒေသကလာပြီးတော့ ကိုယ့်နေရာမှာ ရှောင်ပြေးလာတဲ့သူရှိရင် အထက်က လှမ်းမေးတဲ့အခါ၊ သတင်းထောက်လှမ်းမေးတဲ့အခါ ညှိစာရင်းတိုင်ကြားမှုရှိရင် ဖော်လို့ရတယ်။ မတိုင်ကြားရတဲ့ အခါကျတော့ ဘယ်လိုလူမျိုးက ဝင်၊ ထွက်သွားတယ် မသိရဘူးပေါ့။ လုံခြုံရေးအရ ညှိစာရင်းတိုင်ကြားမှုမရှိတာဟာ စည်းကျိုးနေတယ်လို့ မြင်ပါတယ်။ မနှစ်သက်တာကတော့ ရှိတယ်။ မတိုင်ကြားရတာ ဆိုးကျိုးရှိတယ်လို့ ထင်တယ်။

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ရပ်မိ၊ ရပ်ဖ၊ ပြည်သူလူထုများနှင့် တွေ့ဆုံမေးမြန်းခြင်း

## ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီးတွင် ဖြေကြားသူအများစုအနေဖြင့်မူ ယခင်ကလည်း မတိုင်ကြားဟု ဖြေကြားခဲ့သူများ ရှိသကဲ့သို့ ညှိစာရင်းမတိုင်ကြားရသည့်အပေါ် အလုပ်မရှုပ်တော့သည့်အတွက် ကြိုဆိုမှုများကို ပို၍တွေ့ရှိကြရသည်။ လူဝင်၊ လူထွက် မသိရှိရသည့်အတွက် လူဆိုး၊ လူကောင်းခွဲခြားရန် ခက်ခဲသည်ဟု ဖြေဆိုသူ အနည်းငယ်လည်းရှိပါသည်။ အထူးသဖြင့် ပဲခူးမြို့ပေါ်တွင် နေထိုင်သူများကမူ မြို့ပြလူနေထူထပ်ရှုပ်ထွေးသည့်နေရာမျိုးတွင်မူ ညှိစာရင်းမတိုင်ရသည့်အတွက် လုံခြုံရေး ထိခိုက်မည်ကို စိုးရိမ်ပူပန်မှုများလည်း ရှိနေကြသေးသည်။

တိုင်ကြားရန်မလိုတော့ပါ။ အရပ်ဒေသနဲ့ အဆင်ပြေတယ်။ ဧည့်စာရင်းတိုင်ရတာ လူကြီးတွေ လုပ်စားဖို့ပဲဖြစ်နေတယ်။ မတိုင်ရလဲကောင်းတယ်။

**မိုးညှင်းမြို့နယ်မှ ရပ်မိရပ်ဖတစ်ဦး၏ အမြင်**

ရိုးရိုးသားသားနှင့် နေထိုင်တဲ့သူတွေအတွက် တိုင်စရာမလိုအပ်။ ဆိုးကျိုးက လူဆိုး၊ ရာဇဝတ်သားတွေနှင့် သူခိုးသူဝှက်တွေတော့ ဝင်ရောက်လာနိုင်တယ်။

**ပဲခူးမြို့တွင်နေထိုင်သည့် ရပ်မိရပ်ဖ၊ ပြည်သူလူထုများနှင့် တွေ့ဆုံမေးမြန်းချက်များမှ**

ဧည့်စာရင်းတိုင်စရာမလိုတော့ပါ။ ကောင်းတာက အလုပ်မရှုပ်တော့ဘူး။ ဆိုးကျိုးက လူဝင်လူထွက်စာရင်း မသိရသောကြောင့် ပြဿနာတစ်စုံတစ်ရာပေါ်လာရင် ဖြေရှင်းဖို့ခက်ခဲလာတယ်။

**ဖြူးမြို့မှ လူငယ်တစ်ဦး၏ အမြင်**

## မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီးရှိ ကျေးလက်တောရွာများတွင် နေထိုင်ကြသူများအနေဖြင့် လူစိမ်းဝင်ရောက်လာပါက အလွယ်တကူ သတိထား၊ သိရှိနိုင်သည့်အတွက် စိုးရိမ်ပူပန်မှုမရှိကြသည်ကိုလည်း တွေ့ရှိရပါသည်။ ပြဿနာတစ်ခုခုဖြင့် နယ်မြေမတည်ငြိမ်မှုများရှိလျှင်မူ ဧည့်စာရင်းရှိခြင်းက ပို၍ကောင်းမည်ဟု ထင်မြင်ချက်မျိုးလည်း တွေ့ရှိရသည်။

ဧည့်စာရင်းတိုင်ဖို့လိုပါတယ်။ ဒီမှာတော့ အုပ်ချုပ်ရေးမှူးဆီ အကြောင်းကြားတယ်၊ တိုင်တော့ လူစိမ်း ဝင်ရင်သိတယ်။

**သရက်မြို့နယ်ရှိကျေးရွာအုပ်စုတစ်စုမှ တောင်သူတစ်ဦး၏ ပြောကြားချက်**

ဧည့်စာရင်းတိုင်ဖို့ မလိုဘူး။ အချိန်နဲ့ အခြေအနေပေါ်မူတည်မယ်ထင်တယ်။ မတည်ငြိမ်တဲ့ကာလတွေမှာ တိုင်ဖို့လိုတယ်။ လုံခြုံအေးချမ်းအောင်ပေါ့။

**သရက်မြို့နယ် ကျေးရွာအုပ်စုတစ်စုမှ စက်ရုံဝန်ထမ်းတစ်ဦး၏ ပြောကြားချက်**

ဧည့်စာရင်းတိုင်ဖို့မလိုတော့ပေမယ့် ဧည့်စာရင်းတိုင်ဖို့တော့ လိုမယ်လို့ထင်တယ်။ ရပ်ရွာထဲမှာ ဧည့်ဝင်တဲ့စာရင်းတွေသိရမယ်။ လိုအပ်ချက်တစ်ခုလို ရှိကိုရှိရမယ်လို့မြင်တယ်။

ဂန့်ဂေါမြို့နေကားမောင်းသည့်အလုပ်လုပ်ကိုင်သူတစ်ဦး၏ ပြောကြားချက်

ဧည့်စာရင်းတိုင်ရာမှာ ကောင်းတာဆိုးတာ ဒွန်တွဲနေတယ်။ တစ်ဖက်ကကြည့်ရင်တော့ အိမ်မှာ ဧည့်သည်လာရင် အိမ်ရှင်က သွားတိုင်နေရတာ ဒုက္ခများတယ်။

ပွင့်ဖြူမြို့နယ်မှ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး၏ အမြင်

**စစ်ကိုင်းတိုင်းဒေသကြီး**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင်မူ ရွှေတူးရန်လာရောက်သည့် အခြားအရပ်ဒေသမှသူများရှိနေသည့်အတွက် ဧည့်စာရင်းတိုင်ရခြင်းကို လိုအပ်ချက်တစ်ခုအနေဖြင့် ရှုမြင်သည့်သူများလည်း ရှိနေကြပါသည်။ အိမ်ရှင်အနေဖြင့် ဧည့်သည်အတွက် ဧည့်စာရင်းတိုင်ကြားပေးရသည့် ဒုက္ခသာရှိပြီး ကျန်သည့်ပြဿနာမရှိသဖြင့် ဧည့်စာရင်းတိုင်သင့်သည်ဟု ရှုမြင်လျက်ရှိနေသေးသည်။

ဧည့်စာရင်းဆိုတဲ့ ဥပဒေကိုကြိုက်တယ်။ ဧည့်စာရင်းဆိုတဲ့ ဥပဒေကိုလည်း မဖျက်သိမ်းသင့်ဘူး။ ရွာတစ်ရွာမှာ ဧည့်သည်တစ်ယောက်ဟာ ခိုးမှု၊ လုယက်မှုတွေရှိတယ်ဆိုရင် ဒီဧည့်သည်ကို ဧည့်စာရင်းနဲ့ပဲလိုက်လို့ရတယ်။ ဧည့်စာရင်းတိုင်ကြားမှုဟာ အကောင်းဆုံးပဲလို့ထင်တယ်။ ဧည့်စာရင်းတိုင်ကြားရင် ဒီလာတည်းတဲ့သူဟာ ဘာလူမျိုး၊ ဘယ်နေရာကလာသလဲဆိုတာ သိရတယ်။ အိမ်ရှင်အတွက်လည်း ကောင်းကျိုးခံစားရတယ်။ ဆိုးကျိုးဆိုတာကတော့ အိမ်တစ်အိမ်မှာ ဧည့်သည်လာတယ်ဆိုရင် အိမ်ရှင်အနေနဲ့လိုက်ပေးရတယ်။ အဲ့လောက်ပဲဆိုးကျိုးရှိမယ်။ ကျန်တာတော့ ဘာမှ ဆိုးကျိုးမရှိပါဘူး။

ဟုမ္မလင်းမြို့နယ်၊ ကျေးရွာတစ်ရွာမှ အစိုးရဝန်ထမ်းငယ်တစ်ဦး၏ သဘောထားအမြင်

**ကချင်ပြည်နယ်**

ကချင်ပြည်နယ်တွင်မူ ယခုအချိန်အထိ လက်နက်ကိုင်ပဋိပက္ခများရှိနေသေးသည့်အတွက် ဧည်စာရင်းတိုင်ရခြင်းဖြင့် မိမိတို့ဒေသသို့လာရောက်သည့်သူများအား မည်သူ၊ မည်ဝါဟု ခွဲခြားသိနိုင်သဖြင့် ကောင်းမွန်သည်ဟု ထင်မြင်မှုများလည်း ရှိကြသည်။ အချို့ဒေသများတွင်မူ ဧည့်စာရင်းတိုင်ကြားရခြင်းကို အုပ်ချုပ်ရေးပိုင်းအတွက် လိုအပ်ချက်တစ်ခုအဖြစ် ရှုမြင်ကြပါသည်။

ညှိစာရင်းတိုင်စရာက ညှိစာရင်းမတိုင်ပြန်ရင်လည်း လူတွေက ဆိုးတယ်။ ညှိစာရင်းတိုင်ပြန်ရင် လည်း လွတ်လပ်မှုမရှိဘူး ပွင့်လင်းမြင်သာမှုမရှိဘူးလို့ပြောကြတယ်။ မတိုင်ပြန်ရင်လည်း လူတွေက အခွင့်ရေးယူကြတယ်။ ညှိစာရင်းတိုင်တဲ့ကောင်းကျိုးက လူသန့်တယ်ပေါ့ မသင်္ကာတဲ့လူကိုတွေ့ရင် အရေးယူလို့ရတယ်။

**ရွှေကူမြို့နယ်၊ ကျေးရွာတစ်ရွာမှ အမျိုးသားတစ်ဦး၏ ပြောကြားချက်**

ယခုကျွန်မတို့ဒေသမှာ ညှိစာရင်းတိုင်ကြားစရာ လိုအပ်ပါတယ်။ ဟိုအရင်ခေတ်တွေတုန်းကဆိုလျှင် ညှိစာရင်းတိုင်ကြားမှု မရှိလျှင် အုပ်ချုပ်ရေးပိုင်းမှာ ခက်ခဲလာပါလိမ့်မယ်။ အုပ်ချုပ်ရေးပိုင်းကို ကောင်းလာအောင် ညှိစာရင်း တိုင်ကြားသင့်တယ်လို့ ထင်ပါတယ်။ လက်ဆုပ်လက်ကိုင် မဖမ်းနိုင်ဘူးဆိုရင် ရပ်ကွက်၊ ရပ်ရွာတွေမှာ အုပ်ချုပ်ရတာ ခက်ခဲလာပါလိမ့်မယ်။

**ရွှေကူမြို့နယ်မှ မူလတန်းကျောင်းအုပ်တစ်ဦး၏ ပြောကြားချက်**

## ကယားပြည်နယ်

ကယားပြည်နယ်မှ မေးမြန်းခဲ့သူများကမူ ညှိစာရင်းမတိုင်ကြားရခြင်းအတွက် ပြည်သူများလုံခြုံရေးကို စိုးရိမ်မှုအနည်းငယ်ရှိသည်ဟု ဖြေကြားကြပါသည်။ အစိုးရဝန်ထမ်းတစ်ဦးကမူ နိုင်ငံသားများအနေဖြင့် တိုင်ကြားရန်မလိုအပ်ဟု ထင်မြင်သော်လည်း တိုင်းတစ်ပါးသားများအနေဖြင့်မူ လုံခြုံရေးအတွက် တိုင်ကြားသင့်သည်ဟု ထင်မြင်ပါသည်။

ညှိစာရင်းတိုင်ကြားခြင်းရဲ့ကောင်းကျိုးက ရပ်ရွာပြည်သူများလုံခြုံမှုရှိတယ်။ ညှိစာရင်းမတိုင်ကြားခြင်းရဲ့ ဆိုးကျိုးက မလိုလားသည့်ပြဿနာ ရှိလာနိုင်တယ်။

**လွိုင်ကော်မြို့နယ်ရှိကျေးရွာတစ်ရွာမှ ဘာသာရေးခေါင်းဆောင်တစ်ဦး၏ အမြင်**

ကောင်းကျိုးဆိုးကျိုးဆိုတာထက် မြန်မာနိုင်ငံသား (တိုင်းရင်းသား) ဆိုတိုင်ဖို့ မလိုအပ် ဘူးပေါ့။ မြန်မာလူမျိုးကိုး။ သို့ပေမယ့် တိုင်းတစ်ပါးသား၊ နိုင်ငံသားမဟုတ်တာကတော့ တိုင်ကြားဖို့လိုမယ်။ ဘာလို့လဲ။ အကြမ်းဖက်မှုဆိုတာတွေပါလာနိုင်တယ်။ ဒါ Safe ဖြစ်အောင်ပေါ့။ ဒီလိုမြင်ပါတယ်ဗျ။

**မြို့နယ်ပညာရေးဝန်ထမ်းတစ်ဦး၏ သဘောထားအမြင်**

တိုင်ကြားစရာမလိုပါဘူး။ ကောင်းကျိုးကတော့ အချိန်ပေးစရာမလိုဘူး။ ငွေကုန်ကြေးကျလည်း သက်သာပါတယ်။

**ကယန်းစာပေနှင့်ယဉ်ကျေးမှုကော်မတီဝင်တစ်ဦး၏ ပြောကြားချက်**

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်မှ ဖြေကြားကြသူများအနက် ဖြေဆိုသူတစ်ဦးက ဧည့်စာရင်းစစ်သည့်အခါ အချို့အမျိုးသမီးများချည်း နေထိုင်သည့်အိမ်များအတွက် ညအချိန်မတော် ခြင်ထောင်လှန်ပြီး ဧည့်စာရင်းစစ်သည့် အလေ့အထမရှိတော့ခြင်းအတွက် ကြိုဆိုသည်ဟု ဖြေကြားခဲ့သည်။ တောင်ကြီးမှ ပအိုဝ်းလူငယ်များကလည်း လာဘ်ပေး၊ လာဘ်ယူကိစ္စများ ရှိနေခြင်းနှင့် ဧည့်စာရင်းတိုင်ကြားလျှင် တိုင်ကြားခပေးရခြင်းဒုက္ခများမှ ကင်းလွတ်သွားခြင်းအတွက် ကောင်းသည်ဟု ထင်မြင်ကြပါသည်။ သို့သော် ပြဿနာတစ်ခုခုရှိလျှင် ဖြေရှင်းရခက်နိုင်သည်ဟုလည်း ပြောကြားခဲ့ပါသည်။

ဧည့်စာရင်းမတိုင်ကြားရသည်ကို ကြိုဆိုပါတယ်။ အမျိုးသမီးများအတွက် ညအချိန်မတော် ဧည့်စာရင်းလာစစ်ကြသည်မှာ လုံခြုံမှုမရှိဟုခံစားရပါတယ်။ အိပ်ခန်းထဲဝင်စစ်ခြင်း၊ ခြင်ထောင်လှန်ခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်ကြရပါတယ်။ အမျိုးသားများမရှိတဲ့အိမ်ပို၍ မလုံခြုံပါ။

**နမ့်ဆန်မြို့နယ် ကျေးရွာတစ်ရွာမှ ရပ်မိ၊ရပ်ဖပြည်သူလူထုများနှင့်တွေ့ဆုံဆွေးနွေးမေးမြန်းချက်များမှ**

ဧည့်စာရင်းတိုင်ဖို့ မလိုပါ။ ဧည့်စာရင်းတိုင်ကြားခြင်းဖြင့် ရပ်ရွာလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးကို ကောင်းစွာထိန်းချုပ်နိုင်ပါတယ်၊ ဒါပေမဲ့ ဧည့်စာရင်းတိုင်ကြားရာတွင် လာဘ်ပေး၊ လာဘ်ယူမှုရှိတယ်။

**တောင်ကြီးမြို့နယ်ကျေးရွာတစ်ရွာနေ ပအိုဝ်းလူငယ်တစ်ဦး၏ ပြောကြားချက်**

အရင်က ဧည့်စာရင်းတိုင်ကြားရန်လိုသလို ဧည့်စာရင်းကြေးလည်းပေးရတယ်။ ခုနောက်ပိုင်းတွင် ဧည့်စာရင်း တိုင်စရာမလိုပါ။ တိုင်ကြားဖို့လိုအပ်တယ်လို့ထင်ပါသည်။ တိုင်ကြားမှသာလျှင် လူအဝင်အထွက်ကို သိရှိ နိုင်မှာဖြစ်ပြီး ပြဿနာတစ်စုံတစ်ရာ ဖြစ်ခဲ့လျှင် ဖြေရှင်းဖို့လွယ်ကူနိုင်မည်။

**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ် ကျေးရွာတစ်ရွာမှ ပအိုဝ်းလူငယ်တစ်ဦး၏ အမြင်**

သုတေသနတွေ့ရှိချက်များကို ခြုံ၍သုံးသပ်ရလျှင် အပြောင်းအလဲများအနက် ဧည့်စာရင်းမတိုင်ကြားရတော့ခြင်းကို သတိထားကြိုဆိုကြသည်ကို တွေ့ရှိရသည်။ မေးမြန်းခဲ့သည့်ဒေသများမှ လူအများစုအနေဖြင့်ဧည့်စာရင်းတိုင်ကြားရန် မလိုအပ်တော့ခြင်းအပေါ် လက်ခံသော်လည်း သတိထားစရာ၊ နောက်ဆက်တွဲကိစ္စရပ်များဖြစ်သည့် မျက်နှာစိမ်းဧည့်သည်များနှင့်အတူ ပါလာနိုင်သည့် ပြဿနာများကို ထိန်းချုပ်နိုင်မှုအားနည်းနိုင်သည့် အနေအထားကိုပါ ထည့်သွင်းဖြေကြားထားသည်ကိုလည်း တွေ့ရှိရသည်။ ဧည့်စာရင်းကိစ္စသည် သာမန်ပြည်သူလူထု၊ အထူးသဖြင့် သန်းခေါင်စာရင်းမရှိဘဲ အခြားအရပ်ဒေသတွင် နေထိုင်နေကြရသည့် ရွှေ့ပြောင်းနေထိုင်သူများအတွက် အခက်အခဲတစ်ခုဖြစ်နေသကဲ့သို့ အိမ်ရှင်များအတွက် အလုပ်ရှုပ်ခြင်း၊ အချို့အုပ်ချုပ်ရေးမှူးများအနေဖြင့် ငွေကြေးကောက်ခံမှုများ ပြုလုပ်ခြင်းတို့ကြောင့် ဧည့်စာရင်းတိုင်ရန်မလိုတော့ခြင်းကို ကြိုဆိုလိုကြသည်။ ကျေးလက်ဒေသအချို့တွင် လူစိမ်းတစ်ဦးဦး လာရောက်ပါက လွယ်ကူစွာသိရှိနိုင်သဖြင့် ဧည့်စာရင်းကိစ္စနှင့်ပတ်သက်၍ သိသာသည့် ပြောင်းလဲမှုများရှိသည်ဟု ထင်မြင်ကြသည့်အမြင်များမရှိသော်လည်း ဒေသများစွာတွင် အထူးသဖြင့် မြို့ပြတွင်နေထိုင်သူများနှင့် ရွှေ့ပြောင်းနေထိုင်သူများသည့်ဒေသများတွင်မှု ဧည့်စာရင်းကို ဒေသလုံခြုံရေး၊ ပြဿနာကိစ္စအတော်များများနှင့် ဆက်စပ် စဉ်းစားကြသည်ကို တွေ့ရှိရပါသည်။

**ကျန်းမာရေး**

ကျန်းမာရေးနှင့်ပတ်သက်၍ သိသာအထင်ရှားသည့် အပြောင်းအလဲများအဖြစ် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း၊ မော်တော်ကား၊ ဆိုင်ကယ်များပိုမိုများပြားလာခြင်း၊ လူမှုရေးအသင်းအဖွဲ့များ များပြားလာခြင်း၊ NGO များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရဌာနများ၏ ကျန်းမာရေး အသိပညာပေးမှုများလာခြင်းတို့နှင့်လည်း ဆက်စပ်နေပါသည်။ ဒေသအချို့တွင် အခမဲ့ဆေးကုသခွင့် ရရှိခြင်း၊ ဆေးရုံ၊ ဆေးပေးခန်းများမှ ကျန်းမာရေးဝန်ထမ်းများ၏ ပြောဆိုဆက်ဆံမှုများ ကောင်းမွန်လာခြင်းနှင့် ကျန်းမာရေးနှင့်ပတ်သက်၍ အထောက်အပံ့အချို့ရရှိလာခြင်းတို့နှင့်လည်း ဆက်စပ်မှုရှိနေပါသည်။

(၁၀)စုနှစ်တစ်ခုမှာ ပြည်သူတွေ အရင်လို ပိုက်ဆံရှိမှ ဆေးရုံသွားရဲတဲ့ အခြေအနေ မဟုတ်တော့တဲ့ စရိတ်စက သက်သာစွာနဲ့ ဆေးကုသလို့ရနေပါပြီ။ ဆရာဝန်၊ ဆရာမ၊ ဆေးရုံဝန်ထမ်းများရဲ့ ဝန်ဆောင်မှု၊ ပြောဆိုဆက်ဆံရေးကအစ အရင်လို မောက်မောက်မာမာ မဆက်ဆံတော့ပဲ အဆင်ပြေပြေ ဖြစ်လာတာ တွေ့ရပါတယ်။ ဒါဟာလည်း ကျန်းမာရေးမှုဝါဒ အပြောင်းအလဲကြောင့် ပြည်သူတွေ ထိတွေ့ရတဲ့ ပြောင်းလဲမှုပါပဲ။

ကျန်းမာရေးအတွက် ဆေးရုံ၊ ဆေးခန်း မရှိရင် အသက်ဆုံးရှုံးတယ်။ သွားရေးလာရေးလည်း အဆင်ပြေလာတယ်။ အရင်တုန်းကထက် ကျန်းမာရေး အသိရှိလာတယ်။ ပံ့ပိုးမှုရှိလာတယ်။ တစ်ယောက်ယောက်ဖြစ်ရင် ဝိုင်းဝန်းကြတယ်။ အသက်ဆုံးရှုံးမှုတွေ လျော့နည်းလာတယ်။ ကိုယ်ဝန်ဆောင်မိခင်တွေ အခမဲ့ မီးဖွားခွင့်ရလာတယ်။ ရပ်ကွက်ထဲမှာလည်း ဝိုင်းဝန်းကူညီချင်စိတ်ရှိလာတာ တွေ့ရတယ်။

**ဧရာဝတီတိုင်းဒေသကြီးရှိမြို့နယ်များတွင် အုပ်စုဖွဲ့မေးမြန်းချက်များမှ**

အစားအသောက်များ၏ သန့်ရှင်းမှု၊ စိုက်ပျိုးရေးတွင် ဓါတုဆေးဝါးများသုံးစွဲလာမှုနှင့် တရုတ်နိုင်ငံမှ တင်သွင်းသည့် မုန့်ပဲသရေစာများ၏ အာဟာရတန်ဖိုးများနှင့် အန္တရာယ်ရှိမှုများကို မထိန်းချုပ်နိုင်ခြင်းကလည်း ကျန်းမာရေးအတွက်ထိခိုက်မှုများစွာ ရှိနေသည်ကို ၁၀ နှစ်တာကာလအတွင်း ကြီးမားသည့်အပြောင်းအလဲများတွင် တွေ့ရှိရကြောင်း ထင်မြင်မှုများရှိပါသည်။ သောက်သုံးရေအနေဖြင့်လည်း ရေသန့်ကိုပင် သံသယဖြင့် သောက်သုံးနေကြရသည့် အခြေအနေမျိုးကို ပြောဆိုကြပါသည်။

**ပညာရေး**

၁၀ နှစ်တာကာလအတွင်း ကျောင်းအဆောက်အဦး၊ သင်ထောက်ကူပစ္စည်းများ စသည့်အရာများ တိုးတက်ကောင်းမွန်မှု ရှိလာပါသည်။ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ သင်ထောက်ကူပစ္စည်းများအသစ်လဲလှယ်ပေးခြင်း၊ မူလတန်းနှင့်အလယ်တန်း အခမဲ့ပညာရေးစနစ် ငွေကြေးမတတ်နိုင်သော မိဘားစုမှ ကလေးများအတွက် အတန်အသင့်အဆင်ပြေလာခဲ့သည်။ ကိုယ်ပိုင် ကျောင်းများ/ အခမဲ့ပညာ ဒါနကျောင်းများလည်း ရှိပါသည်။ ပညာရေးနှင့်ပတ်သက်ပြီး ပညာရေးအသုံးစရိတ်များ ၁၀ နှစ်တာကာလ အတွင်း တိုးမြှင့်အသုံးပြုလာခဲ့သော်လည်း အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်ပင် နည်းပါးနေသေးသည်။

အန်န်အယ်လ်ဒီအစိုးရတက်လာပြီးနောက် ကျောင်းအပ်ချိန်တွင် ဖတ်စာအုပ်များ၊ ကျောင်းဝတ်စုံများ ထောက်ပံ့ခြင်းများ လည်း ရှိခဲ့သည်။ ပညာရေးစနစ်တွင်လည်း မူလတန်းအဆင့်တွင် ပြောင်းလဲမှုများ စတင်ခဲ့သည်။ သင်ရိုးသစ်ပြောင်းလဲလာပြီး သူငယ်တန်း (KG)၊ Grade – 1 နှင့် Grade – 2 တို့တွင် စတင်သင်ကြားနေပြီဖြစ်သည်။ ကျောင်းကော်မတီဖွဲ့စည်းပြီး မိဘဆရာပူးပေါင်း၍ ပွင့်လင်းမြင်သာစွာ လုပ်ကိုင်ဆောင်ရွက်နေပြီဖြစ်သည်။ မိဘများ၏သဘောထားများကို တောင်းခံပြီးမှ သဘောတူ ဆုံးဖြတ်ချက်ဖြင့် လုပ်ဆောင်နေသည်များကိုလည်း အသိအမှတ်ပြုပြောကြားကြသည်။

စဉ်ဆက်မပြတ်အကဲဖြတ် အတန်းတင်စနစ်သည် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကျင့်သုံးရာတွင် အောင်မြင်နိုင်သော်လည်း ဆရာ၊ ဆရာမများ မလုံလောက်သကဲ့သို့ ကျောင်းသားများအနေဖြင့်လည်း ကျောင်းမှန်မှန်မတက်သည့် အခြေအနေမျိုးတွင် အရည်အသွေးမီရန်ကိုမူ မေးခွန်းထုတ်စရာများစွာ ရှိနေသည်။ မြန်မာနိုင်ငံ၏ ဒေသမျိုးစုံတွင်ပင် အောင်မြင်သည့်နေရာများမှာ အောင်မြင်ပြီး စိမက်ပဋိပက္ခ များရှိနေဆဲနေရာများ၊ ကျေးလက်ဒေသများတွင်မူ လက်တွေ့မကျလှဟု ထင်မြင်ကြသည်။

ပညာရေးကဏ္ဍတွင် ကျေးလက်ဒေသများ၌ ဆရာ၊ဆရာမနှင့် ကျောင်းသားများအကြား လာဘ်ပေးလာဘ်ယူမှု ကြီးကြီးမားမားမရှိဟု ထင်မြင်ကြသည်။ သို့ရာတွင် ကျောင်းဆရာ၊ ဆရာမများ ခန့်ထားခြင်း၊ အပြောင်းအရွှေ့ကိစ္စများတွင်မူ လာဘ်ပေးလာဘ်ယူကင်း၊ မကင်းကိုမူ ပညာရေးတွင်သာမက အခြားအစိုးရဌာနများတွင်ပါ မေးခွန်းထုတ်စရာရှိသည်ဟု ထင်မြင်ကြ ပါသည်။ ပညာရေးဝန်ထမ်းအချို့က ပညာရေးစနစ်၏ လွဲချော်မှုများကို ဆွေးနွေးခဲ့သည်။

> မိဘတွေရဲ့ အတွေးအခေါ်တွေက ခေါက်ရိုးကျိုးနေပြီ။ ပညာရေးဆိုတာကတော့ နိုင်ငံသားကောင်းကို မွေးထုတ်ပေးတာ။ ဆရာဝန် အင်ဂျင်နီယာဖြစ်မှမဟုတ်ဘူး။ လယ်သမားဆိုရင်လည်း တစ်ကယ့်လယ်သမားကောင်း ဝန်ထမ်းဆိုရင်လည်း ပြည်သူ့ဝန်ထမ်းကောင်းဖြစ်အောင် ပညာရေးက မွေးထုတ်ပေးရမှာ။ အဲ့လိုမဟုတ်ဘဲ အခုပညာရေးက တစ်ကယ့်နိုင်ငံသား ကောင်းဖြစ်ဖို့ထက် ပိုက်ဆံရှိတဲ့ လူတစ်စုက လူတစ်စု တစ်ကောင်းစားရေး တစ်ကယ်ထိပ်တန်း ကျောင်းသားလူငယ်တွေကတော့ ပံ့သွင်းမှုပေါ်မူတည် ဆရာတွေရဲ့ပြုစုပျိုးထောင်မှု၊ ဆရာကောင်းတွေရှိတဲ့ကျောင်းက လူကောင်းတွေထွက်လာတယ် ဆရာကောင်းတွေဆိုတာတော့ အရမ်းနည်း။ အရေအတွက်အရ ရော အရည်အချင်းအရရော ညံ့တယ်။ ပညာရေးဝန်ထမ်းတွေမှာဆိုရင်လည်း ဆရာထက်၊ ဆရာမအရေအတွက်က ပိုများ တယ်။
>
> **ရောဝတီတိုင်းဒေသကြီးမှ ပညာရေးဝန်ထမ်းတစ်ဦး၏အမြင်**

ပညာရေးနဲ့ပတ်သက်လို့ အရင်က ကျောင်းအပ်တာကအစ ငွေကုန်၊ ကြေးကျ ရှိတယ်။ အခုတော့ ကျောင်းနေရရေးကို အဓိကထား ဦးဆောင်တယ်။ မရှိတဲ့ကလေးတွေကို အထောက်အပံ့ပေးတယ်။ အပြောင်းအလဲရှိလာတယ်။ တစ်နှစ်တစ်တန်းအောင်လာတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ဒေါင့်ကြီးအုပ်စုမှ ရပ်မိရပ်ဖတစ်ဦးပြောကြားချက်**

အခမဲ့ပညာရေးစနစ်က မိဘတွေနဲ့ ကျောင်းသားတွေ ရရှိတဲ့အခွင့်အရေးတွေ ဖြစ်ပါတယ်။ သင်ရိုးသစ်တွေလည်း G1, G2 မှာ စတင်သင်ကြားနေပါပြီ။ ကျောင်းကော်မတီ ဖွဲ့စည်းပြီးတော့ မိဘဆရာ ပူးပေါင်းပြီး ပွင့်လင်းမြင်သာ ဆောင်ရွက်နေပါပြီ။ မိဘသဘောထားတွေကို တောင်းခံပြီးမှ သဘောတူဆုံးဖြတ်ချက်နဲ့ လုပ်ဆောင်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ဒေါင့်ကြီးအုပ်စုမှ အုပ်ချုပ်ရေးမှူးတစ်ဦးပြောကြားချက်**

ပညာရေး မူဝါဒပြောင်းလဲတယ်။ ပြီးခဲ့တဲ့ အစိုးရလက်ထက်လိုပဲ။ အပေါ်ယံပြုပြင်ပြောင်းလဲရေးပဲ ဟန်ပြ ပြောင်းလဲတယ် ဆရာ၊ ဆရာမတွေနဲ့ မိုင်းဆက် (Mindset)တွေ မပြင်ဘူး အတွေး အခေါ်အယူအဆတွေ မပြောင်းလဲဘူး ပါဝင်ပတ်သက်တဲ့သူက ပြုပြင်ပြောင်းလဲမှုမရှိတဲ့အတွက် လက်ရှိပြုပြင်ပြောင်းလဲရေးက မအောင်မြင်ဘူး။ တော်တဲ့သူကောင်းတဲ့သူတွေ ဆရာ၊ ဆရာမတွေထဲမှာ ရှိမှကောင်းမှာ။ လက်တွေ့အကောင်အထည်ဖော်ရင် ကောင်းတယ်။ စဉ်ဆက်မပြတ် အကဲဖြတ် အတန်းတင်တဲ့ စနစ်။ တကယ့်ဖွံ့ဖြိုးတဲ့နိုင်ငံကြီးတွေမှာလည်း လုပ်နေတာ။ ကျောင်းသားက ပျက်လိုက်၊ မိဘက စားဝတ်နေရေး အဆင်မပြေလိုက်၊ ဆရာ၊ ဆရာမက ပျက်လိုက် အဲ့ကြားထဲမှာသွားပြီး အကဲဖြတ်ရင်တော့ အရည်အသွေးက အဆင့်မမီ တော့ဘူးပေ့ါ။ စဉ်ဆက်မပြတ်သင်ယူ သင်ကြားမှုတွေ ရှိနေရမယ်။ စစ်ပွဲဖြစ်တဲ့ဒေသတွေမှာဆို ပိုဆိုးသွားမှာပေ့ါ။ နယ်မှာက အဖြစ်ပဲလုပ်လိုက်ရတာ။ မြို့မှာကတော့ အောင်မြင်တယ်။ လက်တွေ့ပိုင်းနည်းနည်းဆန်တယ် အတ္တနည်းနည်းကြီးကြတယ်။ ကိုယ့်သားသမီး မဟုတ်ပေမဲ့လို့ လူ့အဖွဲ့အစည်းမှာ တော်တဲ့သူကို မချီးမြှောက်ပဲနဲ့ ကိုယ့်သားသမီးကိုပဲ တော်စေချင်တက်စေချင်ကြတယ်။ ဆရာ၊ ဆရာမ တွေစေတနာကောင်းမှကောင်းမှာ။ အခမဲ့ပညာရေးကတော့ ကာယကံရှင်ကျောင်းသူ ကျောင်းသား/သူရဲ့မိဘအုပ်ထိန်းသူ ဒီစနစ်ကို အကောင်အထည်ဖော်တဲ့ ဆရာ၊ ဆရာမတွေ စိတ်စေနာကောင်းမှ ကောင်းမှာ။ ကျောင်းတက်ရတဲ့ အခက်အခဲတွေ ကလေးတွေရှိတာပေ့ါ။ အစမ်းပညာရေး စနစ်လုပ်ပေးလိုက်တော့ ပိုကောင်းတာပေ့ါ။ လာဘ်ပေး၊ လာဘ်ယူမှု ကြီးကြီးမားမားတော့ မရှိပါဘူး။ နေ့စား၊ လပေးကိစ္စတွေမှာ အကျင့်ပျက်ချစားမှုတွေ ရှိ/မရှိ အတိအကျ မပြောနိုင် သေးဘူးလေ။ လာဘ်ပေးလာဘ်ယူကင်းရင် ပညာရေးတင်မကဘူ အခြားဌာနဆိုင်ရာတွေအတွက်ပါ ပိုကောင်းသွား မှာပါ။ အဆောက်အဦးတွေကတော့ တိုးလာပါတယ်။ သင်ထောက်ကူပစ္စည်းတွေကတော့ အားရလောက် အောင် မပြည့်စုံသေးပါဘူး။

**ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ပန်းတောရိုးကျေးရွာမှအငြိမ်းစားပညာရေးမှူး တစ်ဦးပြောကြားချက်**

ကိုယ်ပိုင်ကျောင်းတွေကတော့ ကျောင်းသားဗဟိုပြုစနစ်၊ သိပ္ပံနည်းကျ ပညာရေးတွေတော့ သင်ကြတယ်။ အစိုးရကျောင်းပိုင်းတွေက သိပ်မထူးခြားဘူးထင်တယ်။ ကိုယ်ပိုင်ကျောင်းတွေကတော့ စာအုပ်ထဲကအတိုင်း သင်တာထက် စာရင် သိပ္ပံနည်းကျနဲ့ မှတ်မိလွယ်တဲ့ ပုံစံမျိုးလေးတွေသင်နေကြတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊
ကိုယ်ပိုင်အထက်တန်းကျောင်းတည်ထောင်သူ တစ်ဦးပြောကြားချက်

ဆရာမတွေကို ဝန်ထုပ်ဝန်ပိုးဖြစ်စေတယ်။ အခက်အခဲအများကြီးရှိတယ်။ ရိုးရိုးစာမေးပွဲထူးချွန်စာမေးပွဲတွေကလည်း ဆရာမတွေကို ပင်ပန်းစေတယ်။ အချိန်ပိုတွေလဲသင်ရတယ်။ ပညာရေးစနစ်ပြောင်းလဲမှုကိုအားမရဘူး။ ကလေးတွေက ငါမကြိုးစားလဲအောင်နေတာပဲဆိုတဲ့ စိတ်ထားတွေဝင်မှာကိုစိုးရိမ်တယ်။ အဓိကကမြန်မာစာအတွက် စိုးရိမ်တယ်။ သတ်ပုံအမှားတွေအတွက် စနစ်တကျမတတ်မှာကိုစိုးရိမ်တယ်။ စကားမှာတော့ မိခင်ဘာသာစကားဖြစ်လို့လွယ်တယ်။ ရေးတဲ့နေရာမှာတော့ စကားပြော (ရေးတာလွဲလာနိုင်တယ်) လာနိုင်တယ်။ ယခုဆိုရင် နိုင်ငံပိုင်သတင်းစာတွေမှာတောင် သတ်ပုံတွေက စာအထားအသိုတွေမှားလာပြီ။ အဲ့အတွက် တကယ်ရင်ထဲမကောင်းဘူး။ သတင်းစာကတကယ်ဆိုအစိုးရရဲ့imageပဲ။ စနစ်၂ခုစလုံးကိုမကြိုက်ဘူး။ ကျောင်းသားတွေရဲ့ကြိုးစားမှုကိုအားမပေးရာရောက်တယ်။ လာဘ်ပေး လာဘ်ယူတွေကတော့ ရှိနေတာတွေတော့ကြားတယ်။ ဥပမာကျောင်းအပြောင်းအရွှေ့ ဆရာ၊ ဆရာမတွေကနေရာကောင်းလိုချင်တဲ့ အခါမှာလုပ်ကြတယ်။ လာဘ်ပေးလာဘ်ယူတာကို မကြိုက်ဘူး။ လိုက်နာရမယ့်ကျင့်ဝတ်ထဲမှာ မပါတဲ့အတွက်မကြိုက်ဘူး။ ဒါပေးလို့ ဒါရမယ်ဆိုတာ မလိုချင်ဘူး။ စိတ်သန့်သန့်နဲ့ပဲနေချင်တယ်။ သင်ထောက်ကူပစ္စည်းများလာတယ်။ရပ်ရွာကမိဘ၊ကျောင်းသားမိဘတွေအလှူရှင်တွေကဝယ်လှူတယ်။ကျောင်းသားဟောင်းတွေကကျောင်းသားတွေရဲ့ဖွံ့ဖြိုးမှုအတွက်လာကူပေးကြတယ်။ ဥပမာပန်းချီ၊ ရုပ်ပုံကားချပ်စတာတွေနဲ့သင်ကြားမှုပြောင်းလဲလာတယ်။ အစိုးရပေးတဲ့ကျောင်းဝတ်စုံတွေဟာ အရည်အသွေးမပြည့်မီဘူး။ Subconယူတဲ့သူတွေကစေတနာမပါဘူး။မြို့ပေါ်က ကျောင်းတွေအကုန်ပေးမယ့်အစားတကယ်လိုအပ်တဲ့နေရာတွေကိုပေးစေချင်။အရည်အသွေးလဲကောင်းစေချင်။အခုမဲ့ပညာရေးစနစ်က ၅၀ ရာခိုင်နှုန်းလောက်အောင်မြင်။ ဘာလို့ ၅၀ ရာခိုင်နှုန်းကမအောင်မြင်တာလဲဆိုတော့ အပြင်ပုဂ္ဂလိကကျောင်းတွေမှာ အပ်နေကြလို့။ ကျောင်းတွေမှာဆရာမတွေကိုပိုခန့်ထားစေချင်။အစိုးရရဲ့ပညာရေးတန်ဖိုး ထားလာစေချင်တယ်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်မှ
ညှော့လမ်းညွှန်တစ်ဦးမှ ပြောကြားချက်

ပညာရေးမူဝါဒအသစ်ကြောင့် မူလတန်းကျောင်းသားများ ဖတ်စာအုပ်နှင့် ကျောပိုးအိတ်၊ ဝတ်စုံရရှိပြီးဝတ်စုံတစ်စုံစီရရှိလာ။ Unicefအဖွဲ့နှင့် ကမ္ဘာ့ဘဏ်မှ ကျောင်းအတွက် ပံ့ပိုးမှုရရှိခဲ့။ ပညာရေးအနည်းငယ်တိုးတက်၊ စီးပွားရေးအဆင်မပြေမှုကြောင့် မိဘများ အောက်ပြည်သို့ မိမိသားသမီးများအားပို့ဆောင်မှု ပိုမိုများပြားလာ၊ ပရဟိတစာသင်ကျောင်းသို့ ပို့ဆောင်နေ။ နယ်မြေမအေးချမ်းသောကြောင့် မိဘများမိမိရင်သွေးများကို စိတ်ပူပြီးပို့ဆောင်ဟုထင်မြင်။ ဆရာ၊ ဆရာမများ ကျောင်းသားများအပေါ် ပညာသင်ကြားရာတွင် အတော်ဆုံးကျောင်းသားအား ရွေးချယ်သင်ကြားပေးပြီး သင်ကြားမှုကို ကျန်ကျောင်းသားများအား ပြန်လည်သင်ကြားစေခဲ့။ အတော်ဆုံးကျောင်းသားမှာ အရည်အချင်းမပြည့်မီဟုထင်နေရ။ ဆရာ၊ ဆရာမများ စာသင်ကြားရမည့်အချိန် ကျောင်းသင်ကြားရမည့် နေရာတွင်မရှိဘဲအခြားအလုပ် လုပ်နေသည်လည်းရှိနေခဲ့။ ပရဟိတကျောင်းမှ ကိုယ်တော်များကျေးရွာအထိ လာရောက်ခေါ်ယူမှုရှိ။ ဒေသခံမှလဲ ဝမ်းသာအားရကြိုဆို။ ဆရာ၊ ဆရာမများကျောင်းသားမိဘများနှင့် ပူးပေါင်းမှုအားနည်း။ ကျောင်းသားများမှာဆရာ၊ ဆရာမများသင်ကြားပေးမှုနှင့် အတန်းတင်ပညာရေးစနစ်ကြောင့် အတန်းကြီးလာသော်လည်း အလီတောင်ကောင်းကောင်းမရခဲ့။

**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ဆန်မြို့နယ်၊**
**ညောင်ပင်သာကျေးရွာ အုပ်စုလိုက်မေးမြန်းခြင်းမှ**
**ကောက်နုတ်ချက်များ**

တချို့ဆရာတွေကျတော့လည်း အရင်လိုပဲ သင်နေကြတာပါ။ စာတွေတော့ပြောင်းသွားတယ်။ ကောင်းပါတယ်။ နိုင်ငံတော်ကပြောင်းဖို့လိုအပ်လို့ ပြောင်းတယ်လို့ပဲထင်ပါတယ်။ အတန်းတင်ပေးတာကတော့ သိပ်မကောင်းပါ။ ကလေးတွေ စာစိတ်ဝင်စားမှုကို နှောင့်နှေးစေတယ်လေ အချိန်တန်ရင် အတန်းကအောင်မှာပဲဆိုပြီး တော့လေ။ ကျောင်းဆောင်အသစ်တွေ တိုးတက်လာပါတယ်။ မိဘတွေကတော့ ပညာကိုတန်ဖိုးထားတယ် ပြောရမှာပေါ့။ ကျောင်းသားတွေလည်း စိတ်ဝင်စားတဲ့လူနဲ့ စိတ်မဝင်စားတဲ့လူကတော့ နှစ်ခုလုံးရှိပါတယ်။ ကျောင်းနေစရိတ်က တစ်နှစ်ကို မူလတန်း တောင် ရှစ်သောင်းလောက်ကုန်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့ အမှတ် (၄) ရပ်ကွက်မှ**
**ဝန်ထမ်းတစ်ဦး၏ ဖြေကြားချက်**

မူဝါဒအပြောင်းအလဲနှင့်ပတ်သက်ပြီး ပညာရေးပိုင်း ပြောင်းလဲလာတာကတော့ သင်ရိုးညွှန်းတမ်းဆွဲပြီး ကလေးတွေကိုသင်ပေးတယ်။ သင်ရိုးညွှန်းတမ်း ပြောင်းခါစက သိပ်မထိရောက်ဘူးထင်ခဲ့တယ်။ ခုပြောင်းလာတာ သုံးနှစ်ရှိပြီ။ ပထမဆုံး KG မှာ တတ်တယ်။ ကလေးကို အရမ်းခက်ခဲတဲ့ ဉာဏ်မမီနိုင်တာတွေမသင်ရဘူး။ ကိုယ်တွေငယ်ငယ်က သူငယ်တန်းဆို စာရေးစာဖတ် တန်းလုပ်ရတယ်။ ခုကမလုပ်ရတော့ဘူး။ အသက်ကိုမေးတာနဲ့ အတန်းသိရမယ်။ ကလေးတွေစူးစမ်းမှုရှိမယ်။ ခုသုံးနေတာတော့ကလေးတွေကိုကဗျာသင်ရင်းစာသင်ပေးတဲ့စနစ်ကျင့်နေတယ်။ G1တုန်းကတော့သင်တန်းမတက်လိုက်ရဘူး။ G2 တက်ရတော့ စနစ်သစ်တွေက စိတ်ဝင်စားဖို့ကောင်းတယ်။ ကလေးတွေကို အမှန်တစ်ကယ်စစ်မှန်တဲ့ သင်ကြားမှုနဲ့သင်တယ်။ ကလေးဆီက မထင်မှတ်တဲ့အသံကြားရတယ်။ ခုပညာရေးစနစ်ကို စိတ်အားထက်သန်လာတယ်။

**မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ မဒဲကျေးရွာမှ**
**မူလတန်းပြဆရာမတစ်ဦး၏ ပြောကြားချက်**

လက်ရှိနေထိုင်တဲ့အချိန်ထိတော့ ဒေသခံဆရာ၊ ဆရာမတွေ အသုံးပြုတဲ့အတွက် မူလတန်းအဆင့်မှာတော့ ကောင်းမွန်ပါတယ်။ ထူးခြားမှုအနေနဲ့တော့ ဒေသခံဘာသာစကားကိုလည်း တစ်ချို့ကျောင်းတွေမှာထည့်သွင်း သင်ကြားနေတာတွေရှိပါတယ်။ အလယ်တန်း၊ အထက်တန်းပိုင်းမှာတော့ ဆရာ/ဆရာမ မလုံလောက်မှုတွေရှိနေပါတယ်။ အထက်တန်းဆိုရင်တော့ ကျူရှင်တွေကို အားကိုးနေရတဲ့အခြေအနေမှာရှိပါတယ်။ သင်ရိုးညွှန်းတမ်းပြောင်းလဲသွားတာနဲ့ ပတ်သက်ပြီးတော့ ကောင်းပါတယ်၊ အဲဒီသင်ရိုးညွှန်းတမ်းအတိုင်း ဆရာ/ဆရာမတွေ သင်နိုင်မလားဆိုတာတော့ စောင့်ကြည့်ဖို့လိုမယ်လို့ထင်မြင်မိပါတယ်။ အတန်းတင်ပေးတာ၊ ကုစားပေးတဲ့စနစ်တော့ မကြိုက်ဘူး။ အရည်အချင်းမပြည့်မီပဲ တင်ပေးမယ်ဆိုရင် သူ့အတွက်မနိုင်ဝန်ထမ်းရသလို ဖြစ်နိုင်တယ် ။ အဆိုးဆုံးတော့ စာမလိုက်နိုင်လို့ ကျောင်းမနေချင်တော့သည့်အခြေအနေထိဖြစ်သွားနိုင်တယ်၊ တစ်ခုတော့ထင်မြင်မိတယ် ကျောင်းသားတစ်ယောက်ကို တစ်ကြိမ်ပဲ အတန်းတင်၊ ကုစားခွင့်ပြုတဲ့စနစ်ဆိုရင်တော့ ထားသင့်တယ်လို့ ထင်မြင်မိတယ်။ ဆရာ/ဆရာမရဲ့ လာဘ်ပေးလာဘ်ယူမှုအပိုင်းမှာ ကျောင်းသားနဲ့တော့ မကြားဘူးသေးပါ၊ ရာထူးတိုး၏ပြောင်းရွှေ့ကိစ္စနဲ့ အပိုင်းမှာတော့ ရှိနေတဲ့အနေအထားမှာ ကြားနေရပါတယ်။ သင်ထောက်ကူပစ္စည်းတွေ အနည်းငယ်ကောင်းမွန်းလာတာတော့ ရှိပါတယ်။ အခမဲ့ပညာရေးစနစ်ကတော့အပြည့်အဝမဟုတ်သေးဘူး၊ ကျောင်းအပ်ခ မပေးရပေမဲ့တစ်ခြားအကြောင်းပြချက်တွေနဲ့ ပေးရတာတွေရှိသေးတယ်။

**ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊**
**ဝါဆောင်ကျေးရွာမှ ဝန်ထမ်းတစ်ဦး၏ ပြောကြားချက်**

စစ်ဘေးကြောင့် ပညာရေးကတော့ သတိထားပြီး ပညာသင်ကြားနေရပါတယ်။ လွတ်လပ်စွာ မသင်ကြားရဘူး။ ကြောက်ကြောက်ရွံ့ရွံ့နဲ့ သင်ကြားနေရပါတယ်။ ပညာရေးစနစ်မှာ လွန်ခဲ့တဲ့နှစ်တွေနဲ့စာရင် ကောင်းလာတယ်။ အချိန်ပြည့် သင်ကြားပါတယ်။ ကောင်းပါတယ်။ သင်ရိုးညွှန်းတမ်းပြောင်းလဲမှုတွေရှိလာတော့ ကောင်းလာတယ်၊ သင်ရိုးညွှန်းတမ်းအသစ် ဆိုတော့ ကလေးတွေ ဗဟုသုတအသိပညာတိုးလာတယ်ပေါ့။ ကလေးတွေအတန်းတင်ပေးသည့်စနစ်ကတော့ မကောင်းပါဘူး။ အငယ်တန်းတွေတုန်းက အတန်းတင်ပေးတာ ဘာမှအကြောင်းမဟုတ်သေးပါဘူး။ အတန်းကြီးလာရင်တော့ အငယ်တန်းတုန်းက စာမညက်ခဲ့တဲ့အတွက် အလွန်ဒုက္ခရောက်ပါတယ်။ (၁၀) တန်းအောင်ရန် ခက်ခဲလာပါလိမ့်မယ်။ ကုစားပေးသည့်စနစ်ကတော့ ကောင်းလည်းကောင်းတယ်။ မကောင်းလည်းမကောင်းဘူး။ တစ်ချို့ကလေးကတော့ စာကျက်လျက်နဲ့ မှတ်ဉာဏ်မကောင်းလို့ စာမေးပွဲကျကြတယ်။ သူတို့လေးတွေအတွက်တော့ ကောင်းပါတယ်။ တစ်ချို့ကလေးတွေကြတော့ စာတော်လျက်နဲ့ စာမေးပွဲကျလည်း ကုစားဖြေလိုက်ရင်အောင်သွားမှာပါဆိုတဲ့စိတ်နဲ့ စာမကျက်ကြတော့ပါဘူး။ ဆရာ/ ဆရာမများ၏ လာဘ်ပေးလာဘ်ယူမှုကြောင့် ပိုက်ဆံရှိ သားသမီးတွေကတော့ အောင်သွားပြီး အဆင်ပြေသွားပြီး ပိုက်ဆံမရှိတဲ့ သားသမီးတွေအတွက်ကတော့ အဆင်မပြေလာကြတော့ဘူး။ (၁၀) နှစ်တာကာလအတွင်း ကျောင်းအဆောက်အဦး၊ သင်ထောက်ကူပစ္စည်းများစသည့်အရာများ တိုးတက်ကောင်းမွန်လာမှုတွေရှိပါတယ်။ ကျောင်းအဆောက်အဦးတွေ တိုးတက်တဲ့နေရာမှာ မူကြိုကစ တိုးတက်လာတော့ ကလေးတွေအတွက် အလွန်ကောင်းပါတယ်။ ဒါပေမယ့် ဒီရွာမှာ (၄) တန်းထိပဲ ရှိသေးအတွက် (၅) တန်းရောက်ရင် စက်လှေနဲ့ တစ်ဖက်ကမ်းကူးပြီး ပညာသင်ယူရပါတယ်။ အဲ့လိုသွားလာရတဲ့နေရာမှာ မိုးတွင်းဆိုရင် ကလေးတွေဟာ အလွန်ငယ်သေးတဲ့အတွက် အခက်အခဲတွေ ကြုံတွေ့ရပါတယ်။ မူလတန်းနှင့် အလယ်တန်း အခမဲ့ပညာရေးစနစ်ပေါ်လာတော့ ကျောင်းသားမိဘတွေအနေနဲ့ ဝမ်းသာပီတိတော့ဖြစ်လာမိပါတယ်။ အရင်တုန်းက ပိုက်ဆံကုန်မှ ကျောင်းနေရတယ် ပညာသင်ယူရတယ်။ အခုတော့ ပိုက်ဆံမရှိရင်လည်း ကျောင်းထားလို့ရသွားပါပြီ။

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ သဘော်အင်းအုပ်စု၊
ကျွန်းတော်ကျေးရွာမှ ဒေသခံတစ်ဦး၏ ပြောကြားချက်

### ဘဏ္ဍာရေးနှစ်အလိုက် ပညာရေးဆိုင်ရာ အသုံးစရိတ်များ

| ဘဏ္ဍာရေးနှစ် | အသုံးစရိတ် (ကျပ်သန်းပေါင်း) |
|---|---|
| ၂၀၁၁ - ၂၀၁၂ | ၃၁၀၄၀၁.၆၉၈၁ |
| ၂၀၁၂ - ၂၀၁၃ | ၇၆၄၇၉၃.၄၅ |
| ၂၀၁၃ - ၂၀၁၄ | ၉၀၉၄၅၉.၁၄၆ |
| ၂၀၁၄ - ၂၀၁၅ | ၁၁၅၈၉၁၇.၇၂၂ |
| ၂၀၁၅ - ၂၀၁၆ | ၁၄၇၀၉၉၈.၁၆၈ |
| ၂၀၁၆ - ၂၀၁၇ | ၁၅၀၁၈၅၄.၄၄၈ |
| ၂၀၁၇ - ၂၀၁၈ | ၁၇၅၆၀၄၁.၀၂၄ |
| ၂၀၁၈ - (နှစ်ဝက်) | ၈၀၁၉၇၂.၃၈၃ |
| ၂၀၁၈ - ၂၀၁၉ | ၂၁၇၅၃၈၀.၆၃ |

Ref: mmbudgets.info

### သုတေသနပြုမေးမြန်းခဲ့သူများ၏ ပြောကြားချက်များအပေါ် အခြေခံ၍ သုံးသပ်အကြံပြုချက်များ

၂၀၀၈ ခုနှစ် မှ ၂၀၁၈ ခုနှစ်ကာလများအတွင်း အဓိကအုပ်ချုပ်ရေးပိုင်းဆိုင်ရာ အပြောင်းအလဲများမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ခြင်း၊ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် အထွေထွေရွေးကောက်ပွဲများ ကျင်းပပြီး ပြည်နယ်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်ထောင်စုအဆင့်အမျိုးသားနှင့် ပြည်သူ့လွှတ်တော်များမှ ကိုယ်စားလှယ်များအား ရွေးကောက်တင်မြှောက်ခွင့်ရရှိခဲ့ခြင်း၊ ၂၀၁၂ ခုနှစ်မှစ၍ အုပ်ချုပ်ရေးမှူးရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေများပြဋ္ဌာန်းခြင်းနှင့် ပြင်ဆင်ခြင်း၊ ဧည့်စာရင်းတိုင်ရန် မလိုအပ်ခြင်းစသည်များကို ပြည်သူလူထုအနေဖြင့် သတိပြုအလေးထားမိသည်ကို ဆွေးနွေးချက်များအရ သိရှိခဲ့ရသည်။ သုတေသနပြုလုပ်ခဲ့သည့် ဒေသများအနက် စစ်မက်ပဋိပက္ခများရှိနေသေးသည့်ဒေသအချို့လည်း ပါဝင်ရာ ယင်းဒေသများတွင် နေထိုင်သူအချို့အနေဖြင့် ဧည့်စာရင်းတိုင်ကြားနေရသေးခြင်းနှင့် နယ်မြေမလုံခြုံမှုများကြောင့် အပြောင်းအလဲများကို သတိမထားမိဟု ဖြေဆိုကြသူများလည်း ရှိကြပါသည်။

ဖြေဆိုသူများ၏ ဆွေးနွေးသုံးသပ်ချက်များအရ အုပ်ချုပ်ရေးပိုင်းတွင် ၂၀၁၀ ခုနှစ်မှစ၍ အရပ်သားတစ်ပိုင်းအစိုးရတက်လာပြီး ၂၀၁၅ ခုနှစ် အမျိုးသားဒီမိုရေစီအဖွဲ့ချုပ်အစိုးရ အာဏာရလာသည့် ကာလအတွင်း အဓိကအပြောင်းအလဲတစ်ခုမှာ အုပ်ချုပ်ရေးပိုင်းမှသူများကို လွတ်လပ်စွာ ပြောဆိုဝေဖန်နိုင်ခွင့်ရှိလာခြင်းဟူသည့် အချက်ပင်ဖြစ်သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးကောက်တင်မြှောက်ခွင့်ရလာခြင်းနှင့် အုပ်ချုပ်ရေးမှူးများအနေဖြင့် ယခင်ကကဲ့သို့ အစိုးရနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကိုသာ တာဝန်ခံသည့်အလေ့အကျင့်မှ ရပ်ရွာပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေးလုပ်ကိုင်မှုများလည်း ရှိလာကြောင်း အချို့သူများက အသိအမှတ်ပြုဖြေကြားကြပါသည်။ သို့သော် အုပ်ချုပ်ရေးမှူးရွေးကောက်ရာတွင်လည်း အားနည်းချက်တစ်ခုမှာ တစ်အိမ်ထောင်စုတွင် အိမ်ထောင်ဦးစီးတစ်ဦးကသာ မဲပေးခွင့်ရနေသေးခြင်းနှင့် အချို့ရပ်ရွာဒေသများတွင် ယခင်အုပ်ချုပ်ရေးမှူးများသာ ပြန်လည်အရွေးခံရသည့်အတွက် အပြောင်းအလဲ မတွေ့ရခြင်းတို့ကိုလည်း မှတ်ချက်ပေးကြခြင်းများ ရှိသည်။

ဧည့်စာရင်းမတိုင်ရတော့သည့်ကိစ္စရပ်အပေါ် ဆွေးနွေးဝေဖန်မှုများ ရှိကြပြီး တရားဥပဒေစိုးမိုးမှု အားနည်းနေသေးသည့်အခြေအနေမျိုးနှင့် နယ်မြေအေးချမ်းမှုမရှိသည့်ဒေသများမှသူများအပြင် ပို၍စိတ်ဝင်စားဖွယ် ကောင်းသည်မှာ မြို့ပြဒေသများဖြစ်သည့် ရန်ကုန်မြို့နှင့်ပဲခူးမြို့တို့မှ ပြည်သူလူထုများက ဧည့်စာရင်းမတိုင် ရတော့ခြင်းကို သတိထား၍ ကြိုဆိုကြခြင်းပင်ဖြစ်သည်။

ခြုံ၍ပြောရလျှင် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးမှ မေးမြန်းခဲ့သူများအားလုံးနီးပါးသည် ၁၀ နှစ်ကာလမြန်မာနိုင်ငံ၏ အပြောင်းအလဲများကို အပြုသဘောဆောင်သည့်၊ ပိုမိုကောင်းမွန်လာသော အပြောင်းအလဲများအဖြစ် ရှုမြင်ကြသည်ကို တွေ့ရှိရပါသည်။ သုတေသနတွင် ပါဝင်ဆွေးနွေးခဲ့သူများအနက်အချို့မှာ မိမိတို့ရွေးကောက်တင်မြှောက်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်တို့အပေါ်တွင်အားမလို၊အားမရဖြစ်ကြသည်ကိုဆွေးနွေးရာတွင်ထည့်သွင်းပြောကြားကြပါသည်။လွှတ်တော်ကိုယ်စားလှယ်အချို့သည် အောက်ခြေတွင် ဖြစ်ပျက်နေသည်များ၊ လူထုနှင့်ထိတွေ့မှု၊ လူထုကို လေ့လာမှုပိုင်းတွင် အားနည်းသည်ဟု ဝေဖန်မှုများလည်း ရှိကြပါသည်။ ဒေသအစိုးရများအနေဖြင့် ပွင့်လင်းမြင်သာမှုရှိအောင်လုပ်ဆောင်ပေးရန် ရပ်ရွာအရေးကိစ္စများတွင်လည်း လူထု၏ပါဝင်လုပ်ဆောင်မှုကို ဖိတ်ခေါ်ရန်လိုအပ်သည်ဟု အကြံပြုကြပါသည်။

သိသာထင်ရှားသည့် နောက်ထပ်အပြောင်းအလဲတစ်ခုမှာ အခြေခံအဆောက်အအုံများနှင့် ပတ်သက်ပါသည်။ လမ်း၊ တံတားများ ပိုမိုများပြားလာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာခြင်း၊ ဖုန်း၊ အင်တာနက်အသုံးပြုမှုများ သိသိသာသာများပြားလာခြင်း၊ မော်တော်ကားနှင့် ဆိုင်ကယ်အသုံးပြုမှု များပြားလာခြင်း၊ ဆေးရုံ၊ ဆေးခန်းများ များပြားလာခြင်း၊ ကျောင်းများနှင့် သင်ထောက်ကူပစ္စည်းများ ပြောင်းလဲလာခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စက်ပစ္စည်းအသုံးပြုမှုပိုမိုများပြားလာခြင်းစသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ပြောင်းလဲတိုးတက်မှုများကို အထူးအလေးထားပြောကြားခဲ့ပါသည်။

မေးမြန်းခဲ့သည့်တိုင်းဒေသကြီး နှင့်ပြည်နယ်အချို့တွင်မူ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကျန်ရှိနေပါသေးသည်။ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်များအတွင်းရှိ အနည်းငယ်သွားလာရခက်ခဲသည့် မြစ်ကူး၊ ချောင်းဖျားဒေသများ၌ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ ရှိနေပါသေးသည်။ မကွေးတိုင်းဒေသကြီးရှိ ပွင့်ဖြူ၊ ဂန့်ဂေါနှင့် သရက်မြို့နယ်များရှိ အချို့ကျေးရွာများမှာလည်း ရွာချင်းဆက်လမ်းများမကောင်းသေးခြင်း၊ ရွာအဝင်လမ်းများ မကောင်းခြင်းနှင့် မြို့နှင့်ကူးလူးဆက်သွယ်ရသည့်လမ်းပိုင်းများ အားနည်းနေသေးခြင်းကို ထောက်ပြကြပါသည်။ ရွာအဝင်လမ်းများ မကောင်းသည့်အတွက် မီးလောင်လျှင် လွယ်ကူစွာ ဝင်ရောက်မငြိမ်းသတ်နိုင်သည်ကိုလည်း တင်ပြဆွေးနွေးခဲ့ကြပါသည်။ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်လာလျှင် ကျေးလက်ဒေသများမှ ထွက်ရှိသည့် သီးနှံများကို လွယ်ကူစွာ သယ်ယူပို့ဆောင်ပေးနိုင်သည့်အတွက် ကုန်ပစ္စည်းဈေးနှုန်းများလည်း ကျဆင်းလာနိုင်သည်ဟု ဖြေဆိုကြပါသည်။ မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသအချို့တွင် ကျေးရွာမီးများမရရှိကြသေးသည်ကို သိရှိခဲ့ကြရပြီး ကျေးရွာမီးလင်းရေးလုပ်ငန်းများကိုလည်းအထူးအလေးထားလုပ်ဆောင်ပေးရန် အစိုးရအား တိုက်တွန်း အကြံပြုထားကြပါသည်။

ပြောင်းလဲလာသည့် ခေတ်စနစ်များနှင့်အတူ ရာသီဥတုပူပြင်းလာခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရေကြီးရေလျှံခြင်းများကြောင့် စိုက်ပျိုးရန် အခက်အခဲများရှိခြင်း၊ သွင်းအားစုအတွက် ကုန်ကျငွေများပြီး သီးနှံအထွက်နှုန်းမှာ ကုန်ကျစရိတ်ကို ပြန်လည်ရရှိရန် ခက်ခဲခြင်းနှင့် ကုန်သည်ပွဲစားများ၏ ဈေးကစားမှုများကြောင့် သီးနှံဈေးနှုန်း မတည်မငြိမ်ဖြစ်ခြင်းတို့အပြင် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးခြင်းတို့သည် ၁၀ နှစ် တာကာလ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ပတ်သက်သည့် အခြေအနေများပင် ဖြစ်ပါသည်။ ကျေးလက်ဒေသများတွင် ပုံမှန်အလုပ်မရှိသည့်အပြင် အလုပ်သမားများ၏ လုပ်ခလစာမှာလည်း နည်းပါးနေပါသေးသည်။ မြင့်မားလာသည့် ကုန်ဈေးနှုန်းနှင့် ရရှိသည့်ဝင်ငွေ မညီမျှမှုများကြောင့် စားဝတ်နေရေးအတွက် စိုးရိမ်ပူပန်နေကြရသည်။

မိမိတို့နေထိုင်သည့် ဒေသများအတွင်း စီးပွားရေးအဆင်မပြေမှု၊ စိုက်ပျိုးသီးနှံအထွက်နှုန်း မကောင်းခြင်းနှင့် သီးနှံဈေးနှုန်း မတည်ငြိမ်မှု၊ အလုပ်အကိုင်အခွင့်အလမ်းအားနည်းမှုတို့ကြောင့် ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူများ များပြားလာခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် နေထိုင်ကြသူများသည် ရန်ကုန်မြို့နှင့် အခြားစီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရှိသည့် မြန်မာနိုင်ငံရှိ အခြားမြို့များနှင့် နိုင်ငံရပ်ခြားသို့သွားရောက်လုပ်ကိုင်မှုများလည်း များပြားလာခဲ့သည်။ မေးမြန်းခဲ့သည့်ဒေသများအနက် မွန်ပြည်နယ်တွင် ရာဘာခြံ၊ အခြားစိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းများတွင်

လုပ်ကိုင်ရန် လာရောက်ကြသည့် ရွှေ့ပြောင်းလုပ်သားများနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင်မူ ရွှေတူးရန် လာရောက်ကြသူများလည်းရှိကြသည်။ ကချင်ပြည်နယ် ရွှေကူမြို့နယ်ကမူ အခြားဒေသသို့သွားရောက် အလုပ်လုပ်ကိုင်သူများမှာ ကချင်ပြည်နယ်ဖားကန့်မော်တွင် ကျောက်တူးလုပ်ငန်းလုပ်ကိုင်ကြသူများနှင့် တရုတ်ပြည်တွင် ငှက်ပျောစိုက်ရန်သွားသူအချို့ရှိသည်ဟု ဖြေဆိုကြသည်။ အခြားဒေသများမှ လာရောက်အလုပ်လုပ်ကြသည့် ရွှေ့ပြောင်းလုပ်သားများလည်း များပြားလာသည်ဟု ဖြေဆိုကြသည်။ ရွှေ့ပြောင်းလုပ်သားများထံမှ ပြန်လည်ပေးပို့သည့် ငွေကြေးများကို မှီခိုနေထိုင်လျက် စားဝတ်နေရေး အခြေအနေ ပြေလည်နေရသည်ဟု မကွေးတိုင်းဒေသကြီးရှိ မေးမြန်းခဲ့သည့်မြို့နယ်များမှ ဖြေဆိုကြသူများက ပြောကြားကြသည်။

ရန်ကုန်မြို့တွင်နေထိုင်ကြသူများအနေဖြင့်လည်း စက်သုံးဆီဈေးနှုန်းမြင့်တက်လာခြင်း၊ ကုန်ဈေးနှုန်းများ မြင့်မားခြင်း၊ ဝင်ငွေ၊ ထွက်ငွေမမျှတခြင်းတို့ကြောင့် စီးပွားရေးကြပ်တည်းနေသူများ များပြားလာသည်ဟု ပြောဆိုကြသည်။ လက်ရှိအခြေအနေတွင် စီးပွားရေးအကြပ်အတည်းများရှိနေကြပြီး လူမှုရေးလုပ်ငန်းတွင်လည်း လှူဒါန်းနိုင်မှုနည်းလာသည်ဟု ရှုမြင်သူအချို့လည်းရှိကြသည်။ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်၍ အခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ (စက်ရုံ၊ အလုပ်ရုံများ) ပေါ်ပေါက်လာပါက ရပ်ကွက်/ကျေးရွာ အုပ်စုအတွင်းရှိဘွဲ့ရများနှင့် အလုပ်သမားများအတွက် လိုအပ်သော အလုပ်များ ရနိုင်ကြောင်း အကြံပြုကြသည်။ ယခုခေတ်တွင် စီးပွားရေးနှင့်ပတ်သက်၍ အိမ်ထောင်တစ်စုတွင် အလုပ်လုပ်နိုင်သော လူတစ်ဦးချင်းသည် ဝင်ငွေရှိနိုင်မှသာ စီးပွားရေးပြေလည်မည့် အနေအထားတွင်ရှိနေပါသည်။ ဝင်ငွေရရှိနိုင်ရန်အတွက်လည်း ကျန်ဒေသနှင့် ဆက်စပ်သည့် အလုပ်အကိုင်များဖြစ်ပေါ်လာပါက အလုပ်အကိုင်များရှိလာပြီး ဝင်ငွေများတစ်ဦးချင်းစီရရှိလာ၍ စီးပွားရေးပြေလည်နိုင်ပါသည်။ ဘွဲ့ရများနှင့် ပတ်သက်၍လည်း အစိုးရဌာနရုံးများနှင့် ပုဂ္ဂလိကကုမ္ပဏီများ၊ စက်ရုံများ၊ အလုပ်ရုံများတွင် သူ့အရည်အချင်းနှင့်သူ ဝင်ရောက်လုပ်ကိုင်နိုင်ရန်အတွက် ဖန်တီးပေးနိုင်ရန်အတွက်လည်း လိုအပ်ပါသည်။

စိုက်ပျိုးရေးဈေးကွက်ရရှိရေးနှင့် ဈေးနှုန်းတည်ငြိမ်မှုရှိရေးကို ကောင်းမွန်စွာ လုပ်ဆောင်ပေးနိုင်မည်ဆိုပါက ကျေးလက်နေ စိုက်ပျိုးရေးလုပ်ကိုင်သူ ပြည်သူများ၏ စားဝတ်နေရေးအတွက် ချောင်လည်စေနိုင်မည် ဖြစ်သည်။ ယင်းသို့လုပ်ဆောင်ပါက ကျေးလက်နေ ပြည်သူလူထုများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး လူထု၏ယုံကြည်မှုလည်း ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။ မြန်မာငွေတန်ဖိုးကျလာခြင်း၊ ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ပေးရန်နှင့် ဒေါ်လာငွေလဲလှယ်နှုန်းအတက်/အကျကိုလည်း ထိန်းညှိပေးရန် လိုအပ်သည်ဟု ထောက်ပြသူများလည်း ရှိသည်။ လူထုရဲ့တောင်းဆိုချက်ကို ဦးစားပေးလုပ်ဆောင်သင့်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအားလည်း ဖူလုံသည့် ငွေကြေးလစာများပေးသင့်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ အဂတိလိုက်စားမှုများကိုလည်း ကိုင်တွယ်သင့်ကြောင်းလည်း အကြံပြုကြပါသည်။

ဖြေဆိုခဲ့သူများအနေဖြင့် အထူးအလေးထားပြောကြားသည့်ကဏ္ဍတစ်ခုမှာ ပညာရေးအပြောင်းအလဲပင်ဖြစ်သည်။ အထက်မှ အပြောင်းအလဲများရှိသည်ဟု ကြားနေရသော်လည်း လက်တွေ့အပြောင်းအလဲများကို အားမရနေသူများလည်း ရှိနေသေးသည်။ မိဘများအနေဖြင့်လည်း ပညာရေး၏သဘောတရားကို နားလည်မှု ပိုင်းအားနည်းနေသေးသည်ကို တွေ့ရှိရသည်။ သူငယ်တန်းကလေးများကို စနစ်သစ်ပညာရေးစနစ်တွင် ကဗျာရွတ်ခြင်း၊ ပုံပြင်နားထောင်ခြင်းများကို ကလေးများကပြုမူရုံမျှသာ ဖြစ်သော်လည်း မိဘများက ကျူရှင်ထားနေကြသေးသည်။ အတန်းတင်ပေးသည့်စနစ်ကိုလည်း ပညာရေးစနစ်တွင် ဆရာများ၏ အရေအတွက်ရော၊ အရည်အချင်းပါ အားနည်းနေသေးသည့် မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံမျိုးအတွက် ကျောင်းသားများ၏ စာတတ်မြောက်မှုအခြေအနေမှာ မေးခွန်းထုတ်စရာများစွာရှိနေသေးသည်ဟု ရှုမြင်ကြသည်။ မေးမြန်းခဲ့သူများအနက် အချို့က ကျောင်းစစ်ဆေးရေးဝင်ရန် အကြံပြုကြသည်။ ကျောင်းစစ်ဆေးရေးဟု ဆိုရာတွင်လည်း ယခင်ကကဲ့သို့ပင် ကျောင်းလာ၍ ကန်တော့ခံ၊ ထမင်းစား၊ ကန်တော့သည့် စာအိတ်များယူပြီး ပြန်ကြခြင်းမျိုး မဟုတ်ဘဲ စည်းမျဉ်းစည်းကမ်းများနှင့် တိတိကျကျ ဥပဒေနှင့်အညီ အရေးယူလုပ်ဆောင်မည့် စစ်ဆေးရေးမျိုး၊ ကျူရှင်သင်သည့် ဆရာ၊ဆရာမများကို အရေးယူကိုင်တွယ်ခြင်းမျိုးနှင့်

နိုင်ငံတော်အနေဖြင့်လည်း ကျောင်းဆရာ၊ ဆရာမများအား လုံလောက်သည့် လစာမျိုးပေးခြင်းကို ဆိုလိုသည်ဟု ဆွေးနွေးအကြံပြုချက်များလည်း ပါဝင်ပါသည်။

ကျန်းမာရေးပြုစုစောင့်ရှောက်မှုအပိုင်းတွင်မူ အစိုးရအနေဖြင့် ဆေးရုံ၊ဆေးခန်းများ ပို၍ဆောက်လုပ်ပေးလာခြင်း၊ အခမဲ့ဆေးကုသပေးမှုများ၊ ကျန်းမာရေးဝန်ထမ်းများပိုမိုများပြားလာခြင်း၊ ကျန်းမာရေးအသိပညာဗဟုသုတများ ပို့ချသင်ကြားပေးခြင်းတို့ ပိုမိုလုပ်ကိုင်လာသည်ကိုလည်း ပြောကြားကြသည်။ ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ကိုင်ပေးသည့် NGOများ၊ အသင်းအဖွဲ့များ၊ အရေးပေါ်လူနာတင်ယာဉ်များရှိလာခြင်းတို့ကြောင့် အသက်ဆုံးရှုံးရသည့်အခြေအနေမျိုးများ နည်းပါးလာပါသည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည့်အတွက် လိုအပ်ပါက ဆရာဝန်များရှိသည့်မြို့ပေါ်သို့သွားရောက်လာနိုင်ကြသည်။ သို့ရာတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် ဓါတ်မြေသြဇာများ၊ ပိုးသတ်ဆေးအသုံးပြုမှုများပြားလာခြင်းကြောင့် စိုက်ပျိုးသီးနှံများ၏ ဘေးကင်းလုံခြုံမှုကို မေးခွန်းထုတ်လာမှုများလည်း ရှိကြပါသည်။ သောက်သုံးသည့်ရေ၊ စားသုံးသည့် အစားအစာများ ဘေးကင်းမှုရှိ၊မရှိကို အစိုးရအနေဖြင့် သေချာစွာ ကြပ်မတ်စစ်ဆေးသင့်သည်ဟု အကြံပြုကြပါသည်။

## နိဂုံး

နိဂုံးချုပ်အားဖြင့် ၂၀၀၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်ကာလအတွင်းတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးအခြေအနေများတွင် တိုးတက်ပြောင်းလဲမှုများ ရှိလာခဲ့သည်။ နိုင်ငံရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးသော ပြည်သူလူထုမှရွေးကောက်တင်မြှောက်သည့် အစိုးရတစ်ရပ်အုပ်ချုပ်သည့်စနစ်တစ်ခုကို စတင်လာနိုင်ခဲ့ပြီဖြစ်သည်။ ရပ်/ကျေးအဆင့်တွင်လည်း ပြည်သူလူထုမှ ရွေးကောက်တင်မြှောက်သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကျေးရွာ၊ ရပ်ကွက်များ၏ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝကို ဦးဆောင်ပုံဖော်လုပ်ကိုင်ဆောင်ရွက်ခွင့် ရလာခဲ့ပြီဖြစ်သည်။ ခေတ်စနစ်နှင့် မလျော်ညီတော့သည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ပြည်သူလူထု၏သဘောထားဆန္ဒများ ရယူ၍ ပြင်ဆင်လုပ်ဆောင်ပေးခြင်း၊ ပြည်သူလူထု၏လိုအပ်ချက်များကို အလေးထားနားထောင်ပေးခြင်းနှင့် အစိုးရ၏ပကတိအခြေအနေများ၊ အခက်အခဲများကို ပြည်သူများကလည်း နားလည်သဘောပေါက်ပြီး ကူညီဖြေရှင်းလုပ်ဆောင်ပေးခြင်းအားဖြင့် ပြည်သူ့အစိုးရတစ်ရပ်အနေဖြင့် ပြည်သူများ၏ထောက်ခံမှုများ ပိုမိုရရှိလာမည်မှာ မလွဲမသွေပင်ဖြစ်ပါသည်။

တရားဥပဒေစိုးမိုးမှု အားနည်းနေသေးခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခများ၊ ဒေသတွင်းပဋိပက္ခများကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုအပေါ် စိုးရိမ်ပူပန်နေသေးသည့် ပြည်သူလူထုများသည် မိမိတို့အိမ်သို့ ဧည့်သည်လာတိုင်း ဧည့်စာရင်းတိုင်ကြားရသည့်ဒုက္ခ၊ ညသန်းခေါင်ဧည့်စာရင်းစစ်ခံရခြင်းဒုက္ခတို့မှ ကင်းလွတ်သွားသည့် ဧည့်စာရင်းတိုင်ရန် မလိုအပ်တော့ခြင်းအပေါ် စိတ်လက်ပေါ့ပါးစွာ ကြိုဆိုနိုင်ခြင်းမရှိကြသေးချေ။ ရာဇဝတ်မှုများများပြားလာသည့် မြို့ပြနေပြည်သူလူထုအနေဖြင့်လည်း ဧည့်စာရင်းသည် ရပ်ရွာတည်ငြိမ် အေးချမ်းရေးအတွက် လိုအပ်ချက်ဟု ထင်မြင်နေကြဆဲဖြစ်သည်။

ပြည်သူလူထုတစ်ရပ်လုံး၏ အခြေခံလိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေးပံ့ပိုးမှုအခြေအနေများ ယခင်ထက်ကောင်းမွန်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာခြင်းတို့ကိုလည်း ၁၀ နှစ်တာကာလအတွင်း အဓိကအပြောင်းအလဲများအဖြစ် ရှုမြင်ကြသည်။ အသိပညာပေးရေး၊ သတင်းအချက်အလက်များရရှိရေးအတွက် အရေးပါလှသည့် ဆက်သွယ်ရေးအထောက်အကူပြု မိုဘိုင်းဖုန်းများကို ကျေးလက် နေပြည်သူလူထုများအထိ အသုံးပြုလာ နိုင်ခြင်းက ကျန်းမာရေး၊လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အသိပညာ ဗဟုသုတများ၊ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို လွယ်ကူစွာ ရရှိလာနိုင်ပြီဖြစ်သည်။ အစိုးရအနေဖြင့်လည်း ပြည်သူလူထုအား အသိပညာပေးသည့်လုပ်ငန်းများတွင် မိုဘိုင်းဖုန်းများ၊ ဆိုရှယ်မီဒီယာများကို အသုံးပြု၍ ထိရောက်စွာလုပ်ဆောင်လာနိုင်မည်ဖြစ်သည်။

ပညာရေးစနစ်၏ အပြောင်းအလဲများတွင် အခြေအနေနှင့် ကိုက်ညီပြီး လိုအပ်ချက်များကို နားလည်သဘောပေါက်ရန် လိုအပ်နေသေးသည်ဟု သုတေသနအချက်အလက်များက ဖေါ်ပြလျှက်ရှိသည်။ ကျောင်းသူ၊ ကျောင်းသားများ၏ စာတတ်မြောက်ရေးအပိုင်းတွင် ဆရာ၊ ဆရာမများ၏ အရည်အသွေးသာမက မိဘများ၏ ပူးပေါင်းပါဝင်မှုမှာလည်း အရေးပါလှသည့်အတွက် မိဘများအနေဖြင့် ပညာရေးစနစ်အပြောင်းအလဲများကို နားလည်သဘောပေါက်ရန်လည်း လိုအပ်ပါသည်။ ပညာသင်ကြားရေးစနစ်တွင် သင်၊ထောက်ကူပစ္စည်းများ၊ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားပုံနည်းစနစ်များမှာလည်း အထူးအရေးကြီးလှပါသည်။ တိုင်းရင်းသားဒေသများတွင် တိုင်းရင်းသားဘာသာစကားသင်ကြားမှုကို စတင်သင်ကြားလာခြင်းကိုလည်း ကြိုဆိုလက်ခံကြသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ပညာရေးတွင် တိုင်းရင်းသားဘာသာစကား သင်ကြားမှုကို အသိအမှတ်ပြုလက်ခံလာခြင်းသည် အပေါင်းလက္ခဏာ သဘောသက်ရောက်သည့် ပြောင်းလဲမှုတစ်ခုဟု မြင်မိပါသည်။

ကျန်းမာရေးအသုံးစရိတ် ယခင်ထက်ပိုမိုမြင့်မားလာပြီး ဆေးရုံ၊ဆေးခန်းများ ပို၍ဆောက်လုပ်လာခြင်း၊ ကျန်းမာရေးဝန်ထမ်းပိုမိုခန့်ထားလာခြင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း ကျန်းမာရေးပြုစု စောင့်ရှောက်မှုလုပ်ငန်းများ၊ ပညာပေးလုပ်ငန်းများကို လုပ်ကိုင်လာခြင်းတို့ကြောင့် ယခင်ထက် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ ကောင်းမွန်လာခဲ့ပြီဖြစ်သည်။ အစားအစာများနှင့် သောက်သုံးရေ၏ ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းရေးကိုမူ မေးမြန်းခဲ့သူအားလုံးက မေးခွန်းထုတ်လျက်ရှိသည်။ ကျန်းမာရေးတွင် ကာကွယ်ရေးက ကုသရေးထက် ပိုအရေးကြီးသည်ဆိုသည့်ဆိုရိုးစကားအတိုင်း အစိုးရအနေဖြင့် ပြည်သူလူထုအားလုံးအတွက် ထိရောက်စွာ ထိန်းချုပ်၊စစ်ဆေးပေးရန် အထူးပင်အရေးကြီးလှပါသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ရာသီဥတုပြောင်းလဲလာခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း၊ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများ အသုံးပြုလာခြင်းတို့အပေါ်တွင် စိုးရိမ်ပူပန်မှုများ ရှိနေကြပါသည်။ စိုက်ပျိုးသီးနှံများ ဈေးနှုန်းမတည်ငြိမ်ခြင်းနှင့် ဈေးကစားမှုများအပေါ်တွင် အစိုးရမှ ထိန်းညှိပေးရန်လည်း လိုအပ်ပါသည်။ အလုပ်အကိုင် အခွင့်အလမ်းများနှင့်ပတ်သက်၍လည်း အစိုးရမှ အလုပ်အကိုင်အသစ်များ ဖန်တီးပေးရန် လိုအပ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုနှင့် လုပ်ခနည်းပါးမှုများကြောင့် နိုင်ငံ၏ဒေသတစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းခြင်းများနှင့် နိုင်ငံရပ်ခြားသို့သွားရောက်၍ လုပ်ကိုင်ကြခြင်းများကိုလည်း တွေ့မြင်ရပါသည်။ ယင်းအတွက် အစိုးရတစ်ရပ်အနေဖြင့် ဒေသနှင့်လိုက်ဖက်သော အသေးစား စီးပွားရေးလုပ်ငန်းများကို အားပေးကူညီခြင်း၊ မြှင့်တင်ပေးခြင်းနှင့် ဖော်ဆောင်ပေးခြင်းများ ပြုလုပ်ပေးရန်လိုအပ်ပါသည်။

ဤသုတေသနမှတ်တမ်းအစီရင်ခံစာသည် နိုင်ငံရေးခေါင်းဆောင်မှုသင်တန်းသားများ နေထိုင်သည့် ရပ်ရွာဒေသများတွင် သိသာထင်ရှားသည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအပြောင်းအလဲများကို သုတေသနဘာသာရပ်အတွက် လက်တွေ့သုတေသနပြုကွင်းဆင်းမှတ်တမ်းတင်ကောက်ယူခဲ့ခြင်းသာဖြစ်သော်လည်း နိုင်ငံ၏အပြောင်းအလဲများကိုတစ်စိတ်တစ်ဒေသမြင်ရနိုင်မည်ဖြစ်ပြီး မူဝါဒပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သူများအတွက်သော်လည်းကောင်း၊ ပညာရှင်များအတွက်သော်လည်းကောင်း တစ်နည်းတစ်ဖုံ အထောက်အကူဖြစ်စေနိုင်မည့် စာတမ်းတစ်စောင်ဖြစ်နိုင်မည်ဟု မျှော်လင့်မိပါသည်။

# နောက်ဆက်တွဲ

**ဒေသအတွင်းရှိ အပြောင်းအလဲအခြေအနေများကို လေ့လာမှတ်တမ်းတင်ခြင်း**

ရည်ညွှန်းဒေသ - ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ လယ်ကြားရွာ

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် ယခင်နှင့်နှိုင်းယှဉ်လျှင် ပိုမိုကောင်းမွန်လာပါသည်။ ကုန်စည်စီးဆင်းမှုလည်း ကောင်းမွန်လာသော်လည်း ကုန်ဈေးနှုန်းမြင့်တက်မှုရှိသည်ကို တွေ့ရပါသည်။ လျှပ်စစ်မီးတွင်လည်း ရွာအများစု မရရှိသေး သော်လည်းကားလမ်းနှင့်ပိုနီးသောကျေးရွာအများစုတွင်ကိုယ့်အားကိုယ်ကိုးဖြင့်လည်းကောင်း၊အစိုးရမှတစ်ဝက်ဖြင့်လည်းကောင်း၊ နိုင်ငံတကာအကူအညီဖြင့်လည်းကောင်း ရရှိလာကြပါသည်။ သို့ရာတွင် လျှပ်စစ်မီးကို အခြေခံသော အိမ်တွင်းအသေးစားစီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်လာနိုင်ခြင်းမရှိသေးချေ။

ရေရရှိရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာအကူအညီများ ရရှိလာပါသည်။ စိုက်ပျိုးရေးနှင့်ပတ်သက်၍ အာလူးစိုက်ပျိုးခြင်း ကို သုံးသီးအထိစိုက်ပျိုးလာနိုင်သည်။ အာလူးဆေးဖျန်းစက်များကိုလည်း တွင်ကျယ်စွာအသုံးပြုလာနိုင်ပြီး ရေဖျန်းသည့်စနစ်မှာ လည်း ရေပန်းစနစ်ဖြင့် အသုံးပြုလာနိုင်ခဲ့သည်။ သီးနှံသယ်ယူပို့ဆောင်ရေးတွင်လည်း မိမိကိုယ်ပိုင်ကားများဖြင့် သယ်ယူပို့ဆောင် နိုင်လာပါသည်။ ကျန်းမာရေးအခန်းကဏ္ဍတွင် များစွာပြောင်းလဲလာခြင်းမရှိပါ။ နီးစပ်ရာမြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနိုင်သော်လည်း ဆေးရုံဝန်ထမ်းများ၏ ဆက်ဆံရေးမပြေပြစ်မှုများကြောင့် ပြည်သူများ အားမကိုးကြသည်ကို တွေ့ရပါသည်။ လူမှုရေးအခန်းကဏ္ဍတွင်လည်း ရပ်ရွာလူငယ်များကိုအခြေခံ၍ ဖွဲ့စည်းထားသော ပရဟိတအသင်းလည်း ရှိလာပါသည်။

ပညာရေးတွင် ကျေးရွာကျောင်းသာရှိပြီး နောက်ပိုင်းတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိလာပါသည်။ ပုဂ္ဂလိက ကျောင်းမရှိသေးပါ။ ကျောင်းနေသည့် ကလေးအရေအတွက်များလာသော်လည်း ကျေးရွာကျောင်းများတွင် တက်ရောက်ခြင်းမရှိပဲ မြို့ကျောင်းများသို့သာ ပို့ဆောင်တက်ရောက်စေပါသည်။ ဆရာ/ဆရာမများ၏ အရေအတွက်များလာသော်လည်း အရည်အချင်း မပြည့်မီသည်ကိုတွေ့ရပါသည်။

အလုပ်အကိုင်အခွင့်အလမ်း များလာသော်လည်း လုံလောက်သော လစာများမရခြင်းကြောင့် နိုင်ငံရပ်ခြားသို့သွားပြီး အလုပ်လုပ်ကိုင် လာကြသည်ကိုတွေ့ရပါသည်။ စီးပွားရေးနှင့်ပတ်သက်၍ လက်ဖက်၊ အာလူး၊ ရွှေပဲသီးစသည်တို့ကို လုပ်ကိုင်ကြသော်လည်း သီးနှံပေါ်ချိန်တွင် ဈေးနှုန်းကျဆင်းခြင်းကြောင့် အဆင်မပြေပါ။ ဆင်းရဲချမ်းသာကွာဟမှု သိပ်မကွာသော်လည်း ချမ်းသာသောသူ အနည်းအကျဉ်းသာ ရှိကြပါသည်။ အလယ်အလတ်နှင့် ဆင်းရဲသားများ ပိုမိုများပြားလာသည်ကို တွေ့ရပါသည်။ ယခင်က စီးပွားရေး အခြေအနေကောင်းခြင်းကြောင့် ပြည်တွင်း၊ ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်သူမရှိသော်လည်း ယခုအခါတွင် ပြည်တွင်းရှိ အခြားဒေသများနှင့် ထိုင်းနိုင်ငံများသို့ သွားရောက်သူများရှိလာကြပါသည်။ ရွှေ့ပြောင်းလုပ်သားများနှင့် ကြုံရာကျပန်းလုပ်ကိုင်ကြပြီး မိသားစုအခြေအနေမှာ အဆင်ပြေသူများရှိသကဲ့သို့ အဆင်မပြေသူများလည်း ရှိနေပါသေးသည်။

စိုက်ပျိုးရေးအခန်းကဏ္ဍတွင် ယခင်ကတစ်သီးသာ စိုက်နိုင်သော်လည်း ယခုအခါတွင် သုံးသီးထိစိုက်လာ နိုင်ကြပါသည်။ စိုက်ပျိုးရေးနည်းလမ်းများ၊ မျိုးစေ့များ၊ စက်ယန္တရားများ၊ ဓာတ်မြေသြဇာများလည်း ပိုမိုစနစ်ကျလာသည်ကိုတွေ့ရပါသည်။ သို့သော်လည်း ဓာတ်မြေသြဇာများ အလွန်အကျွံအသုံးပြုလာခြင်းကြောင့် ဈေးကွက်အတွက် စံချိန်မမီသော သီးနှံများသာရရှိလာပြီး စံချိန်မမီသော ဈေးနှုန်းများသာရရှိလာပါသည်။ အခြားတစ်ဖက်တွင် စက်ပစ္စည်းများကိုသာ အသုံးပြုခြင်းကြောင့် လုပ်သားအင်အားကို လျော့ချလာနိုင်သော်လည်း စက်ပစ္စည်း ဝယ်နိုင်သောသူများသာ ချမ်းသာသထက်ချမ်းသာလာကြပြီး စက်ပစ္စည်းမဝယ်ယူနိုင်သော ဆင်းရဲသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းလျော့နည်းလာပါသည်။

အစားအသောက်နှင့်ပတ်သက်၍ များစွာပြောင်းလဲလာခြင်းကို မတွေ့ရပေ။ ရိုးရာအစားအစာများကိုသာ စားသောက်နေကြဆဲဖြစ်သည်။ ယခုအခါ "အစာအာဟာရဖွံ့ဖြိုးတိုးတက်မှု (Nutririon)"နှင့် ပတ်သက်၍ သင်တန်းများပေးလာခြင်းကြောင့် အစားအသောက်များ စားသုံးရာတွင် ယခင်ကထက် ပိုမိုစည်းစနစ်ကျလာသည်ကို တွေ့ရပါသည်။ အစားအသောက်စရိတ်လည်း ပိုမိုများပြားလာပါသည်။



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ ကျောက်တလုံးကြီးမြို့နယ် ဖြူငယ်ကျေးရွာလယ်ကွင်း



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ ကျောက်တလုံးကြီးမြို့နယ်၊ ကက္ကူဈေး

ရည်ညွှန်းဒေသ - ကချင်ပြည်နယ် ၊ရွှေကူမြို့ ကျွန်းတော်ကျေးရွာ

(၁၀)နှစ်တာ ကာလအတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုကြောင့် ကူးသန်းရောင်းဝယ်ရေးများတွင် ပိုမိုကောင်းမွန်လာပါတယ်။ စာသင်ကျောင်းများ တိုးတက်လာပါသည်။ ကျေးလက်ဒေသများတွင် ဆေးရုံနှင့် ဆေးခန်းများရှိသော်လည်း ဆရာ၊ ဆရာမများချထားပေးနိုင်ခြင်း နည်းပါးသေးသည်။ ကျေးလက်ဒေသများတွင် လျှပ်စစ်မီးမရရှိသေးဘဲ၊ ယခု အချို့ကျေးလက်များ၌ လျှပ်စစ်မီးရရှိရန် ပြင်ဆင်နေဆဲဖြစ်ပါသည်။

ပညာရေးမူဝါဒမှာတော့ တဖြည်းဖြည်းချင်း ပြောင်းလဲလာပြီး မူလတန်းနှင့် အလယ်တန်းအဆင့်ကို ဒေသတွင်း၌ အခမဲ့ ပညာရေးစနစ်အဖြစ် ကျင့်သုံးလာနိုင်ပါသည်။ ကျန်းမာရေးကဏ္ဍတွင်လည်း (၂၀၁၅)နောက်ပိုင်းမှစ၍ ကိုယ်ဝန်ဆောင်အမျိုးသမီး၊ (၂) နှစ်အောက်ကလေး၊ သက်ကြီးဘိုးဘွားများကို ထောက်ပံ့ကြေးပေးခြင်းများသည် သိသာထင်ရှားလာသော အပြောင်းအလဲများဖြစ်ပါသည်။ အချို့စစ်ဘေးစစ်ဒဏ်ခံရသောနေရာများတွင် စစ်ဘေးစစ်ဒဏ်ခံရသော ပြည်သူများလည်း ရှိနေသေးသဖြင့် ပညာရေးနှင့် ကျန်းမာရေးပြောင်းလဲမှုများကို အပြည့်အဝမခံစားရသေးချေ။

လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာခြင်းနှင့် လျှပ်စစ်မီးရရှိမှုမှာ ရှေးယခင်ကထက် ပိုမိုများပြားလာသော်လည်း အလုပ်အကိုင်အခွင့်အလမ်းများမှာ သိသာစွာပြောင်းလဲမှုမရှိသေးချေ။ အရောင်းအဝယ်လုပ်ငန်းများနှင့် မိရိုးဖလာ လုပ်ငန်းများကိုသာ အားပြုလုပ်ကိုင်နေရသေးသည်။ လျှပ်စစ်မီးရရှိလာခြင်းကြောင့် မြို့ပေါ်ပိုင်းတွင် စက်မှု၊ လက်မှုလုပ်ငန်းများနှင့်သက်ဆိုင်သော ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်းနှင့် စက်ချုပ်လုပ်ငန်းများရှိလာသည်ကို တွေ့ရပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများအတွက် ဖားကန့်၊ တနိုင်း၊ ရှမ်းပြည်နှင့် တရုတ်နိုင်ငံများသို့ သွားရောက်လုပ်ကိုင်မှုများလည်း ရှိပါသည်။

ဒေသတွင်း လူမှုရေးလုပ်ငန်းများ လုပ်ကိုင်နေကြသည့် ယဉ်ကျေးမှုအဖွဲ့အစည်းများနှင့် လူမှုရေးလုပ်ငန်းအဖွဲ့အစည်းများ ရှိကြပါသည်။ လူငယ်များကြားတွင် မူးယစ်ဆေးဝါးသုံးစွဲမှု များပြားလာပါပြီး မိဘများနှင့်ဝေးသော ဒေသများသို့ အလုပ်ထွက်လုပ်ခြင်းကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှု ပိုများလာသည်ဟု ယူဆကြပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ခိုးမှုနှင့် ခိုက်ရန်ဖြစ်ပွားမှုများ ရှိလာကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် စက်ပစ္စည်းများကို အသုံးပြုလာခြင်းကိုလည်း တွေ့ရှိရပြီး ယခင်ထက်စာလျှင် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို ပိုမိုအသုံးပြုလာကြသည်ကို တွေ့ရပါသည်။ ယင်းသို့ အသုံးပြုခြင်းများကြောင့် ဘေးထွက်ဆိုးကျိုးများကိုလည်း ခံစားရသည်ဟု ယူဆကြကြောင်း တွေ့ရှိရပါသည်။



ကချင်ပြည်နယ်၊ ရွှေကူမြို့၊ ကျွန်းတော်ကျေးရွာရှိ
အခြေခံပညာမူလတန်းကျောင်း



ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ကျွန်းတော်ကျေးရွာရှိ
ကျေးလက်ကျန်းမာရေးဆေးပေးခန်း



ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊
ကျွန်းတော်ကျေးရွာရှိ
လက်ရှိခင်းလက်စ
ကျေးရွာ ကွန်ကရစ်လမ်း

[illegible]
[illegible]
[illegible]
[illegible]
[illegible]
Website: sandhigovernanceinstitute.org